mdyoe.com

# ဒေါက်တာသန်းထွန်း

# ခေတ်ဟောင်းရာဇဝင်

# (၂)

ဒုတိယအကြိမ်

mgyoe.com

ဆရာကြီးဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းရာဇဝင်နှင့်
ခေတ်သစ်ရာဇဝင်နှစ်အုပ်ကို ၂၀၁၆ ခုနှစ်က တစ်ပေါင်းတည်း
ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ထိုစဉ်က
ခေတ်ဟောင်းရာဇဝင် အမှတ် ၂ နှင့် ခေတ်လယ်ရာဇဝင်စာအုပ်
တို့ကို ကြော်ငြာအချို့အရသာ သိရသော်လည်း
စာအုပ်ရှာမတွေ့ကြသဖြင့်
မထွက်ဖြစ်ဟု ယူဆကာ မထည့်သွင်းခဲ့ရပါ။
ယခု ခေတ်ဟောင်းရာဇဝင်အမှတ် ၂ ကို
အမှတ်မထင် ရှာဖွေတွေ့ရှိကြပါသဖြင့်
ခေတ်ဟောင်းခေတ်သစ်ရာဇဝင်စာအုပ်တွင်
ဆက်စပ်ဖတ်ရှုနိုင်ကြရန်
ဖြည့်စွက်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။
ခေတ်လယ်ရာဇဝင်ကိုလည်း ဆက်လက်ရှာဖွေနေပါသည်။

ISBN9789997110404
DTH23
9 789997 110404
3,500.00KS

mgyoe.com

ခေတ်ဟောင်းရာဇဝင်(၂)၊ ဒေါက်တာသန်းထွန်း
စာမျက်နှာ ၃၁၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၂ ရန်ကုန်တက္ကသိုလ်ထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ခေတ်ပေါ်ဟောင်းရာဇဝင်(၂)
# ဒေါက်တာသန်းထွန်း

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

ဆရာကြီးဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းရာဇဝင်နှင့်
ခေတ်သစ်ရာဇဝင်နှစ်အုပ်ကို ၂၀၁၆ ခုနှစ်က တစ်ပေါင်းတည်း
ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ထိုစဉ်က
ခေတ်ဟောင်းရာဇဝင် အမှတ် ၂ နှင့် ခေတ်လယ်ရာဇဝင် စာအုပ်တို့ကို
ကြော်ငြာအချို့အရသာ သိရသော်လည်း စာအုပ်ရှာမတွေ့ကြသဖြင့်
မထွက်ဖြစ်ဟု ယူဆကာ မထည့်သွင်းခဲ့ရပါ။
ယခု ခေတ်ဟောင်းရာဇဝင်အမှတ် ၂ ကို
အမှတ်မထင် ရှာဖွေတွေ့ရှိကြပါသဖြင့်
ခေတ်ဟောင်းခေတ်သစ်ရာဇဝင်စာအုပ်တွင် ဆက်စပ်ဖတ်ရှုနိုင်ကြရန်
ဖြည့်စွက်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။
ခေတ်လယ်ရာဇဝင်ကိုလည်း ဆက်လက်ရှာဖွေနေပါသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| အခန်း(၁) | အယ်လီဇန်ဒါ၏ အမွေခံများ | ၁ |
| အခန်း(၂) | ဟယ်လင်ခေတ် ယဉ်ကျေးမှု | ၈ |
| အခန်း(၃) | အနောက်မြေထဲပင်လယ်ကမ္ဘာနှင့်ရောမ | ၃၁ |
| အခန်း(၄) | ရောမသမ္မတနိုင်ငံနှင့် ကာသေ့ချ် | ၆၀ |
| အခန်း(၅) | အနောက်မြေထဲပင်လယ်ကမ္ဘာကို ရောမတို့ သိမ်းယူခြင်း | ၇၂ |
| အခန်း(၆) | ကမ္ဘာကိုလွှမ်းမိုးခြင်းနှင့် အရည်အသွေးယုတ်ညံ့လာခြင်း | ၈၇ |
| အခန်း(၇) | အနှစ်တစ်ရာ ဆူပူသောင်းကျန်းမှုများနှင့် သမ္မတနိုင်ငံပျက်သုဉ်းခြင်း | ၁၁၀ |
| အခန်း(၈) | ပထမနှစ်တစ်ရာငြိမ်းချမ်းရေး၊ ဩဂတ်စတပ်စ်ခေတ်နှင့် ယင်း၏အမွေခံများ | ၁၃၇ |
| အခန်း(၉) | ဒုတိယနှစ်တစ်ရာ ငြိမ်းချမ်းရေးနှင့် ခေတ်ဦး ရောမလက်နက်နိုင်ငံတော် ယဉ်ကျေးမှု | ၁၆၀ |
| အခန်း(၁၀) | အနှစ်တစ်ရာ ဆူပူသောင်းကျန်းမှုများနှင့် လက်နက်နိုင်ငံတော်ပြိုကွဲခြင်း | ၁၉၂ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| အခန်း(၁၁) | လူရိုင်းတို့ဖျက်သဖြင့် ခေတ်ဟောင်းယဉ်ကျေးမှု ပျက်စီးခြင်း | ၂၁၀ |
| အခန်း(၁၂) | ဟန်မင်းဆက်မှ တောင်ပိုင်းစုန်ဆက်အထိ တရုတ် | ၂၂၉ |
| အခန်း(၁၃) | နှစ်ရာစုဘီစီမှ ဒေလီစူလတန်ပေါ်သည့်အထိ အိန္ဒိယပြည် | ၂၇၂ |
| အခန်း(၁၄) | ခေတ်ဦးမှ ကမကုရရှောဂုန် အုပ်ချုပ်ရေးအထိ ဂျပန် | ၂၉၀ |


❐

mgyoe.com

mgyoe.com

# အခန်း (၁)
# အယ်လီဇန်ဒါ၏ အမွေခံများ

## (က) အယ်လီဇန်ဒါ၏ နိုင်ငံတော်ကို အမွေခွဲယူသူများ

### အယ်လီဇန်ဒါသေသဖြင့် ပေါ်လာသောပြဿနာများ

အယ်လီဇန်ဒါကို မဟာဘွဲ့တပ်၍ မဟာအယ်လီဇန်ဒါဟု စင်စစ်ခေါ်သင့်ခေါ်ထိုက်လှပေသည်။ တိုတောင်းလှစွာသော ဘဝတာတွင် လူသားတို့အတွက် အရေးပါလှသော ကိစ္စများစွာကို စွမ်းဆောင်ခဲ့သဖြင့် ကျေးဇူးတင်လျက် ချီးမွမ်းရချေမည်။ ယခင်က ဂရိတို့ ယဉ်ကျေးမှုအထွတ်အထိပ်သို့ ရောက်ခဲ့ခြင်းတွင် ထပ်ဆင့်၍ နိုင်ငံရေးအထွတ်အထိပ်သို့ ရောက်အောင် အယ်လီဇန်ဒါက တိုက်ခိုက်သိမ်းသွင်းခြင်း ဖြစ်ရကား ယခုမှ ဂရိတို့တွင် အဘက်ဘက်မှ ပြည့်စုံခြင်းသို့ ရောက်ပါသည်။ အယ်လီဇန်ဒါသည် ကြီးကျယ်သော အစီအစဉ်များ ရှိသေးသော်လည်း ဖြစ်မြောက်အောင်မဆောင်ရွက်ရမီ ကွယ်လွန်သဖြင့် ဟယ်လင်တို့၏စည်းလုံးညီညွတ်မှုပျက်၍ နောက်ထပ်မတိုးပွားသည့်ပြင် တဖြည်းဖြည်း ပြိုကွဲပျက်စီးရလေတော့သည်။

မက်ဆီဒိုးနီးယားတွင် အယ်လီဇန်ဒါကို အမွေဆက်ခံနိုင်မည့် အဖေတူ

mgyoe.com

mgyoe.com

အမေကွဲညီတစ်ဦးလည်းရှိ၏။ အယ်လီဇန်ဒါ၏ မိဖုရားရိုဇာနားတွင်လည်း သားတော်တစ်ဦး ထွန်းကား၏။ သို့သော် အယ်လီဇန်ဒါ၏ဗိုလ်ချုပ်ကြီးများက မဟာမျိုးအားလုံးကိုပင် ထိးမွေဆက်ခံရေးမှ ပယ်ထုတ်ပစ်ခဲ့လေသည်။

## အမွေခံသုံးဦး ခွဲဝေယူခြင်း

ဘက်ဘီလွန်နီးယားတွင် အယ်လီဇန်ဒါလွန်သော် အပါးတော်ရှိ မက်ဆီဒိုးနီးယား စစ်ဗိုလ်ချုပ်ကြီးများသည် အယ်လီဇန်ဒါ၏အနောက်ဘက်စစ်ကြောင်း အစီအစဉ်ကို သိကြသည်မှန်သော်လည်း မည်သူမျှ ဆက်လက်ဆောင်ရွက်လိုစိတ်နှင့် ဆောင်ရွက်နိုင်သည့် အရည်အချင်းမရှိကြချေ။ အချင်းချင်းသာလျှင် ဝေစုမတည့်၍ နှစ်ရှည်လများ အချင်းများလျက်ရှိကြသည်။ ကျန်ရစ်ခဲ့သော စစ်ဗိုလ်ချုပ်ကြီးများအနက် အရည်အချင်းအကောင်းဆုံးပုဂ္ဂိုလ်မှာ အန်တီဂေါနပ်စ် ဖြစ်၏။ အယ်လီဇန်ဒါ၏ လက်နက်နိုင်ငံတော်ကို မပြိုမပျက်စုစည်း၍ ထိန်းသိမ်းရန် မျှော်မှန်းခဲ့သော်လည်း အခြားဗိုလ်များ တော်လှန်သည်ကို လိုက်၍နှိမ်နင်းဆဲတွင် တိုက်ပွဲ၌ကျဆုံးခဲ့ရသည်။ ထို့ကြောင့် အယ်လီဇန်ဒါ၏နိုင်ငံတော်သည် ဥရောပတွင်တစ်စိတ်၊ အာရှတွင် တစ်စိတ် အာဖရိကတွင်တစ်စိတ်အားဖြင့် သုံးစိတ်သုံးပိုင်း ကွဲခဲ့လေသည်။ ဥရောပတွင် အန်တီဂေါနပ်စ်(၂) အုပ်ချုပ်လျက် အနောက်အာရှကို ဆေလျူကပ်စ်အုပ်ချုပ်၍ အာဖရိက၌ တော်လေမီ အုပ်ချုပ်၏။

## အီဂျစ်၏ တော်လေမီမင်းဆက်

အီဂျစ်၌ စစ်ဗိုလ်ချုပ်ကြီး တော်လေမီသည် ဘုရင်ဘွဲ့ကိုယူ၍ တော်လေမီမင်းဆက်ကို ထူထောင်သည်။ တော်လေမီသည် မိမိ၏စည်းစိမ်တည်မြဲရေးအတွက် ဂရိကြေးစားစစ်သည်များကို အမြဲအားကိုးနေရသဖြင့် ဂရိတပ်သားများကို အလွယ်နှင့်ခေါ်ယူနိုင်ရန် ရေတပ်တစ်ခုကိုလည်း ထူထောင်ထားရသဖြင့် နောင်အခါတွင် တော်လေမီရေတပ်သည် မြေထဲပင်လယ်၌ တန်ခိုးအကြီးဆုံးဖြစ်လာသည်။ အီဂျစ်ကိုအုပ်ချုပ်ရာတွင် မြို့တော်အဖြစ်ဖြင့် အယ်လီဇန်ဒါမင်းကြီးတည်ခဲ့သော နိုင်းလ်မြစ်ဝကျွန်းပေါ်၏အနောက်ဘက်ရှိ အယ်လီဇန်ဒရီးယားမြို့ကိုအသုံးပြု၏။ ထို့ကြောင့် ယင်းမြို့တော်သစ်သည်

mgyoe.com

mgyoe.com

မြေထဲပင်လယ်တွင် သုံးရာစုဘီစီအတွင်းက အလှဆုံးနှင့်ရောင်းဝယ်ရေး ထိပ်တန်းအကျဆုံး မြို့ကြီးဖြစ်ခဲ့ရပါသည်။ အာရှမှ ပြိုင်ဘက်များ၏ရန်ကို ကာကွယ်ရန် ပါလက်စတိုင်းနှင့် ဆီးရီးယားတောင်ပိုင်းတို့ကို သိမ်းယူ၍ ထားခဲ့၏။

## ရှေးသက်ဦးဆံပိုင်ဘုရင်စနစ် ထွန်းကားခြင်း

အီဂျစ်ပြည်ရှင်များသည် ဂရိလူမျိုးတို့ဖြစ်သော်လည်း အီဂျစ်တွင် ဂရိ၌ ထွန်းကားခဲ့သော အုပ်ချုပ်ရေးမျိုးကို မပေးချေ။ အရှေ့တိုင်းထုံးစံအတိုင်း သက်ဦးဆံပိုင်ဘုရင်စနစ်ဖြင့်သာ အုပ်ချုပ်ကြသည်။ ရှေးဖာရိုမင်းများ၏ အဆောင်အယောင်ဖြင့် နန်းစည်းစိမ်ကို ခံစားလျက် ဂရိများအတွက်တည်သော အယ်လီဇန်ဒရီးယားနှင့်တကွ အခြားမြို့နှစ်မြို့မှအပ ကျန်အီဂျစ် တစ်နိုင်ငံလုံးကို ရှေးခေတ်နည်းအတိုင်း အုပ်ချုပ်လေသည်။ ဂရိသုံးမြို့၌ကား ဂရိပင်မမြို့များမှာကဲ့သို့ပင် မြို့အုပ်ချုပ်ရေးကို မြို့သားများ ပါဝင်ဆောင်ရွက်ကြရ၏။ ဂရိမင်းများ၏အုပ်ချုပ်ရေးတွင် အရေးအကြီးဆုံးအချက်ကား ဂရိကြေးစားစစ်သားများ၏ လစာရိက္ခာနှင့်ရေတပ်အတွက် ကုန်ကျငွေကို ကာမိရန် အခွန်ကောက်ကို အရနိုင်ဆုံးမြှင့်၍ ကောက်ခံခြင်းပင်ဖြစ်သည်။ အီဂျစ်၌ အီဂျစ်ယွန်းဒင်္ဂါးများ မရှိခဲ့ဖူးသဖြင့် ပါရှဒင်္ဂါးများကိုပင် သုံးစွဲလျက်ရှိကြရာ တော်လေမီက ပထမဦးဆုံး အီဂျစ်နိုင်ငံသုံးဒင်္ဂါးကို သွန်းလုပ်လေသည်။ အကောက်အခွန်ကို ပိုက်ဆံနှင့်သော် လည်းကောင်း၊ ထွက်ကုန်ပစ္စည်းနှင့်သော်လည်းကောင်း ကြိုက်ရာဖြင့် ပေးနိုင်၍ ဘဏ်တိုက်အားလုံးကို အစိုးရပိုင်လျက် နေ့စဉ်သုံးအရေးကြီးသော ကုန်ပစ္စည်းမှန်သမျှကို အစိုးရကလွဲ၍ အခြားကုန်သည်များ လက်ကားရောင်းဝယ်ခြင်း မပြုကြရချေ။ ဂရိနိုင်ငံများတွင်မရှိဖူးသော အခွန်စည်းကြပ်ကောက်ခံရေးအရာရှိများ အီဂျစ်တွင် ရှေးကပင်လျှင် စနစ်တကျရှိခဲ့သဖြင့် ယင်းအရာရှိများကိုပင် တော်လေမီက ဆက်လက်အသုံး ပြုခဲ့သည်။ ဤသို့ ရှေးသက်ဦးဆံပိုင်ဘုရင်စနစ်ကို ပြန်လည်အသုံးပြုခြင်းနမူနာကို များမကြာမီ ဥရောပတိုက်မှ ဂရိနှင့်ရောမတို့က အတုယူကြပြန်သောကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေးသည် ဥရောပ၌ တိမ်ကောပပျောက်ခဲ့ရသည်။

mgyoe.com

mgyoe.com

## အနောက်အာရှ၏ ဆေလျူဆစ်မင်းဆက်

အနောက်အာရှတိုက်ရှိ အယ်လီဇန်ဒါ၏ လက်နက်နိုင်ငံတော်ကို စစ်ဗိုလ်ချုပ်ကြီး ဆေလျူကပ်စ်က ဆက်ခံသဖြင့် ယင်း၏အနွယ်တော်များကို ဆေလျူဆစ်မင်းဆက်ဟု ခေါ်ဝေါ်သည်။ ယင်းမင်းဆက်သည် တော်လေမီမင်းဆက်လောက် တန်ခိုးသတ္တိမကြီးသော်လည်း ပထမတွင် အိန္ဒိယအထိ သြဇာအာဏာပျံ့နှံ့လေသည်။ ဆေလျူဆစ်နိုင်ငံတော်၏နယ်နိမိတ်ကို အထင်အရှားသတ်မှတ်၍ မရနိုင်သည့်ပြင် ကျယ်ပြန့်လွန်းသောကြောင့် စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်၍လည်း မရနိုင်ချေ။ မြေထဲပင်လယ်၏အရှေ့ခြမ်းတွင် တော်လေမီ၏ရေတပ်လွှမ်းမိုးနေသောကြောင့် အရောင်းအဝယ်တွင် ထူးထူးခြားခြားတိုးတက်အောင် ဆေလျူဆစ်တို့က မဆောင်ရွက်နိုင်ကြသည့်ပြင် ဂရိပင်မနိုင်ငံများနှင့်ပင် အဆက်အသွယ်ပြတ်မတတ် ဖြစ်ခဲ့ရ၏။ သို့သော် အယ်လီဇန်ဒရီးယားနှင့်ပြိုင်ရန် အန်တီအော့ခ်မြို့ကို ယင်းတို့ တည်ထောင်ခဲ့သည်။

## ဆေလျူဆစ်များ၏ အုပ်ချုပ်ရေး

အုပ်ချုပ်ရေးတွင် ဆေလျူဆစ်များသည် တော်လေမီတို့နှင့် များစွာကွာခြား၏။ ယင်းတို့သည် အယ်လီဇန်ဒါ၏ဝါဒကို လေးစားလျက် ဂရိယဉ်ကျေးမှုကို အာရှတွင် ကူးပြောင်းပေးရန် ရည်သန်၍ လူမျိုးရောနှောခြင်းကို အားပေးခဲ့သည်။ ဆေလျူကပ်စ်နှင့်သားတော် အန်တီအိုကပ်စ် ၁ တို့သည် အာရှမိုင်းနားဆီးရီးယား မြစ်နှစ်သွယ်တစ်လျှောက် ပါရှနှင့် အိန္ဒိယတို့တွင် ဂရိမြို့တော်သစ်များကို တည်စေ၍ ထိုမြို့များ၌ ဂရိထုံးစံအတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပေးခဲ့သည်။ ထို့ကြောင့် ဆေလျူဆစ် လက်နက်နိုင်ငံတွင် ဤသို့ လွတ်လပ်သော ပြည်ငယ်ကလေးပေါင်း မြောက်မြားစွာ ရှိခဲ့သည်။ သို့သော် ထိုပြည်ငယ်ကလေးများက ဆေလျူဆစ်ဘုရင်များကို နှစ်စဉ်ဘဏ္ဍာတော်ပေးဆက်ကြရ၏။ ဘုရင်ကိုလည်း ဘုရားတစ်ဆူကဲ့သို့ပင် လေးစားရိုသေကြရသည်။

mgyoe.com

mgyoe.com

## မက်ဆီဒိုးနီးယားလက်နက်နိုင်ငံတော်

အီဂျစ်နှင့် အာရှနိုင်ငံတော်များနှင့်စာလျှင် မက်ဆီဒိုးနီးယား နိုင်ငံမှာ များစွာသေးငယ်လှသည်။ ဂရိပင်မနိုင်ငံများသည် လွတ်လပ်ရေးကို များစွာ စုံမက်ကြသဖြင့် ယင်းတို့ကို အကြာအရှည် ထိန်းသိမ်းထားရန် မလွယ်ချေ။ အယ်လီဇန်ဒါလွန်လျှင်ပင် ဂရိနိုင်ငံငယ်များစွာပင် ခြားနားပုန်ကန်ကြလေသည်။ သို့သော် အန်တီဂေါနပ်စ်(၂) သည် ယင်းတို့ကို နှိမ်နင်းလျက် ဂရိပင်မနှင့် မက်ဆီဒိုးနီးယား၏ဘုရင်အဖြစ်ကို ခံယူခဲ့ ၏။ ဤအချိန်မှာပင် အနောက်နှင့်မြောက်အရပ်၌ အန္တရာယ်သစ် ပေါ်လာပြန်သည်။ ဥရောပအတွင်းသို့ များစွာရိုင်းစိုင်းသေးသည့် ဆယ့်လ်သို့မဟုတ် ဂေါလ်ဟုခေါ်သော အင်ဒိုဥရောပအနွယ်ဝင်များ တိုးဝင်လာပြန်သဖြင့် ၄၀၀ ဘီစီလောက်ကပင် လျှင် ယင်းတို့ အီတလီသို့ ရောက်လာကြလျက် ယခု ၂၀၀ ဘီစီတွင် မက်ဆီဒိုးနီးယားနှင့် ဂရိပင်မသို့ ဝင်လာကြ၏။ ၂၇၇ ဘီစီတွင် အန်တီဂေါနပ်စ် (၂)သည် ထိုအရိုင်းများကို နှိမ်နင်းနိုင်ခဲ့၏။ ဂေါလ်ရန်အေးသောအခါ၌ အန်တီဂေါလ်နပ်စ်သည် နိုင်ငံတော်ကို ပြန်လည်စည်းရုံးရန် အားထုတ်ပြန်သည်။ အီဂျစ်ရေတပ်၏နှောင့်ယှက်ခြင်းကို တွန်းလှန်ရန် အန်တီဂေါနပ်စ် (၂)နှင့် အန်တီအိုကပ်စ် (၁)တို့ မဟာမိတ်ပြုကြ၍ ရေတပ်တစ်ခုကို ထူထောင်ကြသည်။ ထို့နောက် နှစ်ပေါင်း ၁၅ နှစ်မျှ တော်လေမီများနှင့် စစ်ဖြစ်ကြရာ အန်တီဂေါနပ်စ်၏ရေတပ်က အီဂျစ်ရေတပ်ကို နှစ်ကြိမ်တိတိနိုင်လိုက်၍ အီဂျစ်ရေတပ်လည်း ပျက်စီးခဲ့ရသည်။ ဤသို့ အပရန်များကို နှိမ်ပြီးသော အခါတွင် ပြည်တွင်းပုန်ကန်မှုများ စတင်ပေါ်ပေါက်လာပြန်သည်။

## (ခ) ဂရိတို့ လျှောကျပျက်စီးခြင်း

### ဂရိရောင်းဝယ်ရေး ဆုတ်ယုတ်ခြင်း

ဂရိနိုင်ငံများသည် မြေထဲပင်လယ်ရောင်းဝယ်ရေးတွင် ယခင်ကလို ခေါင်းမဆောင်နိုင်တော့ချေ။ ရောင်းဝယ်ရေးကို အယ်လီဇန်ဒရီးယားနှင့် အန်တီအောခ်မြို့ကြီးတို့က ကြိုးကိုင်လျက်ရှိပေပြီ။ ထို့အတူ ဂရိများအစား ရှုဒ်နှင့်အဖီစပ်စ်ပြည်သားတို့သည် ခေါင်းဆောင်ကုန်သည်ကြီးများ ဖြစ်လာ

mgyoe.com

mgyoe.com

သည်။ ထို့ကြောင့် ဂရိများသည် ယခင်ကကဲ့သို့ စီးပွားရေး မဖြစ်ထွန်းသော ကြောင့် ကာကွယ်ရေးအတွက် ရေတပ်နှင့် ကြေးစားစစ်တပ်များကို မထားနိုင် တော့ချေ။

## မဟာမိတ်အဖွဲ့များ

ကာကွယ်ရေးအလို့ငှာ ဂရိနိုင်ငံငယ်များသည် အချင်းချင်းမဟာမိတ် လုပ်ကြသည်။ ၃၀၀ ဘီစီကျော်သောအခါကပင်လျှင် ကော်ရင့်ပင်လယ်ကွေ့ ကို ခြားလျက် မြောက်ဘက်တွင် အီတိုမီလီယန်မဟာမိတ်အဖွဲ့နှင့် တောင် ဘက်တွင် အချေယန်မဟာမိတ်အဖွဲ့တို့ ပေါ်ခဲ့သည်။ အဖွဲ့ဝင်မြို့ အားလုံး ၏တပ်များကိုအုပ်ချုပ်ရန် တစ်နှစ်လျှင်တစ်ကြိမ်ကျ ဗိုလ်ချုပ်တစ်ယောက်ကို ရွေးကောက်တင်မြှောက်ကြသည်။ ထို့ပြင် ထိုအဖွဲ့ဝင်အားလုံးအတွက် ကာ ကွယ်ရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးတို့ကိုစီမံရန် အရာရှိများကိုလည်း စုပေါင်းခန့်ထားပြန်လေသည်။ မြို့တိုင်းသည် မိမိတို့၏ဒေသအလိုက် အုပ်ချုပ် ရေးတွင် လွတ်လပ်ခြင်းကိုရလျက် နိုင်ငံခြား ဆက်သွယ်ရေးတွင် အဖွဲ့၏ သဘောကို လိုက်နာရသည်။ ယင်းအဖွဲ့နှစ်ဖွဲ့ သည်တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသင့် မြတ်ကြသဖြင့် မက်ဆီဒိုးနီးယား၏အုပ်ချုပ်ရေးကို တွန်းလှန်နိုင်ခဲ့သော် လည်း ဂရိပြည်ထောင်စုကြီးကို မတည်ဆောက်နိုင်ခဲ့ပေ။

## စပါတာနှင့်အေသင်

ဂရိပြည်ထောင်စုကြီး မထူထောင်ခြင်း၏အကြောင်းတစ်ခုမှာလည်း အေသင်နှင့်စပါတာတို့ကထိုအဖွဲ့များတွင် မပါဝင်သောကြောင့်လည်း ဖြစ် သည်။ အချေယန်အဖွဲ့သည် စပါတာကို အဖွဲ့ဝင်ဖြစ်လာရန် အကြမ်းနည်း ဖြင့် ကြိုးစားသော်လည်း စပါတာဘုရင်ကလီယွမ်မဲနက်ဖ်၏အစွမ်းကြောင့် စစ်ပွဲတိုင်းတွင် အဖွဲ့ကသာရှုံးသဖြင့် အဖွဲ့က မက်ဆီဒိုးနီးယားကို စစ်ကူ တောင်းရတော့သည်။ ယင်းသို့တောင်း၍ အကူရသောအခါ စပါတာပျက်စီး သော်လည်း အဖွဲ့မှာ မက်ဆီဒိုးနီးယား၏လက်အောက်ခံ ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် အီတိုလီယန်အဖွဲ့မှလွဲ၍ ဂရိအားလုံးကို မက်ဆီဒိုးနီးယားတို့ ပြန်လည်ပိုင်ဆိုင်လာပြန်သည်။ အေသင်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးလျက်

mgyoe.com

m g
နိုင်ငံကြီးအားလုံးကပင် ကြားနိုင်ငံအဖြစ်ဖြင့် အသိအမှတ်ပြုကြသည်။ နိုင်ငံရေးအာဏာစက်ညံ့သော အေသင်သည် ယဉ်ကျေးမှုတွင်ကား အထက်တန်းကျမြကျလျက် ဆက်လက်၍ပင် ရှေ့ဆောင်နိုင်ငံဖြစ်ခဲ့ပါသည်။

❐

mgyoe.com

mgyoe.com

# အခန်း (၂)
# ဟယ်လင်ခေတ် ယဉ်ကျေးမှု

## (က) မြို့တော်များ၊ ဗိသုကာပညာနှင့် အနုပညာ

### ဟယ်လင်ခေတ်

အယ်လီဇန်ဒါလွန်ပြီးနောက် အနှစ်သုံးရာခန့်ကို အရှေ့တိုင်းသို့ ဂရိယဉ်ကျေးမှု ပျံ့နှံ့သောခေတ်ကာလဖြစ်သဖြင့် ဟယ်လင်ခေတ်ဟု ခေါ်ထိုက်ပေသည်။ အရှေ့တိုင်းတွင်လည်း ယဉ်ကျေးမှုများ ပေါ်ထွန်းပြီးဖြစ်သဖြင့် ယခု ဂရိယဉ်ကျေးမှု ပျံ့နှံ့လာသောအခါ ယဉ်ကျေးမှုနှစ်ရပ်သည် ရောနှောလျက် အသွင်သဏ္ဌာန်တစ်မျိုး ဖြစ်ပေါ်၍ လာခဲ့ပြန်သည်။ အနောက်အာရှနှင့် အီဂျစ်ကို အုပ်ချုပ်သူများသည် ဂရိလူမျိုးများဖြစ်သောကြောင့် ထိုနိုင်ငံများတွင် ရုံးသုံးဘာသာအဖြစ်ဖြင့် ဂရိဘာသာကို သုံးစွဲစေသည်။ ရောင်းဝယ်ရေးကိုလည်း ဂရိကုန်သည်များ လွှမ်းမိုးသဖြင့် အရောင်းအဝယ်တွင် ဂရိဘာသာအသုံးအစွဲများ၍လာပြန်သည်။ ဂရိလောက မှတ်ပညာစာအုပ်များကို ပညာတတ်များဖတ်ကြသဖြင့် အထက်တန်းပညာရပ်များကို လေ့လာသူတိုင်း ဂရိဘာသာကို မတတ်လျှင် မဖြစ်ချေ။ ဤသို့ဖြင့် အနောက်ဘက်တွင် အီတလီ

mgyoe.com

mgyoe.com

နှင့်စီစီလီမှ အရှေ့ဘက်တွင် အိန္ဒိယအထိ ဂရိဘာသာကို မြို့တော်ကြီးတိုင်းတွင် သုံးစွဲလာကြသည်။

## ခမ်းနားသောအိမ်များနှင့် စည်းစိမ်ခံပစ္စည်းများပြား၍လာခြင်း

မြို့တော်များတွင် လူမှုနေထိုင်ရေးအဆင့်အတန်း အသုံးအဆောင်ပစ္စည်းများ၏ ကောင်းမွန်တိုးတက်လာခြင်းကြောင့် ရှေးကထက်မြင့်လျက် သက်သာလွယ်ကူ၍ စည်းစိမ်ဖြင့် နေထိုင်ကြရသည်။ ကြွယ်ဝသူများက အိမ်ကိုကျောက်အုတ်တို့ဖြင့် ဆောက်ကြ၏။ အိမ်၏အလယ်တွင် အမိုးမရှိသောမြေကွက်လပ်ထားလျက် ထိုကွက်လပ်ကိုဝိုင်း၍ ကြီးမားသော တိုင်လုံးကြီးများနှင့်စင်္ကြံပတ်လည် ဆောက်၏။ စင်္ကြံ၏အပြင်မှ ရံလျက် အိမ်ခန်းများဖွဲ့သည်။ အခန်းများသည်သေးငယ်၍ အသုံးအဆောင်ပစ္စည်းများ ကင်းမဲ့လျက် ရှိတတ်သော်လည်း ကြီးမားလှသော ဧည့်ခန်းကြီးတွင်မူ အလင်းရောင်ကောင်းစွာရလျက် ကြမ်းတွင် ရောင်စုံအုတ်များခင်းကာ နံရံများတွင် ကျောက်ပြားများကပ်လျက် လှပသောရုပ်တုများဖြင့် တန်ဆာဆင်၍ ထားတတ်လေသည်။ အိမ်ထောင်ပရိဘောဂများမှာလည်း ခမ်းနားဆန်းပြားလှသည်။ တင်းတိမ်ကော်ဇောများဖြင့် အခန်းကို များစွာတင့်တယ် စေလေသည်။ ဤအိမ်ကြီးမျိုး၌ ရေကို အလွယ်တကူ သုံးနိုင်စေရန် ရေတွင်းရေကန်များလည်း တူး၍ထားသည်။ လမ်းများ၌လည်း ရှေးခေတ်က မရှိဖူးသော ရေမြောင်း၊ ရေပိုက်များ တပ်ဆင်လျက်ရှိချေပြီ။

## လူမှုရေးမှတ်တမ်းများ အီဂျစ်၌တွေ့ခြင်း

ထိုခေတ်၏အိမ်ထောင်ရေးကိစ္စများနှင့်ပတ်သက်သော ပေးစာပြန်စာမှတ်တမ်းများစွာကို အီဂျစ်၌ ယခုအခါ တူးဖော်တွေ့ရှိရသဖြင့် ထိုခေတ်ကလူများ၏ နေရေးထိုင်ရေးကို ကောင်းစွာ ခန့်မှန်းနိုင်ပါသည်။ ရောင်းဝယ်ရေးတွင် ပစ္စည်းရကြောင်းလက်မှတ်များကို စရိတ် အထူးမကုန်အောင် အိုးကွဲပေါ်တွင် မင်ဖြင့်ရေးသားလေ့ရှိကြသည်။ အရေးပါသောမှတ်တမ်းကိုကား စက္ကူပေါ်တွင် ရေးသားကြ၏။ ယင်းမှတ်တမ်းမျိုး အိမ်တိုင်းတွင် အမြောက်အမြားသိုမှီးသိမ်းဆည်းပြီးရှိတတ်ရာ မိုးခေါင်သည့် အီဂျစ်ကဲ့သို့သော ဒေသတွင်

mgyoe.com

mgyoe.com

မြေအောက်၌ မဆွေးမမြည့် ကျန်ရှိနေသေးသည်ကို ယခုအခါ တူးဖော်တွေ့ရှိပါသည်။ နမူနာပြောရလျှင် သမီး မင်္ဂလာဆောင်ဖိတ်ကြားစာမျိုးကို လည်းကောင်း၊ ရပ်ဝေးတွင် ပညာသင်နေသော သားလိမ္မာထံသို့ ဖခင်က ရေးသောစာမျိုးကိုလည်းကောင်း၊ ဆိုးတေနေသောသားက သတိနှောင်တရလျက် မိဘအိမ်သို့ ပြန်လာနေထိုင်ခွင့်ကိုတောင်းသော စာမျိုးကိုလည်းကောင်း၊ အိမ်ထောင်တွင် အိမ်သားတစ်ဦးဦး ပျက်စီးသဖြင့် မိတ်ဆွေအများက ဝမ်းနည်းကြေကွဲကြောင်း ရေးသားသည့် စာမျိုးကိုလည်းကောင်း ရံဖန်ရံခါ တူးဖော်တွေ့ရှိဖူးလေသည်။ ယင်းမှတ်တမ်းများကား ထိုခေတ် လူတို့၏နေ့စဉ်နေထိုင်ရေးကို ဖော်ပြလျက် ရှိပါသည်။ ခေတ်ဟောင်းကို ပြန်ပြောင်းပြသကြသည့် စာပန်းချီကားများပင် ဖြစ်ပေသည်။

## မြို့ကွက်နှင့်အစိုးရအဆောက်အအုံများ

ဟယ်လင်ခေတ်တွင် မြို့သစ်ပေါင်းများစွာကို တည်ဆောက်ခဲ့ရာ ထိုမြို့သစ်များကို အကွက်ချ၍ ပုံစံကျနစွာရှိအောင် ဆောက်လုပ်ခြင်း ဖြစ်သောကြောင့် ရှေးဂရိမြို့များနှင့် များစွာကွာခြားလျက် လှပကောင်းမွန်သည့်လမ်းမကြီးများသည် ဖြောင့်တန်းလျက် တစ်လမ်းနှင့်တစ်လမ်း မျဉ်းပြိုင်ယှဉ်လျက်သော် လည်းကောင်း၊ တစ်လမ်းကိုတစ်လမ်း ထောင့်မှန်ဖြတ်လျက်သော် လည်းကောင်း တွေ့ရပေသည်။ ပါဂမမ်မြို့ဟောင်းနေရာကို တူးဖော်ကြည့်ရာ၌ ကြေးဖြင့်သွန်းလုပ်ထားသော ရေပိုက်တစ်ဆယ့်တစ်ချောင်းကို လမ်းအောက်မှဖြတ်၍ သွယ်တန်းထားသည်ကို တွေ့ရသည်။ သို့သော် ထိုရှေးခေတ်မြို့များတွင် လမ်းများ၌ ညစဉ်မီးထွန်းခြင်း စနစ်မပေါ်သေးချေ။ ယခင်က နိုင်ငံတော်အစိုးရသည် ပြည်သူအများအတွက် ဘုရားကျောင်းများကိုသာ ဆောက်လုပ်ပေးခဲ့သည်။ ယခု ဟယ်လင်ခေတ်တွင်ကား အစိုးရရုံးတော်များအတွက် ခမ်းနားကြီးကျယ်သော အဆောက်အအုံများကို ဆောက်လုပ်လေ့ရှိသည်ကို တွေ့ရပါသည်။

ရှေးက မြို့၏အလယ်တွင် ဘုရင်၏စံနန်းတော်ကို ဆောက်လေ့ရှိသည်။ ယခုမူ မြို့၏အလယ်တွင် အစိုးရရုံးတော်ဖြစ်သော အဆောက်အအုံကြီးများကို တွေ့ရပေမည်။ ထိုရုံးတော်များနှင့် ကပ်လျက်ဈေးရှိ၏။ ဈေးရုံများကို

mgyoe.com

mgyoe.com
ဝိုင်း၍ တိုင်ရှည်ကြီးများဖြင့် စကြံရှည်ကြီးဆောက်၍ထားလေ့ရှိသည်။ ဤကြီးကျယ်မြင့်မားသော အဆောက်အအုံများကို အီဂျစ်ထံမှ နမူနာရခဲ့ကြသည်။ ဈေး၌သာလျှင် ရောင်းဝယ်ရေးကိစ္စအားလုံးကို ဆောင်ရွက်ကြသည်။ ပြပွဲရုံကဲ့သို့ ထိုင်ခုံများစီစဉ်ထားသော အစည်းအဝေးခန်းမကြီးကို လူထုအဖွဲ့ကြီး စည်းဝေးရန်အတွက် ဈေးနှင့်ကပ်လျက် ဆောက်လုပ်ထားကြပြန်သည်။ ထို့အတူ ကျန်းမာရေးလေ့ကျင့်ရန် အဆောက်အအုံ၊ ရေကူးကန်၊ မြင်းပြိုင်ကွင်းနှင့် ဇာတ်ရုံများကိုလည်း ဈေးနှင့်အနီးအပါးမှာပင် ဆောက်ကြပြန်သည်။ လူဦးရေ လေးထောင်မျှသာရှိသော အာရှမိုင်းနားရှိ အငယ်ဆုံးမြို့ကလေးမှာပင် ဤအဆောက်အအုံများ အစုံအလင်ရှိသည့်အပြင် ဘုရားကျောင်းများစွာလည်း ရှိပေသေးသည်။

## အမိုးပြတင်းနှင့်ခုံးပေါက်

အီဂျစ်မှ အမိုးတွင် ပြတင်းတံခါးများဖောက်၍ အလင်းရောင်ပေးသောစနစ်ကိုလည်းကောင်း၊ မြေသြဇာကောင်းသော လခြမ်းရပ်ဝန်းမှ ခုံးပြတင်းနှင့် တံခါးပေါက်ပုံစံများကိုလည်းကောင်း နမူနာယူ၍ အဆောက်အအုံများကို ဆောက်ကြပြန်သည်။ သို့သော် ခုံးပေါက်ပုံစံကို ဂရိများ အသုံးအစွဲနည်းလှ၏။

## အယ်လီဇန်ဒရီးယားမြို့တော်

လူဦးရေများခြင်း၊ စီးပွားချမ်းသာတိုးတက်ခြင်း၊ ရောင်းဝယ်ရေးကောင်းခြင်း၊ နိုင်ငံရေးအာဏာစက်ကြီးခြင်းနှင့် အနုပညာထွန်းကားခြင်းစသော ကိစ္စအဝဝတွင် အယ်လီဇန်ဒရီယားမြို့တော်သည် ထိုခေတ်ကမ္ဘာက ခေါင်းဆောင်မြို့ကြီးဖြစ်ပါသည်။ ထိုမြို့တော်ကြီး၏ သင်္ဘောဆိပ်တွင် စပိန်နှင့်အာဖရိကတို့၏ အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းများကိုပင် စွန့်စားသွားလာသောသင်္ဘောများမှအစ အိန္ဒိယသမုဒ္ဒရာတွင် လှည့်လည်၍ အရှေ့တိုင်းထွက်ပစ္စည်းများကို ဝယ်ယူစုဆောင်းကာ အနောက်တိုင်း၌ ဖြန့်ဖြူးလေ့ရှိသောသင်္ဘောများအထိ အရာအထောင်မကသော သင်္ဘောများစွာ ဆိုက်ကပ်လျက်ရှိသည်ကို တွေ့ရပေမည်။ တရုတ်နိုင်ငံဖြစ် ပိုးထည်၊ အိန္ဒိယနိုင်ငံဖြစ် ချည်ထည်မှအစ ဗြိတိသျှကျွန်းစုမှထွက်သော သံဖြူအထိ အရောင်းအဝယ်လုပ်
mgyoe.com

mgyoe.com

ကြသဖြင့် ထိုခေတ်ယဉ်ကျေးပြီးသော ကမ္ဘာတစ်ခုလုံး၏ ရောင်းဝယ်ရေး ဗဟိုဌာနကြီးတစ်ခုဖြစ်ခဲ့သည်။ ရောင်းဝယ်ရေး တိုးတက်လာခြင်းကြောင့် ဘဏ်စနစ်ကို အစိုးရက ကြိုးကိုင်ရန် လိုလားအပ်သဖြင့် အစိုးရဘဏ်များ ပေါ်ပေါက်ခဲ့ရသည်။ မြို့တော်၏ သင်္ဘောဆိပ်ဝတွင် ရှေးခေတ်က တစ်ခါမျှ မပေါ်ဖူးသေးသော ပေ ၄၄၅ ပေမြင့်သည့် မီးပြတိုက်ကြီးကို ဆောက်လုပ်ထားသဖြင့် ညဉ့်အခါများ၌ သင်္ဘောများ ဆားကင်းစွာ အယ်လီဇန်ဒရီးယားဆိပ်ကို ဝင်ထွက်နိုင်ကြ၏။ ဤမီးပြတိုက်မှာ ဟယ်လင်ခေတ်တွင် ဆောက်ခဲ့သော အဆောက်အအုံများအနက် အမြင့်မားဆုံးဖြစ်၍ ဘက်ဘီလွန်နီယားမှ ဘုရားကျောင်းပြာသာဒ်ကို အတုယူ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုခေတ်၏အကြီးဆုံးသင်္ဘောသည် ကုန်ချိန်တန်လေးထောင်မျှ သယ်ယူနိုင်ပါသည်။

## ဥယျာဉ်တော်

တော်လေမီဘုရင်များသည် အလွန်ကြီးမားခံ့ညားသော ပန်းဥယျာဉ်ကြီးကို ဖန်တီး၍ ထားရှိ၏။ ထိုဥယျာဉ်ကြီး၏ အရှေ့ဘက်ပင်လယ်တွင်းသို့ တိုးထွက်လျက်ရှိသော ကုန်းစွန်းပေါ်၌ ကျောက်နန်းတော်ကြီးကို ဆောက်လုပ်ထားလေသည်။ ဥယျာဉ်တော်အတွင်း၌ ရေကန်၊ ရေတွင်း၊ ရေပန်းများနှင့် တကွ ကျောက်ရုပ်တုမြောက်မြားစွာဖြင့် အလွန်သာယာတင့်တယ်အောင် စီမံ၍ထား၏။ ယင်းသို့ မြို့တော်ကိုအကွက်ချ၍ဆောက်ခြင်းနှင့် ဥယျာဉ်ကို ပြုပြင်မွမ်းမံခြင်း ပညာများကို အရှေ့တိုင်းတွင် သုံးစွဲလာခဲ့သည်မှာ များစွာကြာပြီဖြစ်သော်လည်း ယခုမှပင် ဥရောပတိုက်သားတို့ အတုယူ၍ ကောင်းစွာ သုံးစွဲလေတော့သည်။

## လူထုဆိုင်ရာအဆောက်အအုံများ

ဥယျာဉ်တော်၏အစွန်းတွင် ကြီးစွာသောပြတိုက်တစ်ခုကို ကျောက်သားနှင့် ဆောက်လုပ်ထား၏။ ထိုပြတိုက်ကြီး၏အတွင်း၌ စာကြည့်တိုက်ကြီး၊ တရားဟောခန်းမဆောင်ကြီး၊ ပြပွဲပြိုင်ပွဲလုပ်ရာ အခန်းများ၊ မြေကွက်လပ်များ၊ ဆင်ဝင်ခန်းများ၊ အနုပညာနှင့်လောကဓာတ်ပညာတွင် ထူးခြားသော ပုဂ္ဂိုလ်များနေရန် အခန်းဆောင်များစသည်ဖြင့် အခန်းခန်းအဆောင်ဆောင်ရှိ

mgyoe.com

ကြောင်းကို တွေ့ရလေသည်။ ပြတိုက်နှင့်ကပ်၍ နိုင်ငံတော်၏ဘုရားဖြစ်သော ဆေရာပစ်၏ကျောင်းတော်ရှိသည်။ မြို့တော်၏အလယ်ဗဟိုနားတွင် ပြည်သူအများနှင့်ဆိုင်သော ကစားရုံများ၊ ရေချိုးကန်များ၊ ပြေးကွင်းများ၊ လူထုအစည်းအဝေးခန်းမကြီး၊ ဈေး စသည်တို့ရှိကာ ထိုအဆောက်အအုံများ၏အပြင်မှရုံလျက် ပြည်သူတို့၏အိမ်များရှိလေသည်။ ဤအဆောက်အအုံများကို ယခုအခါ နမူနာကြည့်စရာမျှ မကျန်ရစ်ခဲ့ချေ။ သို့သော် မြေအောက်တွင် ကြည့်စရာကျန်ပါသေးသည်ဟု ပြောနိုင်သော်လည်း ခေတ်သစ်အယ်လီဇန်ဒရီးယားမြို့တော်၏အဆောက်အအုံများစွာကိုဖျက်၍ တူးဖော်ကြည့်ရမည်ဖြစ်သောကြောင့် ဤကိစ္စမှာလည်း မဖြစ်နိုင်ဟု ဆိုရချေမည်။

## ပါဂမမ်မြို့တော်နှင့် အုံ့သြဖွယ်ရာပန်းပုလက်ရာများ

အေသင်နိုင်ငံသား ပညာသည်များ၏လက်စွမ်းဖြင့် ဆောက်လုပ်သော အခြားမြို့တော်တစ်ခုမှာ အာရှမိုင်းနား၏ပါဂမမ်မြို့တော်ပင် ဖြစ်သည်။ ၃၀၀ ဘီစီကျော်တွင် အင်ဒိုဥရောပအနွယ်ဝင် ဂေါလ်ခေါ် လူရိုင်းများသည် ဂရိပင်မနိုင်ငံများသို့လည်းကောင်း၊ အာရှမိုင်းနားသို့လည်းကောင်း အတင်းတိုးဝင်လာကြလျက်လုယက်ဖျက်ဆီးကြကာ အာရှမိုင်းနား၏အတွင်းဘက်၌ ဂလရှားနိုင်ငံကိုပင် ထူထောင်၍ နေကြလေသည်။ ပါဂမမ်မှဘုရင်တစ်ပါးသည် အဆိုပါလူရိုင်းဖြစ်သော ဂေါလ်တို့ကို တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့ဖူးသည်။ ယင်းအောင်ပွဲကြောင့် အက်တစ်ပန်းပုပညာသည်တို့အဖို့ ပုံထုလုပ်ရန် အကြောင်းအရာသစ်နှင့် လူပုံသဏ္ဌာန်အသစ်များကိုရကြသဖြင့် ပန်းပုပညာ၌ တိုးတက်မှု တစ်မျိုးရှိသည်ဟု ဆိုရပေမည်။ နမူနာပြောရလျှင် ဂေါလ်ဗိုလ်တစ်ဦးသည် စစ်ရှုံးသဖြင့် သူ့ကျွန် ဖြစ်ရသည်ထက် သေရသည်က မြတ်လိမ့်ဦးမည်ဟူသောသဘောဖြင့် ကြင်ရာတော်ကို ပထမဓားလွတ်နှင့်ထိုးလိုက်ပြီးမှ ဒဏ်ရာဖြင့် မိန်းမောပျော့ခွေ၍ ကျသွားရရှာသောဇနီးကို လက်တစ်ဖက်ဖြင့်ထိန်းကာ နောက်မှလိုက်လာသောရန်သူကို ဒေါသဖြင့် လည်ပြန်ကြည့်ရင်း မိမိရင်ဝ၌ ဓားလွတ်ဖြင့် ဘာအားစိုက်လိုက်ပုံကို ကျောက်သားဖြင့် လူပကတိတူအောင် ထုလုပ်ခဲ့ရာ၌ ကြွက်သားတို့ထလျက် သန်စွမ်းသော ယောကျ်ားနှင့် ခက်ထန်သောမျက်နှာကို ပြေပြစ်ပျော့ပျောင်းအိစက်သော အင်္ဂါရုပ်ရှိ၍

mgyee.com

mgyoe.com

ဝေဒနာဖြင့် မိန်းမောနေသော မိန်းမရုပ်တို့ကို ယှဉ်လျက်ထားခြင်း ကြောင့် အံ့သြလောက်အောင် ထူးခြားကောင်းမွန်လှပါသည်ဟု ဆိုရပေမည်။ ထို့အတူ ပါဂမမ်ဘုရားကျောင်း ယဓ် ပလ္လင်တွင် ဘီလူးကြီးများနှင့် ဘုရားများ စစ်ထိုးပုံကို ထုလုပ်၍ထားခဲ့သည့်လက်ရာမှာလည်း ရှေးခေတ်မှ အကောင်း' ဆုံးလက်ရာတစ်ခု ပင်ဖြစ်ပေသည်။ ယင်းပန်းပုများမှာ အေသင်နိုင်ငံသား ဆရာတို့၏ လက်ရာများဖြစ်လျက် ကြမ်းတမ်း၍ အသည်းယားစရာကောင်း သော တိုက်ခိုက်မှုများအကြားမှ ကြေကွဲလွမ်းဆွတ်ဖွယ်ရာဖြစ်သော အခန်းကို သရုပ်ဖော်ခဲ့ပုံမှာ ထူးခြားလှသည်။ ထင်ရှားကောင်းမွန်လှသည့် နမူနာများမှာ ကျောက်သားဖြင့်လုပ်သောတလားတွင် ရုပ်လုံးဖော်၍ထားသော အယ်လီဇန်ဒါ က အစ်စပ်စ် စစ်ပွဲကိုအောင်နိုင်ပုံနှင့် မင်းကြီးကိုယ်တော်တိုင် ခြင်္သေ့ရိုင်းကို ထိုးသတ်နေပုံတို့ဖြစ်ရာ ပြင်းထန်လှုပ်ရှား တိုက်ခိုက်ခြင်းနှင့် ကြေကွဲဝမ်းနည်း ဖွယ်ရာသဘောကို တွဲဖက်ထားခြင်းပင်ဖြစ်ရာ ယင်းလက်ရာမျိုးကိုမီအောင် ရှဒ်ကျွန်းသားများကလည်း ပန်းပုပညာကို မြှင့်တင်ခဲ့ကြ၏။ ထိုခေတ်မှ ရှဒ်ကျွန်းသားဆရာတို့၏ လက်ရာများမှာ နမူနာကြည့်စရာများစွာ မကျန်ရစ် သော်လည်း ကျန်သမျှတွင် အကောင်းဆုံးလက်ရာမှာ ထရွိုင်ပြည်သား ဘုန်း တော်ကြီးလေ်ာင်ကွန်းနှင့် သားနှစ်ယောက်ကို မြွေကြီးများကရစ်ပတ်၍ သတ် လိုက်ပုံပင်ဖြစ်ပါသည်။

## ပန်းချီနှင့် မှန်စီပညာ

ဂရိပန်းချီလက်ရာများတွင်လည်း တိုးတက်မှုများစွာကို တွေ့ရပြန်သည်။ ပန်းချီဆရာများသည် ထင်ရှားသောကြေကွဲစရာအဖြစ်အပျက်များမှ စိတ်ကို အထိခိုက်ဆုံးဖြစ်နိုင်မည့်အကွက်ကိုယူ၍ ရေးသားလေ့ရှိကြသည်။ ယင်းတို့ ၏ မူလလက်ရာများကား အစမရှိတော့ပြီ။ သို့သော် ကျော်ကြားသောကား အချို့၏ပုံတူကားများကို အိမ်ကြီးအိမ်ကောင်းများ၏အတွင်းနံရံတွင် ရေးဆွဲ ထားခဲ့သည်ကို လည်းကောင်း၊ ကြမ်းပြင်တွင် ရောင်စုံမှန်နှင့်ကျောက်တို့ဖြင့် အရုပ်ဖော်ကာ ကူးယူထားခဲ့သည်ကိုလည်းကောင်း တွေ့ရှိရသည်။ အစ်စပ်စ် တိုက်ပွဲ၌ ပါရှာဘုရင်ကို အယ်လီဇန်ဒါက လိုက်၍ဖမ်းပုံကို ကြမ်းပြင်၌ မှန်စီ၍ ကူးယူထားပုံကို တွေ့ရဖူး၏။

mgyoe.com

mgyoe.com

## ပုံတူကားနှင့်ရုပ်တုများ

ပန်းပုဖြင့်လည်းကောင်း၊ ပန်းချီဖြင့်လည်းကောင်း ဟယ်လင်ခေတ်တွင် ပုံတူများ သွန်းလုပ်ရေးဆွဲခြင်း ခေတ်စားပြန်သဖြင့် ထိုခေတ်မှ ထင်ရှားသည့် ပုဂ္ဂိုလ်တို့၏ အင်္ဂါရုပ်များကို ယနေ့တိုင် မြင်သိနိုင်ကြသည်။ သို့သော် ပန်းချီရုပ်တုများကား ပျက်စီးခဲ့ပြီဖြစ်သဖြင့် ကြေး သို့မဟုတ် ကျောက်ဖြင့် ထုလုပ်ထားသော ခေါင်းပိုင်း ကိုယ်လုံးပေါ် ရုပ်တုများနှင့် ငွေဒင်္ဂါးများပေါ်တွင် ပါသောအရုပ်များကိုသာလျှင် ယခုခေတ်၌ တွေ့ကြရပေသည်။ အယ်လီဇန်ဒါ၏ လက်စွဲတော်ပန်းချီဆရာမှာ အပယ်လက်ဇ်ဖြစ်၏။ မင်းကြီးမြင်းစီးနေ ဟန်ကို ထိုဆရာရေးဆွဲ၍ လမ်း၌ထောင်ထားရာ မြင်း၏ပုံသည် သက်ရှိ သတ္တဝါနှင့်တူလှသဖြင့် လမ်းမှဖြတ်သွားသော မြင်းတစ်ကောင်က ထိုပုံရှိရာ သို့လာ၍ ဟီဖူးလေသည်ဟု အဆိုရှိသည်။

## (ခ) အသစ်တီထွင်ခြင်း၊ လောကဓာတ်ပညာ စာကြည့်တိုက်နှင့် စာပေ

### စက်မှုပညာတိုးတက်ခြင်းနှင့် နည်းသစ်ထွင်ခြင်း

ဟယ်လင်ခေတ်၏ အသိဉာဏ်တိုးတက်လာပုံမှာ နယ်ကျယ်လှ ရကား အဘက်ဘက်တွင် တိုးတက်ခြင်းများထင်ရှားရှိကြောင်း တွေ့ကြ ရသည်။ နေ့စဉ်ဆောင်ရွက်ဖွယ် အမှုကိစ္စတို့၌ လောကဓာတ် ပညာကိုသုံး၍ အသစ် တီထွင်ခြင်းများကိုပင် ကြံဆပြုလုပ်လာကြလေသည်။ အမှန်အားဖြင့် ထို ခေတ်သည် ယခုခေတ်ကဲ့သို့ နည်းသစ်ထွင်သည့်ခေတ်ပင် ဖြစ်ပါသည်။ နေ့စဉ်ဆောင်ရွက်မြဲ အိမ်မှုကိစ္စ များတွင် လွယ်ကူစိမ့်သောငှာ ဆီကြိတ်စက်၊ ရေသွယ်စက်၊ ကျောက်ခွဲစက်၊ မုန့်မှုန့်ကြိတ်စက် စသည်ဖြင့် စက်ကိရိယာ များ ထွန်းကား၍လာပါသည်။ ပျော်ပွဲရွှင်ပွဲများတွင်လည်း ရုပ်သေးကို စက်ဖြင့်ကပြစေရန် စမ်းသပ်အောင်မြင်ခဲ့လေသည်။

mgyoe.com

mgyoe.com

## အချိန်နှင့် ပြက္ခဒိန်

အီဂျစ်လူမျိုးတို့ လွန်ခဲ့သည့် နှစ်ပေါင်း တစ်ထောင်ကျော်ကပင်လျှင် သုံးစွဲခဲ့သော နေနာရီနှင့် သဲနာရီကို ထိုခေတ်က ပြန်လည်သုံးစွဲကာ လူအများ မြင်နိုင်အောင် ဈေး၌ထား၍ ပေးလေသည်။ ထိုခေတ် ရဟန်းတော်များ၏ အကြံပေးချက်ဖြင့် တော်လေမီမင်းများသည် အီဂျစ်ပြက္ခဒိန်တွင် လေးနှစ် တစ်ကြိမ်ကျ (၃၆၆) ရက်ရှိသော နှစ်တစ်ခုဖြစ်ရမည်ဟု သတ်မှတ်ခဲ့၏။ သို့သော် ပြည်သူအများသည် သုံးကျင့်မရှိသဖြင့် မပြုပြင်လိုကြရကား စန္ဒြမာသကိုပင် ဆက်လက်သုံးစွဲကြ၏။ ဆီးရီးယားနယ်၏မင်းများကမူ မိမိတို့၏မင်းဆက်စသည့်နှစ်မှ အစပြုကာ တစ်နှစ်မြောက် နှစ်နှစ်မြောက် စသဖြင့် ဂဏန်းထိုးကာ နှစ်စဉ်ခေါ်တွင်စေသည်။ အခြားအရပ်များ၌ကား နှစ်စဉ်ဆက်၍ ခေါ်နည်းကို မသုံးကြသေးချေ။

## အာကီမိဒက်ဇ်

ထိုခေတ်က လောကဓာတ်ပညာဆရာများတွင် အထင်ရှားဆုံးပုဂ္ဂိုလ်ကား အာကီမိဒက်ဇ်ဖြစ်၍ ဆာရာကွတ်စ်မြို့သားဖြစ်ပါသည်။ စက်သီးစက်မောင်းများကို စနစ်တကျသုံးစွဲလျက် မောင်းတစ်ခုကို လှည့်လိုက်ရုံဖြင့် ရွက်တိုင်သုံးတိုင်ရှိသော ကုန်အပြည့်တင်ပြီး သင်္ဘော တစ်စင်းကို ဒေါက်တင်ပြီး သို့မဟုတ် ရေချပြီးဖြစ်စေအောင် လုပ်နိုင်သူဖြစ်သဖြင့် ကျော်ကြားခဲ့သည်။ စစ်မက်ရေးတွင် အလွန်အသုံးကျမည့် စက်ယန္တရားများစွာကိုလည်း တီထွင်သဖြင့် ဆာရာကွတ်စ်ကို ရောမပြည်သားတို့ လာရောက်တိုက်ခိုက်သောအခါ၌ သူ၏စက်ယန္တရားများသည် ကာကွယ်ရေးအတွက် များစွာ အသုံးကျခဲ့၏။ သို့သော် အာကီမိဒက်ဇ်သည် လောကဓာတ်ပညာကို လက်တွေ့သုံးသည့်နေရာ၌သာ တော်သည်မဟုတ်ချေ၊ လောကဓာတ်ပညာ၏ အသိဉာဏ်သစ်များကိုလည်း မပြတ်တစေ စူးစမ်းရှာဖွေလျက်ရှိသူဖြစ်သည်။ ဘုရင်၏ရွှေသရဖူသည် ရွှေမစစ်ကြောင်းကို ပြောပြနိုင်ခဲ့သူဖြစ်ရာ ထိုသို့ ပြောပြနိုင်ရန်အတွက် ယင်းသည် ရေတွင် ပစ္စည်းတစ်ခုကိုထည့်၍ ထိုသို့ ထည့်သဖြင့် လျှံတက်လျော့ကျသွားသော ရေအချိန်ကိုကြည့်ရှုရုံဖြင့် ယင်း ပစ္စည်းသည် ရွှေ ငွေ သို့မဟုတ် အခြား မည်သည့်သတ္တုဖြစ်ကြောင်းကို

mgyoe.com

mgyoe.com

ပြောပြနိုင်သောနည်းကို စတင်တွေ့ရှိခဲ့သည်။ ဤသို့အားဖြင့် အာကီမိဒက်ဇ်သည် ရေကိုစံထားနှိုင်းစာသော အလေးချိန်ဟူသော လောကဓာတ်ပညာနည်းကို ဦးစွာ စတင်တွေ့ရှိသူပင် ဖြစ်သည်။ ယင်းသည် ရူပဗေဒပညာတွင်သာ ကျွမ်းကျင်သည် မဟုတ်၊ ရှေးခေတ်၏အတော်ဆုံးသင်္ချာဆရာလည်း ဖြစ်ပေသည်။

## အယ်လီဇန်ဒရီးယား၏ လောကဓာတ်ဆရာများ

ထိုခေတ်တွင် အယ်လီဇန်ဒရီးယားမြို့တော်တွင် လောကဓာတ်ပညာ အထွန်းကားဆုံးဖြစ်ပါသည်။ ထိုမြို့တော်၏ပြတိုက်ကြီးတွင် လောကဓာတ်ဆရာများ စုပေါင်းနေထိုင်ကြကာ တော်လေမီမင်းများက ရိက္ခာထောက်ပံ့သည်။ ထို့ကြောင့် ငွေရေးကြေးရေးကို မကြောင့်ကြရဘဲ ထိုဆရာကြီးများသည် ပြတိုက်ရှိ စာကြည့်တိုက်ဓာတ်စမ်းရုံးနှင့် ခန်းမကြီးများကို အသုံးပြုလျက် လောကဓာတ်ပညာ၏တိုးတက်ရာ တိုးတက်ကြောင်းကို များစွာကြံဆအားထုတ်နိုင်ကြလေသည်။ ထိုဆရာများ၏ကျေးဇူးကြောင့် လောကဓာတ်ပညာသုတေသနသည် စနစ်တကျပေါ်ပေါက်ခဲ့ရလျက် ယင်းတို့ရေးခဲ့သော စာအုပ်ကျမ်းများကား ယခုခေတ်သို့မရောက်မီ နှစ်ပေါင်းနှစ်ထောင်အတွင်းက လူတို့သိတတ်သမျှသော လောကဓာတ်ပညာ၏အကျဉ်းချုပ်ပင် ဖြစ်ပါသည်။

## သင်္ချာပညာရှင်ယူကလစ်နှင့် အာကီမိဒက်ဇ်

အယ်လီဇန်ဒရီးယားပြတိုက်တွင် အထင်ရှားဆုံးသင်္ချာဆရာမှာ ယူကလစ်ဖြစ်၍ ထိုဆရာကြီး၏အမည်သည် ယနေ့တိုင်အောင် ကျော်ကြားနေပါသည်။ ဆရာကြီးရေးခဲ့သည့် ဂျီသြမေတြီကို ယနေ့တိုင် ကျောင်းများတွင် သုံးလျက်ရှိကြရသည်။ အာကီမိဒက်ဇ်သည် အက်လီဇန်ဒရီးယားမှ ဆရာများနှင့် အမြဲမပြတ်အဆက်အသွယ်ပြုကာ ယခုခေတ်အခေါ်အားဖြင့် အထက်တန်းသင်္ချာခေါ်ရမည့်သင်္ချာကို စတင်ထွန်းကားစေခဲ့လေသည်။

mgyoe.com

mgyoe.com

## နက္ခတ်တာရာပညာ

သင်္ချာပညာနှင့်အတူ နက္ခတ်တာရာပညာလည်း တိုးပွားခဲ့သည်။ အယ်လီဇန်ဒရီးယားတွင် တော်လေမီမင်းများက နက္ခတ်တာရာလေ့လာရန် မျှော်စင်ကြီးတစ်ခုကို ဆောက်၍ပေးခဲ့သည်။ ယင်းမျှော်စင်တွင် မှန်ပြောင်းများ မသုံးစွဲတတ်ကြသေးသော်လည်း ဂြိုဟ်သွား ဂြိုဟ်လာတို့၏ အရေးပါသောအချက်များကို လေ့လာမိကြလျက် အသိဉာဏ်သစ်များ တိုးပွားခဲ့ကြ၏။ အထင်ရှားဆုံး နက္ခတ်ဆရာကား၊ ဟီပါကပ်စ်ပင် ဖြစ်၏။ ရှေးကာလ်ဒီယန်များ သိပြီးဖြစ်သော ကမ္ဘာသည် ဝင်ရိုးပေါ်တွင် လည်လျက် တစ်ဖက်သို့ အတန်ငယ် တိမ်းစောင်းလျက်ရှိသည်ဟူသော အချက်ကို ပြန်လည်တွေ့ရှိသဖြင့် ယင်းအချက်ကို ထင်ရှားအောင် သက်သေသာဓကများဖြင့် ပြသနိုင်ကြသည်။ ဤသို့လေ့လာစုံစမ်းချက်များ ပြုလျက်ရှိစဉ် ဟီပါကပ်စ်သည် နက္ခတ်ပေါင်း တစ်ထောင့်တစ်ရာကို စာရင်းမှတ်သား၍ အမည်များ ပေးခဲ့လေသည်။ နက္ခတ်တာရာကို လေ့လာရင်း ဂျီဩမေတြီကို မှီ၍ ဟီပါကပ်စ်သည် တြီဂိုနိုမက်တြီ ပညာကို ထွင်ခဲ့ပြန်သည်။ ကမ္ဘာကြီးသည် ဘောလုံးသဏ္ဌာန်ရှိ၍ လဟာပြင်တွင် အဆိုင်းအတွမရှိဘဲ ရပ်တည်နေသည်ဟူသော ယုံကြည်မှုကိုလက်ခံ၍ ဟီပါကပ်စ်သည် နက္ခတ်တာရာပညာကို အခြေအမြစ်နှင့်တကွ လောကဓာတ်ပညာအားဖြင့် ယုတ္တိတန်သော ပညာတစ်ရပ်ဖြစ်၍လာအောင် ထူထောင်ခဲ့ရာ ယခုခေတ်အမြင်အားဖြင့် အမှားတစ်ခုသာရှိလေသည်။ ထိုအမှားသည် ကမ္ဘာနှင့်အခြားဂြိုဟ်ကြီးများသည် နေကိုလှည့်၍ သွားနေသည်ဟု မထင်ရှားလှသည့် နက္ခတ်ဆရာ အာရစ်တာကပ်စ်က ပြောပြသည်ကို လက်မခံခဲ့ခြင်းပင်ဖြစ်၏။ ဟီပါကပ်စ်၏အယူမှာ ကမ္ဘာသည် စကြဝဠာ၏အလယ်၌ရှိ၍ အခြားနေနှင့်တကွသော ဂြိုဟ်များသည် ကမ္ဘာကိုလှည့်လည်၍ သွားလျက်ရှိကြသည် ဟူသတည်း။ ထို့ကြောင့် ရှေ့လာမည့်နှစ်ပေါင်း တစ်ထောင့်ရှစ်ရာအတွင်းဝယ် လောကဓာတ်ဆရာများက စိတ်ချစွာပင် စကြဝဠာ၏ဗဟိုချက်မ၌ ဤကမ္ဘာရှိသည်ဟု ယုံကြည်ခဲ့ကြသည်။

mgyoe.com

mgyoe.com

## ကမ္ဘာ၏အချင်းကို တွက်ယူခြင်း

နက္ခတ်တာရာပညာ၏ တိုးတက်မှုကြောင့် ပထဝီဝင်ပညာတွင်လည်း တိုးတက်ခဲ့ရသည်။ အယ်လီဇန်ဒရီးယား၏ထင်ရှားသော နက္ခတ်နှင့် သင်္ချာဆရာ ဧရတော့စ်သေနက်စ်သည် ကမ္ဘာမြေ၏အချင်းကို မိုင်အားဖြင့် တွက်ချက်ယူခဲ့ရာ ယခုခေတ်အဖြေမှန်ထက် အနည်းငယ်သာလွဲလေသည်။ တွက်ချက်၍ ယူပုံမှာ နိုင်းလ်မြစ်၏ ပထမမြစ်ကျဉ်းအရပ်ရှိ ရေတွင်းတစ်ခုထဲသို့ နွေရာသီ၏ နေ့တာအရှည်ဆုံးဖြစ်သော ဇွန်လ ၂၂ နေ့ရက်တွင် နေမွန်းတည့်ချိန်၌ နေရောင်သည်တွင်း၏အောက်ခြေသို့ ရောက်အောင် လင်းသောကြောင့် ထိုနေ့ကို မှတ်သားကာ အယ်လီဇန်ဒရီးယားမှ ထွက်၍ နေကိုတိုင်းတာသောအခါတွင် နေသည် ၇½ အံသာ စောင်းလျက်ရှိကာ မြေပြင်အတိုင်းအတာအရ ထိုနှစ်နေရာသည် မိုင် ၅၀၀ နီးပါးမျှ ကွာသောကြောင့် ကမ္ဘာ၏၃၆၀အံသာသည် မိုင်ပေါင်း၂၅၀၀၀ ရှိမည်ဖြစ်၍ ကမ္ဘာအချင်းသည် မိုင်ပေါင်း ၇၈၅၀ ရှိမည်ဟု တွက်ခဲ့သည်။

## အရှေ့သို့ နယ်ပယ်သစ်များ အရှာအဖွေထွက်ကြခြင်း

ကမ္ဘာ့ပမာဏကို သိရှိပြီးသဖြင့် ထိုအကျယ်အဝန်းတစ်ခုလုံးတွင် ပထဝီဝင်အနေအထား မည်သို့ရှိမည်နည်းဟု သိလိုစိတ်ကြောင့် ပင်လယ်ခရီးဖြင့် အရှာအဖွေထွက်ခဲ့ကြသည်။ အရှေ့တိုင်းများသို့ ပေါက်ရောက်အောင် ချီတက်ခဲ့သော အယ်လီဇန်ဒါ၏ကျေးဇူးကြောင့် ကမ္ဘာ့ပထဝီဝင်ဗဟုသုတများစွာ တိုးတက်ခဲ့ရသည်။ စွန့်စားသော အယ်လီဇန်ဒရီးယားကုန်သည်အချို့သည် အိန္ဒိယသို့ ကုန်သွယ်ရန် သင်္ဘောဖြင့် သွားကြလျက် သီဟိုဠ်ကျွန်းနှင့် အိန္ဒိယ ၏အရှေ့ဘက် ဆိပ်ကမ်းများသို့ပင် ရောက်ခဲ့ကြ၍ ထိုဆိပ်ကမ်းတို့၏အရှေ့၌ရှိသော တရုတ်နိုင်ငံ၏အကြောင်းများကို သတင်းစကား ကြားခဲ့ကြရသည်။

## အနောက်နှင့် မြောက်ဘက်သို့ ထွက်ကြခြင်း

အနောက်ဘက်တွင် ၅၀၀ ဘီစီလောက်ကပင်လျှင် ဖိနီရှန် သင်္ဘောသားများသည် ဂျီဘရော်တာကို လွန်လျက် အတ္တလန္တိတ်သမုဒ္ဒရာသို့ ရောက်ကြ

mgyoe.com

mgyoe.com

သည်။ အာဖရိကဏ်တောင်ဘက်သို့ သင်္ဘောဖြင့်သွားကြရာ ဂီးနီးယားသို့ ရောက်ကြဟန်တူကြ၏။ မာဆေးမြို့မှ နက္ခတ်ဆရာ ပစ်သီယပ်စ်သည် ပညာ ဗဟုသုတအလို့ငှာ ကိုယ်ပိုင်သင်္ဘောဖြင့် အင်္ဂလန်ကျွန်းနှင့် အိုက်စလန် ကျွန်းများသို့အရောက် ခရီးထွက်ခဲ့ဖူးသည်။ နွေဦးပေါက်လပြည့်တွင် ဒီရေကြွပုံကို အံ့သြဖွယ် တွေ့ခဲ့ရသဖြင့် ယင်းအခြင်းအရာကို ပြန်၍ ပြောပြ သောအခါ၌ လီဆယ်၍ ပြောသည်ဟုပင် အထင်သေးခံရလေသည်။ ယင်း သို့ ခရီးထွက်၍ လေ့လာမိသမျှကို ပေါင်း၍ ဧရတော့စ်သေနက်စ် ပြည့်စုံ သော ပထဝီဝင် ကျမ်းတစ်စောင်ကို ရေးသားပြုစုခဲ့သည်။ သူ၏ကမ္ဘာမြေပုံ သည် မြေထဲပင်လယ်ပတ်ဝန်းကျင်၌ အသင့်အတင့် မှန်ကန်လျက် ယင်း မြေပုံတွင် ပထမဦးဆုံး လောင်ဂျီတွဒ် ခေါ် ဗဟိုစက်ကွာမျဉ်းနှင့် လတ္တီတွဒ် ခေါ် မရျမျဉ်း များကို ရေးမှတ်ထားသည်။ ထို့ကြောင့် ဧရတော့စ်သေနက်စ် သည် လောကဓာတ် နည်းအရ ပထဝီဝင်ကို ပထမဦးဆုံး ရေးသားသူပင် ဖြစ်သည်ဟု ဆိုရပေမည်။

## ရက္ခဗေဒ၊ သက္ကဗေဒနှင့် ဆေးပညာ

တိရစ္ဆာန်နှင့် အပင်ငယ်ကလေးများ၏ သဘောကို လေ့လာရာတွင် အရစ်စတော်တယ်လ်နှင့် တပည့်များသည် ခေါင်းဆောင်များဖြစ်ကြ၍ ထိုပညာရပ်များနှင့် ပတ်သက်၍ ယင်းတို့ထက် တော်သော ပညာရှင်များ ရှေးခေတ်က မပေါ်ခဲ့ဖူးချေ။ ရက္ခဗေဒလေ့လာရာတွင် မှန်ဘီလူး၏ အကူ အညီမရှိသေးသဖြင့် များစွာနယ်ကျဉ်းလျက် အမှားများပါသည် မှန်သော် လည်း အချက်အလက်အသစ်ပေါင်း မြောက်မြားစွာကိုပင် ရှာဖွေတွေ့ရှိခဲ့လေ သည်။ လူခန္ဓာကိုယ်၌ အရိုးများတည်ဆောက်နေပုံနှင့် ဆေးပညာကို အယ်လီဇန်ဒရီးယားမှ လောကဓာတ်ဆရာများသည် အရှေ့တိုင်းပညာရှင် များထံမှ နည်းယူလျက် ဆက်လက်ကြံဆကြသည်။ လွန်ခဲ့သော အနှစ်နှစ်ရာ' ခန့်က ပါရှဧကရာဇ် ဒရိုင်ယပ်စ်၏ ငွေအထောက်အပံ့ဖြင့် ပြန်လည်ထူထောင် ခဲ့သော အီဂျစ်ဆေးကျောင်းသည် အယ်လီဇန် ဒရီးယားနှင့် မိုင်ငါးဆယ် မျှသာကွာ၏။ ထို့ကြောင့် ရှေးဆေးဆရာတို့၏နည်းကိုမှီး၍ အယ်လီဇန်ဒရီး ယားမှ ဆရာများက လူ ဦးနှောက်နှင့် အာရုံကြောများ နေပုံစနစ်ကို မှန်ကန်စွာ

mgyoe.com

mgyoe.com
နားလည်၍ လာကြသည်။ ဤဆရာများ ခွဲစိတ်ကုသရန် တော်လေမီဘုရင်များက ရာဇဝတ်ကောင်များကိုပေးခဲ့၏။ ထိုကြောင့် ထိုဆရာများသည် ကမ္ဘာတွင် ဦးစွာပထမ လူခန္ဓာကိုယ် စနစ်တကျခွဲစိတ်ခြင်းပညာ၌ လက်တွေ့ရှိသူများဖြစ်ပါသည်။ လက်တွေ့ ခွဲစိတ်ကြည့်သဖြင့် အာရုံကြောအားလုံးကို ဦးနှောက်မှ ကြိုးကိုင်ကြောင်း နားလည်ခွင့်ရကြလေသည်။ အထူးချွန်ဆုံးဖြစ်သော ဆရာဟီရိုဖီလစ်သည် မျက်လုံးမှ ဦးနှောက်သို့ ဆက်နေသော အာရုံကြောကို စတင်တွေ့ရှိခဲ့သည်။ ထိုအသိဉာဏ်တို့ကိုမှီ၍ လူ၏ခန္ဓာကိုယ်တွင် သွေးများလှည့်လည်ပုံကို နားလည်နိုင်ရန် အလွန်နီးစပ်ခဲ့ပြီဖြစ်သော်လည်း သွေးကြောများကို အဆုတ်မှလေလွှတ်ပေးသော အကြောများဖြစ်မည်ဟု အထင်မှားခဲ့ကြသည်။ အယ်လီဇန်ဒရီးယားသည် ရှေးခေတ်အခါက ဆေးပညာသုတေသန၏ ဗဟိုဌာနဖြစ်သောကြောင့် ယင်းမြို့တော်သို့ အရပ်ရပ်မှ ဆေးပညာသင်ရန် ပညာတော်သင်လူငယ်များ လာရောက်လေ့ရှိသည်။

## နိုင်ငံတော်စာကြည့်တိုက်

သဘာဝလောကဓာတ်ပညာ ခေတ်စားသကဲ့သို့ပင် ရှေးဟောင်းစာပေနှင့် ဘာသာစကားများ၏ အကြောင်းဇာစ်မြစ်များကို လေ့လာခြင်းများလည်း ခေတ်စားခဲ့သည်။ ရှေးအခါကပင် အရှေ့တိုင်းများ၌ ဘုရင့်စာကြည့်တိုက်များ ရှိခဲ့ဖူးသော်လည်း ဂရိများတွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော နိုင်ငံတော်စရိတ်ဖြင့် ပြုစုကည်ထောင်သည့် စာကြည့်တိုက်သည် ၃၅၀ ဘီစီခန့်က ပင်လယ်နက်ကမ်းခြေရှိ ဟာရကလီယားမြို့တော်၌ ပေါ်ထွန်းခဲ့၏။ နောင်အခါတွင် ပါဂမမ်ဘုရင်ကလည်း ကျော်ကြားသော စာကြည့်တိုက်တစ်ခုကို တည်ထောင်ခဲ့သည်။ ပြတိုက်နှင့်တွဲလျက် စာကြည့်တိုက်ကို ထားရှိရာ စာလိပ်ကျမ်းပေါင်း ခုနစ်သိန်းမျှပင် ရှိခဲ့ဖူးသည်။ ဤမျှများပြားသော ကျမ်းများကို စနစ်တကျထိန်းသိမ်း၍ စာရင်းလုပ်ခြင်း ကိစ္စသည် ပညာသစ်တစ်ရပ်ပင် ဖြစ်လေသည်။ ပထမဦးဆုံး စာကြည့်တိုက်မှူးသည် ဇိနိုဒိုတပ်စ်ဖြစ်၏။ သို့သော် စာအုပ်စာရင်းကိုလုပ်သူမှာ သဘာဝတ္တပညာဆရာ စာဆိုကာလီမတပ်စ်ဖြစ်၍ အဖိုးထိုက်သော စာအုပ်များအားလုံးကို နာမည်နှင့်တကွ စာရေးဆရာအမည်များကိုပါတွဲ၍ အခန်းပေါင်း တစ်ရာ့နှစ်ဆယ်ခွဲလျက်
mgyoe.com

mgyoe.com

မှတ်သားခဲ့သည်။ ဤစာကြည့်တိုက်တွင် လက်ရေးမူများနှင့် စာအုပ်များကို ရေးကူး၍ထားရာ ထိုမူတို့သည် တိကျမှန်ကန်ရန် များစွာပင်လိုသည်။ ဤအချက်တွင်လည်း အယ်လီဇန်ဒရီးယား စာကြည့်တိုက်သည် စံနမူနာထားရလောက်အောင် မှန်ကန်သေချာသော စာကြည့်တိုက်ဖြစ်ခဲ့သောကြောင့် အခြားအခြားသော စာကူးသမားတို့နှင့် စာကြည့်တိုက်တို့သည် အယ်လီဇန်းဒရီးယားစာကြည့်တိုက်မူကို စံထားကြရသည်။ ယခုခေတ်ပုံနှိပ် ထုတ်ဝေခဲ့သော ဟိုမာ၊ ဇင်နိုဖင်နှင့် အခြားဂရိစာရေးဆရာများ၏ကျမ်းများမှာ တစ်ဆင့်ကူးထားသည့် အယ်လီဇန်ဒရီးယားမူများပင်ဖြစ်၏။ စာကြည့်တိုက်ကြီးမှာကား ပျက်စီးခဲ့ရသည်။

## ဘာသာစကားလေ့လာခြင်း၊ စာလုံးအဘိဓာန်နှင့် သဒ္ဒါကျမ်း

စာမူများကိုတည်းဖြတ်ခြင်းနှင့် အထားအသိုကျစ်လျစ်အောင် စီစဉ်ခြင်းများပြုလုပ်ရာ၌ ဘာသာစကားကြွယ်ရန် လိုပေမည်။ မူနှစ်မူကွဲလျှင် မည်သည့်မူမှန်သနည်းဟူသော ပြဿနာပေါ်ပေမည်။ အချို့စာလုံးတို့သည် တိမ်ကောနေပြီဖြစ်ရာ သတ်ပုံအငြင်းပွားစရာလည်း ရှိတတ်၏။ ထို့ကြောင့် အယ်လီဇန်ဒရီးယားမှ စာပေဆရာ များသည် အဘိဓာန်များကို စတင်ပြုစုကြသည်။ ထို့ပြင် သဒ္ဒါနည်းများကိုလည်း ဆန်းစစ်ပါများသဖြင့် ၁၂၀ ဘီစီတွင် ဒိုင်အိုနီစီရပ်စ်သည် ပထမဂရိ သဒ္ဒါကျမ်းကို စီရင်ရေးသားသည်။ သဒ္ဒါဆိုင်ရာဝေါဟာရများကိုပင် ပညတ်ခဲ့သဖြင့် ယခုတိုင် သုံးစွဲလျက် ရှိကြ၏။ ယင်းသဒ္ဒါကျမ်းကို နှစ်ပေါင်းများစွာ အသုံးပြုခဲ့ကြ၍ ယခုခေတ်တွင် ဘာသာများစွာ၏သဒ္ဒါကျမ်းများအတွက် အခြေခံကျမ်းဖြစ်ခဲ့သည်။

## စာပေ

စာပေမှာလည်း အယ်လီဇန်ဒရီးယားမှ ပညာရှင်များစွာ၏ ကျေးဇူးကြောင့် ကြီးပွားခဲ့ရ၏။ စာကြည့်တိုက်မှူး ကာလီမကပ်စ်သည် ထိုခေတ်၏စာဆိုကျော်ဖြစ်ခဲ့သည်။ ထိုခေတ် စာဆိုများသည် စစ်ပွဲများ၊ အတ္တုပ္ပတ္တိများနှင့်ကပ်သုံးပါးဆိုက်ပုံများကို ရှေးကလို မော်ကွန်းသီချင်းအဖြစ်ဖြင့် မစပ်ဆို

mgyoe.com

mgyee.com


ကြရေ၏။ သို့သော် စမ်းရေယဉ်ဘေးတွင် ချစ်သူကိုတမ်းတလျက် ပလွေမှုတ်နေသောသိုးထိန်းတစ်ဦး၏အကြောင်းမျိုးကိုမူ ဖွဲ့နွဲ့သီကုံးလေ့ရှိသည်။ ဤအဖွဲ့မျိုးတွင် အတော်ဆုံးပုဂ္ဂိုလ်ကား စီစီလီသား သီအိုခရိတပ်စ် ဖြစ်ပါသည်။ သူဖွဲ့ဆိုခဲ့သော ဇာတ်လမ်းကလေးများသည် စာပေလောက၌ နှစ်ပေါင်းနှစ်ထောင်ကျော်မျှ ကျော်ကြားခဲ့၏။ ပြဇာတ်များ၌လည်း နေ့စဉ်အဖြစ်အပျက်ကို မှုတည်၍ ဇာတ်လမ်းဆင်ကာ ကပြစပြုလေသည်။ ပြဇာတ်ရေးရာ၌ အေသင်နိုင်ငံသား မိနန်ဒါသည် အကျော်ကြားဆုံးဖြစ်၏။

## (ဂ) ပညာရေး၊ သဘာဝတ္တပညာနှင့် သာသနာယုံကြည်မှု

### မူလတန်းပညာ

အဘက်ဘက်တွင် တိုးတက်နေသော ထိုခေတ်တွင် ပညာရေးသည်လည်း တိုးတက်ခဲ့သည်။ အခြေခံမူလတန်းကျောင်းများသည် ယခင်က အလွတ် ပညာသင်ကျောင်းများသာ ဖြစ်သော်လည်း ယခုနိုင်ငံတော်၏ အထောက်အပံ့ခံဖြစ်လာပါသည်။ လူငယ်တစ်ဦးသည် မူလတန်းကျောင်းတွင် သင်ကြားတတ်မြောက်၍ ပြီးသောအခါ နှုတ်မှုပညာသင်တန်း သို့မဟုတ် လောကဓာတ်ပညာ၊ သဘာဝတ္တပညာနှင့် သင်္ချာပညာများကို ကစားရုံကြီး၏ ဟောပြောခန်းများတွင်သာ သွားရောက်သင်ယူကြရသည်။

### အထက်တန်းပညာရပ်များ ပေါ်ထွန်းခြင်း

ထိုကြောင့် ကစားရုံများသည် အထက်တန်းပညာရေးအတွက် မြေတောင်မြှောက်ရာ ဒေသများပင် ဖြစ်သည်။ ထိုကစားရုံများ၌ ကိုယ်လက်လှုပ်ရှားကစားခြင်းကို မလုပ်နိုင်သူများသည် ပြတိုက်၌ နောက်ဆုံးရှာဖွေတွေ့ရှိသော လောကဓာတ်ပညာ ဗဟုသုတအကြောင်း သို့မဟုတ် သင်တန်းတစ်ခုမှ စာပြောဆရာ၏ဟောပြောချက်နှင့်ပတ်သက်၍ ဝေဖန်စကားကိုလည်းကောင်း ပြောဆိုဆွေးနွေးလျက် ကစားခုန်စားမှုများကို ကြည့်ရှု၍ နေတတ်ကြလေသည်။ ယင်းတို့ ဆွေးနွေးသံကို ကစားမြူးထူးကြသော လူငယ်များလည်း နားရင်းနေရင်း ကြားမိကြမည်ဖြစ်သဖြင့် လောကဓာတ်

mgyee.com

mgyoe.com

ပညာရပ်များကို အနည်းအများဆိုသလို နားလည်၍လာကြသည်။ ထို့ကြောင့် လူငယ်များစွာပင် အယ်လီဇန်ဒရီးယား ပြတိုက်ကြီး၌ လည်းကောင်း၊ အေသင်မြို့တော်၌လည်းကောင်း နှစ်အနည်းငယ်မျှ သွား၍ အထက်တန်းပညာရပ်များကို လေ့လာလေ့ရှိကြပြန်သည်။

## အသက်မွေးပညာနှင့် လောကဓာတ်ပညာ

အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုကို သင်လိုသော လူငယ်တစ်ဦးသည် ထိုပညာဆိုင်ရာ အထူးသင်တန်းများကို တက်ရောက် လေ့လာမှ ဖြစ်မည်ဟု နားလည်လာကြ၏။ ဆေးပညာသင်လူငယ်ကဲ့သို့ပင် ဗိသုကာပညာကိုလည်း စနစ်တကျ သင်အံလေ့လာရလေသည်။ ဗိသုကာဆရာဖြစ်လိုသူသည် အဆောက်အအုံ ဆောက်နည်း၊ တံတားခင်းနည်း၊ လေးလံသော ဝတ္ထုပစ္စည်းများကို လွယ်ကူစွာသယ်ယူနည်းနှင့် စက်ယန္တရားများ အကြောင်းတို့ကို လေ့လာရ၏။ ဤသို့ပင် အထက်တန်းပညာရပ်များဖြစ်သော နက္ခတ်တာရာပညာသို့မဟုတ် သင်္ချာသို့မဟုတ် ပထဝီဝင်စသည်များတွင် တစ်ဘာသာလျှင် တစ်မျိုးကျ အထူးသင်တန်းများ၌ လေ့လာသင်ကြားကြရသည်။ လောကဓာတ်ပညာကို လေ့လာလိုသော လူငယ်များသည် အယ်လီဇန်ဒရီးယားပြတိုက်ကြီးတွင် လေ့လာကြရသည်။

## ပြတိုက်ပင်လျှင် တက္ကသိုလ်ဖြစ်၍ လာခြင်း

ပြတိုက်အဆောက်အအုံကြီး၌ နက္ခတ်တာရာပညာ၊ ပထဝီဝင်၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဆေးပညာ သို့မဟုတ် နှုတ်ရေးပညာ၊ သဒ္ဒါနှင့် စာပေသင်တန်းများစွာရှိ၍ မပြတ် စာဝါပို့ချလျက် ရှိပေသည်။ ဆေးပညာနှင့် ခွဲစိတ်ကုသခြင်းများအတွက် လက်တွေ့သင်တန်းများရှိ၍ နက္ခတ်တာရာကိုလည်း ထင်ရှားသော ဆရာတစ်ဦးဦးနှင့်တွဲ၍ လက်တွေ့လေ့လာကြရသည်။ ထို့အတူ စာပေဝါသနာထုံသူများအတွက်လည်း စာကြည့်တိုက်ကြီး ရှိလေသည်။ ပညာအရပ်ရပ်ကိုလေ့လာသူများအထဲမှ ထူးချွန်သူအချို့သည် အချိန်တန်လျှင် ယင်းတို့ကိုယ်တိုင်ပင် ဆရာများဖြစ်လာပါသည်။

mgyoe.com

mgyoe.com

## အေသင်၏ အကယ်ဒမီနှင့် လီစီယမ်တက္ကသိုလ်များ

အယ်လီဇန်ဒရီးယားသည် ပထမ၌ သဘာဝတ္တပညာတွင် စိတ်ပါဝင်စားခြင်း မရှိခဲ့ချေ။ သဘာဝတ္တပညာတွင် အေသင်သည်သာလျှင် ခေါင်းဆောင်ခဲ့ပေ၏။ အေသင်တွင် အကယ်ဒမီ၏သစ်ရိပ်များ၌ ပလေတို ထူထောင်ခဲ့သော သဘာဝတ္တပညာသင်တန်းများသည် သင်ကြားမြဲသင်ကြားလျက်ရှိသေးသည်။ အယ်လီဇန်ဒါ မင်းသားကို စာသင်ပေးပြီးနောက် အရစ်စတော်တယ်လ်သည် အေသင်သို့ပြန်လာ၍ လီစီယမ်ဥယျာဉ်၌ ကျောင်းသီးခြားထူထောင်ခဲ့သည်။ ထိုကျောင်းက အရိုးများတည် ဆောက်ပုံ၊ သတ္တဗေဒနှင့် ရုက္ခဗေဒများကိုလည်း သင်ကြား၍ပေးခဲ့၏။ ထိုကျောင်းသည် အသိဉာဏ်တိုးတက်ရန် သုတေသနလည်း ပြုသေးသည်။ အသစ်တွေ့ရှိ ချက်များကို မှတ်သားထားသောစာရွက်စာတမ်းများစွာပင် ဆရာကြီးအရစ်စတော်တယ်လ်သေဆုံးပြီးနောက် ပျောက်ဆုံးခဲ့၍ သင်တန်းများပင်လျှင် တိမ်ကောခဲ့ရသည်။

## အရစ်စတော်တယ်လ် ပြုစုခဲ့သော ကျမ်းများ

ရှေးခေတ်ကမ္ဘာက လူတို့သိတတ်သမျှသော အသိဉာဏ်ပညာအားလုံးကို စုပေါင်း၍ သိသာလွယ်အောင် ရှင်းလင်းဖော်ပြရေးသား၍ ထားခဲ့သော အရစ်စတော်တယ်လ်၏ ကျမ်းများမှာ ရှေးခေတ်အခါ ပြိုင်ဘက်ကင်းအောင် ပြည့်စုံသော ကျမ်းများပင်ဖြစ်၏။ ထို့ကြောင့်လည်း အရစ်စတော်တယ်လ်ကို ခေတ်ဟောင်းမှ အတော်ဆုံး ဉာဏ်ကြီးရှင်ဟု ဂုဏ်ထူးဝိသေသပြုကြရသည်။ ခေတ်လယ်သို့ ရောက်လာသည့်တိုင်အောင် ဥရောပတိုက်သားတို့သည် လောကဓာတ်ဆိုင်ရာ အသိဉာဏ်ကို အသစ်ပွားစီးအောင် မကြံဆကြဘဲ အရစ်စတော်တယ်လ်ရေးခဲ့သမျှကိုသာ ပြန်လှန်ကိုးကားကြသည်က များ၏။

## စတောဝစ်ဝါဒနှင့် ပေါ်ကူရေနီယဝါဒ

သို့သော် များစွာသော ဂရိပညာရှင်များသည် ပလေတို၏အကယ်ဒမီနှင့် အရစ်စတော်တယ်လ်၏ ပါရိပတက်တစ်ကျောင်းများမှ ရှာဖွေတွေ့ရှိသမျှသော ပညာရပ်များလောက်နှင့် တင်းတိမ်ကြသည်မဟုတ်ချေ။ လူ့ဘဝတာ၏အောင်မြင်ခြင်းနှင့် နှစ်သက်ရွှင်လန်းခြင်းကို ပေးနိုင်မည့် အသိပညာမျိုး

mgyoe.com

mgyoe.com

ကို လိုလားကြ၏။ ထိုကြောင့် ယင်းဆန္ဒမျိုးကို ဖြည့်စွမ်းရန် အေသင်တွင် သဘာဝတ္တပညာဆိုင်ရာ ကျောင်းနှစ်မျိုး ပေါ်ထွန်းခဲ့ပြန်သည်။ ပထမကျောင်းကို အရှေ့တိုင်းမှ ဆီမိုက်အနွယ်ဖွားဖြစ်၍ ဆိုင်ပရစ်တွင်မွေးသည့် ဇီနိုက ထောင်သည်။ ဇီနိုသည် အေသင်ဈေးတံခါးတွင် တရားဟောပြော လေ့ရှိရာ ထိုမုခ်မျိုးကို စတောဝါဟုခေါ်သောကြောင့် ယင်း၏သင်တန်းကျောင်းကိုလည်း နောင်အခါ စတောဝစ်ကျောင်းဟု ခေါ်စမှတ်ပြုကြသည်။ ဇီနွန်၏ သွန်သင်ချက်အရ လောကတွင် အကောင်းတစ်ခုတည်းသာရှိ၍ ယင်းမှာ ကောင်းမြတ်သော အကျင့်အကြံဖြစ်၍ တစ်ခုတည်းသော အဆိုးမှာလည်း ဆိုးသွမ်းယုတ်မာခြင်းပင်ဖြစ်သည်။ ထိုကြောင့် ဘဝတာတွင် လူတိုင်း အမြင့်ဆုံး ရည်ရွယ်ချက်အဖြစ်ဖြင့် မျှော်မှန်းသင့်သောအရာကား ကောင်းသော အကျင့်အကြံမှရစေမည့် စိတ်ချမ်းသာမှုပင်ဖြစ်၍ လောကဓံ၏ဆူကြုံနိမ့်မြင့်များနှင့် တွေ့ရသောအခါများတွင် ထူး၍ဝမ်းသာဝမ်းနည်း မဖြစ်ရန် ကြိုးစားသင့်ပုံများကို ဟောပြောခဲ့၏။ ယင်း၏တပည့်များမှာလည်း ထိုကြောင့် စိတ်ဓာတ်တည်မြဲခိုင်ခံ့ခြင်း ရှိကြသဖြင့် နောင်အခါဝယ် စတော့ဝစ်ဝါဒဟူသည် ဒုက္ခဝေဒနာစသည်များကို မတုန်မလှုပ်သည်းခံနိုင်ခြင်းဟူသော သဘောအဓိပ္ပာယ်နှင့်ပင် သုံးစွဲလာကြသည်။ စတော့ဝစ်ကျောင်းသည် များစွာ နာမည်ကျော်၍လာကာ များမကြာမီပင် သဘာဝတ္တပညာ၏ အကြီးဆုံး ကျောင်း ဖြစ်ခဲ့ရ၏။ ဒုတိယကျောင်းမှာ ဧပီကူရပ်စ်က ထူထောင်သော ကျောင်းဖြစ်၍ စိတ်ရော လူပါ ပျော်ရွှင်မှုသည်သာလျှင် လောကတွင် အလိုလားအပ်ဆုံး ဖြစ်ရကား ပျော်ရွှင်မှုကို သတိပညာနှင့် ထိန်းအုပ်လျက် မြင့်မြတ်စွာ ကြံဆဖော်ထုတ်၍ တရားမျှတစွာ အမှုကိစ္စအဝဝကို ဆောင်ရွက်ပါမှ ထိုပျော်ရွှင်မှုကို ရနိုင်ပေမည်ဟု ဟောပြောခဲ့သည်။ ထို့ကြောင့် ဧပီကူရပ်စ်၏တပည့်များသည် စိတ်ဓာတ်စင်ကြယ်၍ ကိုယ်တွင်းပြည့်စုံအောင် ကြံဆနေထိုင်ကြလေသည်။ သို့သော် နောင်အခါဝယ် ရောမများက လောကတွင် စည်းစိမ်ယစ်လျက် ယုတ်မာမှုများကို စိတ်အလိုလိုက်၍ လုပ်လိုသောအခါများ၌ ဆရာကြီးဧပီကူရပ်စ်၏ဟောပြောချက်များကို မိမိတို့လိုသလိုဆွဲ၍ အဓိပ္ပာယ်ယူကြကာ မနက်ဖြန်တွင်သေကောင်းသေမည် ဖြစ်ရကား ယနေ့ အတားအဆီးမရှိ စားသောက်ပျော်ပါးသင့်သည်ဟူသော အသုံးကို တွင်တွင်

mgyoe.com

mgyoe.com
သုံး၍ လာကြသဖြင့် ယနေ့တိုင်အပျော်ကြူးသူများကို ဗေိက္ကူရေဟု ခေါ်စမှတ်ပြုကြ၏။

## အေသင်တက္ကသိုလ်မှ ဖြန့်ဖြူးသော ယဉ်ကျေးမှု

အဆိုပါကျောင်းများသည် ချမ်းသာသောတပည့်နှင့် မိတ်ဆွေများ၏ အထောက်အပံ့ကိုမှီ၍ တည်တံ့ခဲ့ရသည်။ ကျောင်းကို အုပ်ချုပ်သူနှင့်တကွ လက်ထောက်ဆရာများနှင့် ခြွေရံသင်းပင်းတို့သည် အဆောက်အအုံတစ်ခု တည်းတွင် စု၍နေထိုင်လေ့ရှိကြ၏။ ဤကျောင်းများအနက် အရစ်စတော်တယ်လ် အသက်ရှိစဉ်က ဆရာကြီး၏ကျောင်းသည် အအောင်မြင်ဆုံးဖြစ်သည်။ အယ်လီဇန်ဒရီးယားပြတိုက်သည် အေသင်နိုင်ငံမှ ကျောင်းများ စနစ်ကိုယူ၍ တည်ဆောက်ခဲ့လျက် အယ်လီဇန်ဒရီးယား၏စနစ်ကို နှောင်းခေတ်တက္ကသိုလ်များက အတုယူကြရသည်။ ထို့ကြောင့် အေသင်မှ အကယ်ဒမီ၊ လီစီယမ်၊ စတောဝစ်၊ ဗေိက္ကူရပ်စ်ဟူသော လေးဌာနပေါင်းလျှင် တက္ကသိုလ်တစ်ကျောင်းဖြစ်သည်ဟူ၍ ယူဆလျှင် မမှားနိုင်ချေ။ အေသင်၏နိုင်ငံရေးအာဏာစက် လျှော့ကျပြီးသောအခါ၌ပင်လျှင် အေသင်သည် ပညာရေးဗဟိုဌာန ဖြစ်သည်ဟူ၍ ကျော်ကြားခဲ့ပြန်သည်။ ပညာရေးတွင် အေသင်သည် ယဉ်ကျေးသည့် တစ်ကမ္ဘာလုံးအတွက် ခေါင်းဆောင်ဖြစ်ခဲ့သည်။

## ဂရိဘုရားများတွင် အယုံအကြည်နည်းလာခြင်း

ပညာရေးတွင် အထက်တန်းကျသူများအတွက် စတောဝစ်ဝါဒ သို့မဟုတ် ဗေိက္ကူရပ်စ်ဝါဒများသာလျှင် သာသနာယုံကြည်မှုများ ဖြစ်၍လာခဲ့သည်။ ထိုသူများတွင် ဘုရား၌ ယုံကြည်စိတ်ပပျောက်ခဲ့သည်။ ဘုရားများကား လူတော်များကို အချီးအမွမ်း ပိုခြင်းသာဖြစ်သည်ဟု ယူဆကြသည်။ ဥယောမေရပ်စ်ဆိုသူ ဝတ္ထုရေးဆရာတစ်ဦးကမူ အိန္ဒိယသမုဒ္ဒရာများသို့ စွန့်စား၍ ခရီးထွက်ခဲ့ရာဝယ် အံ့ဩဖွယ်ကောင်းသည့် ကျွန်းများစွာကို ရောက်ခဲ့ပုံနှင့်တကွ ဘုရားချုပ်ဇုစ်၏ကျောက်ဂူတော်ရှိသော ကျွန်းတွင် ဘုရားချုပ်၏ အတ္ထုပ္ပတ္တိကို ရွှေပြားဖြင့် ရေးသားထားပုံ ကိုဖော်ပြလျက် ထိုစာတမ်းတွင် လူ့ဘဝ၌ ဇုစ်သည် ဘုရင်တစ်ဦးဖြစ်၍ ယဉ်ကျေးမှုတိုးတက်စေရန် များစွာ
mgyoe.com

mgyoe.com

ကြိုးစားခဲ့ဖူးသောကြောင့် သေသည်၏အခြားမဲ့၌ ဘုရားဖြစ်လေပြီဟု လူအများက မြှင့်တင်၍ ကိုးကွယ်ကြပုံကို အတွေးကောင်းကောင်းနှင့် ဖတ်ချင်စဖွယ်ရေးသားခဲ့၏။ ဤဝတ္ထုမျိုး ခေတ်စားလာသဖြင့် ဘုရားများကို ယခင်ကကဲ့သို့ တစ်ယူသန် စွဲမြဲယုံကြည်သူများ ပပျောက်၍ လာခဲ့သည်။ ထို့ပြင်လွတ်လပ်စွာ တွေးခေါ်ပြောဆိုမှုများကို ယခင်ကလို အတားအဆီး အပိတ်အပင်မရှိသဖြင့် ဘုရားရှိမရှိကို များစွာဝေဖန်ပြောဆိုလာကြသည်။ ယခင်ကဆော့ခရတက်ဇ်ကဲ့သို့သော အယူသစ်ဆရာများကို သတ်ဖြတ်ခြင်းနှင့်ပြည်နှင်ဒဏ်ပေးခြင်းများ မရှိတော့ချေ။

## အရှေ့တိုင်းမှ ဘုရားများခေတ်စား၍လာကြခြင်း

သို့သော် လူများစုမှာ သဘာဝတ္တပညာများကိုလည်း နားလည်နိုင်စွမ်းမရှိသည့်ပြင် နားလည်ရန် သင်တန်းတက်ခွင့်လည်း မရနိုင်သောကြောင့်ယင်းတို့အဖို့ ဘုရားတစ်မျိုးမျိုး ရှိရပေဦးမည်။ ဘုရားဟောင်းများကို ယုံကြည်မှု ပို၍လာသောအခါများ၌ အရှေ့တိုင်းမှ ဘုရားများ ခေတ်စား၍ လာပြန်သည်။ တော်လေမီဘုရင်များကလည်း အရှေ့တိုင်း ဘုရားတစ်ဆူဖြစ်သောဆေရပစ်ကို နိုင်ငံတော်ဘုရားအဖြစ်ဖြင့် အသိအမှတ်ပြု၍ အယ်လီဇန်ဒရီးယား မြို့တော်၌ ကြီးစွာသော ဘုရားကျောင်းကိုဆောက်၍ ကိုးကွယ်ခဲ့သည်။ ဘက်ဘီလွန်နီးယားမှ နက္ခတ်ဆရာများ၏ ဗေဒင်ဟောပြောနည်းသည်မြေထဲပင်လယ်သို့ ပျံ့လွင့်ခဲ့၏။ နေရာတိုင်းမှာပင် အရှေ့တိုင်းယုံကြည်မှုနှင့်ဘုရားရုပ်တု အမှတ်အသားများ ခေတ်စားခဲ့သည်။ ထိုကြောင့်လည်း ရှေ့အဖို့တွင် အရှေ့တိုင်း၏ သာသနာတစ်ရပ် ဖြစ်သော ခရစ်ယာန်သာသနာသည်ဥရောပ၌ ထွန်းလင်းလာနိုင်ခြင်း ဖြစ်ပါသည်။

## ဃ။ ဟယ်လင်ကမ္ဘာ၏ ဟယ်လင်အရှေ့တိုင်းယဉ်ကျေးမှု

## မြေထဲပင်လယ်ကမ္ဘာသို့ အရှေ့တိုင်းယဉ်ကျေးမှု ပျံ့လွင့်လာခြင်း

အရှေ့တိုင်း၏ နိုင်ငံရေးအာဏာစက်ကို အယ်လီဇန်ဒါက ချေမှုန်းခဲ့သော်လည်း အရှေ့တိုင်း၏ ယဉ်ကျေးမှုအာဏာစက်ကား အနောက်သို့

mgyoe.com

mgyoe.com

ပျံ့နှံ့မြဲပင် ပျံ့နှံ့ခဲ့သည်။ ရောင်းဝယ်ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ အနုပညာ၊ လက်မှုပညာ၊ စာပေနှင့်ယုံကြည်မှုများတွင် အရှေ့တိုင်းမှ အယူအဆများ လွှမ်းမိုး၍ လာခဲ့၏။ ပါလက်စတိုင်းမှ အခြေတည်၍ပေါ်ခဲ့သော ခရစ်ယာန် သာသနာသည် အမှန်အားဖြင့် ဥရောပတွင် လက်ခံကျင့်သုံးနေသည့် များစွာ သော အရှေ့တိုင်းအယူအဆများအနက် ထင်ရှားသောအယူအဆ တစ်ခုမျှ သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ဂရိယဉ်ကျေးမှုသည် ယင်း၏ဘာသာ စာပေပြဇာတ်၊ ကစားခုန်စားမှုမှစ၍ အင်္ဂါရပ်အစုံဖြင့် အရှေ့တိုင်းသို့ ပျံ့လွင့် လာသကဲ့သို့ပင် အရှေ့တိုင်း၏ယဉ်ကျေးမှုလည်း မြေထဲပင်လယ်ကမ္ဘာကို လွှမ်းမိုးခဲ့လေသည်။ ဤသို့အားဖြင့် ကြာသော် ဟယ်လင် အရှေ့တိုင်းယဉ် ကျေးမှု ဟူ၍ မူလယဉ်ကျေးမှုကြီး နှစ်ရပ်ကို ပေါင်းစပ်၍ ပေါ်ပေါက်လာ ခဲ့ရ၏။

## နိုင်ငံသား အခွင့်အရေးများ ပပျောက်ခဲ့ခြင်း

ဤသို့ ရောနှောလာခြင်းကြောင့် ရှေးဂရိတို့၏အလေ့ဖြစ်သော မြို့နိုင်ငံ သဘောနှင့် နိုင်ငံသားအခွင့်အရေးများ တိမ်ကောပပျောက်ခဲ့ရ၏။ ဒေသ တစ်ခုတည်းကိုသာ စွဲလမ်းသောစိတ်ပျောက်လျက် နိုင်ငံတကာစိတ်များ ပေါ်ပေါက်ခဲ့၏။ ဒေသစွဲစိတ်နှင့် နိုင်ငံတကာစိတ်၏အကြားဖြစ်သော အမျိုး သားစိတ် သို့မဟုတ် မျိုးချစ်စိတ်များ မပေါ်ပေါက်သေးချေ။

## မြို့နိုင်ငံတိမ်ကောခြင်း

ရှေးဂရိယဉ်ကျေးမှုတွင် မြို့နိုင်ငံသည် အရေးပါသောအဖွဲ့အစည်းတစ်ခု ဖြစ်၏။ မြို့နိုင်ငံတိုင်းသည် ယဉ်ကျေးမှု၏အချက်အချာဒေသများ ဖြစ်ခဲ့၏။ သို့သော် ယခု ဟယ်လင်အရှေ့တိုင်းခေတ်တွင် မြို့နိုင်ငံတို့ အရေး မပါတော့ ချေ။ မြို့နိုင်ငံတစ်ခုစီ၌ ရှိသော သီးခြားဘုရားများမှာ လည်း တိမ်ကောခဲ့ရပြီ။ ယခင်က မြို့နိုင်ငံကို နိုင်ငံသားတိုင်း လက်နက် စွဲ၍ ကာကွယ်ခဲ့၏။ ယခုမြို့ နိုင်ငံ့ထက် အဆများစွာကြီးသော လက်နက်နိုင်ငံတော်ကို ကြေးစားစစ်သား တို့က ကာကွယ်လျက် ရှိချေပြီ။ ထို့အတူအုပ်ချုပ်ရေးကို ယခင်က နိုင်ငံသား တိုင်း အလှည့်ကျဆောင်ရွက်သော်လည်း ယခုအုပ်ချုပ်မှု သက်သက်ကို

mgyoe.com

mgyoe.com

လေ့လာသင်ကြားထားသော လခစား အရာရှိအရာခံများ ရှိလာသည်။ ထို့ကြောင့် နိုင်ငံသားတို့သည် အုပ်ချုပ်ရေး၊ ကာကွယ်ရေးတာဝန်မှ ကင်းလွတ်လျက် စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး တို့ကိုသာ အားစိုက်ချိန် အပြည့်ရလာကြပါသည်။

## အနောက်ဘက်မှ လွှမ်းမိုးလာခြင်း

အရှေ့မြေထဲပင်လယ် ကမ္ဘာကို ၂၀၀ ဘီစီသို့ ရောက်သောအခါ ညာဘအနောက်မြေထဲပင်လယ်ကမ္ဘာမှ လာရောက်ကျူးကျော် လွှမ်းမိုးခြင်းကို တွေ့ကြရ၏။ ထို့ကြောင့် အနောက်မြေထဲပင်လယ်ကမ္ဘာ၏ ခေါင်းဆောင် ဖြစ်သော ရောမပေါ်ထွန်း တိုးတက်လာပုံကို ဆက်လက် လေ့လာသင့်ကြပေသည်။

❐

mgyoe.com

mgyoe.com

# အခန်း (၃)
# အနောက်မြေထဲပင်လယ်ကမ္ဘာနှင့်ရောမ

## က။ အနောက်မြေထဲပင်လယ်ကမ္ဘာ

### မြေထဲပင်လယ်ကို နှစ်ပိုင်း ပိုင်းခြင်း

မြေထဲပင်လယ် ကို အမှတ်အသား လွယ်ကူစေရန် အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ နှစ်ပိုင်းပိုင်းခဲ့သည်။ ဤသို့ပိုင်းခြားခြင်းမှာ အမှန်အားဖြင့် ရာဇဝင်ကို လေ့လာရန်အတွက်သာ ဖြစ်သောကြောင့် သဘာဝ ပထဝီဝင်၏ အပိုင်းအခြား မဟုတ်ချေ။ ရာဇဝင်လေ့လာမှုအတွက် ပိုင်းခြားပေးသော အကြောင်းရင်းမှာ ယဉ်ကျေးမှုထွန်းကားသော အစဉ်တွင် မြေထဲပင်လယ်၏ အရှေ့ဘက်၌ ယဉ်ကျေးမှုရောက်ပုံမှာ များစွာနှေးကွေးလှသောကြောင့် ဖြစ်ပါသည်။ ဤသို့ ပိုင်းဖြတ်ရာ၌ အီတလီသည် အနောက်ပိုင်းနယ်ခြားပင် ဖြစ်၏။

### အရှေ့မှအနောက်သို့ ကြေးခေတ်ယဉ်ကျေးမှု ရောက်လာခြင်း

ခေတ်ဦးတွင် အနောက်မြေထပင်လယ်ကမ္ဘာ၌ အရေးပါဆုံး ဒေသမှာ အီတလီဖြစ်သည်။ အကြမ်းအာဖြင့် အီတလီသည် အရှေ့ဘက်၌ ကုန်းမြင့်၍ အနောက်သို့ လျှောဆင်းသွားသည်။ ကျွန်းဆွယ်ကြီး တစ်ခုလုံး

mgyoe.com

mgyoe.com

သည် မြောက်မှတောင်သို့ မိုင်ခြောက်ရာမျှ ရှည်၏။ အီတလီသည် ဂရိ ထက် လေးဆမျှရှိ၍ ဂရိကဲ့သို့ တောင်များဖြင့် အစိတ်စိတ်ပိုင်းခြားလျက် မရှိချေ။ အက်ပင်နိုင် တောင်တန်းသည် မြောက်အရပ်၌ ကျွန်းဆွယ်ကို ကန့်လန့်ခံမည့်ပုံပေါ်သော်လည်း တောင်ဘက်သို့ဆင်းခဲ့သောအခါ၌မူ ကမ်း ခြေနှင့် မျဉ်းပြိုင်ကဲ့သို့ မြောင်လျက် တည်ရှိလေသည်။ လယ်ယာကိုင်းကျွန်း လုပ်ရန် မြေပြန့်ပေါ်များလျက် သိုး၊ ဆိတ်မွေးရန်လည်း ကုန်းမြင့် စားကျက် များစွာရှိ၏။ ထို့ကြောင့် သဘာဝအားဖြင့် ဂရိမှာထက် လူများများ ပို၍နေနိုင် ရန် အစာရေစာနှင့်တကွ နေရာထိုင်ခင်းရှိသည်။ သို့သော် အီတလီတွင် ဂရိမှာကဲ့သို့ သင်္ဘောဆိပ်ကောင်းများ မရှိချေ။ ထို့ကြောင့် ရောင်းဝယ်ရေး ထက် စိုက်ပျိုးရေး ပိုမိုထွန်းကား၏။ အီတလီ၌ ကျောက်ခေတ်နှောင်း ယဉ်ကျေး မှု ထွန်းကားခဲ့သော်လည်း ကြေးခေတ်သို့ရောက်လာခါမှ အီတလီသည် ပိုမိုစည်ပင်၍ လာပါသည်။ အရှေ့ဘက်မှ ကြေးခေတ်ယဉ်ကျေးမှုသည် ပင်လယ်ခရီးဖြင့် အနောက်ဘက်သို့ ရောက်ခဲ့၏။ စီစီလီ၏ ခေတ်ဦး သင်္ချိုင်း ဂူများတွင် အရှေ့ဘက်နယ်များဖြစ်သော ဂရိနှင့် မိုင်ဆီနီပညာသည်တို့၏ လက်ရာဖြစ်သော သတ္တုစားမြောင်၊ အိုးခွက်၊ လက်ကောက်၊ ပုတီး၊ နား တောင်း စသည်များကို တွေ့ရသည်။ ဂရိပညာရှင်များသည် စီစီလီတွင်ပင် လာရောက်နေထိုင်လျက် ပစ္စည်းများ ထုတ်လုပ်၍ အသက်မွေးကြသည် ဟူ၍လည်း မှန်းဆစရာအချက်အလက်များ ရှိလေသည်။ သို့သော် အရှေ့ ဘက်သားတို့၏ကုန်ရောင်းလာသော သင်္ဘောများမှ ဝယ်ယူသုံးစွဲကြသည် လည်း ဖြစ်နိုင်၍ ၂၀၀၀ ဘီစီမှစလျက် အနောက်ဘက် စပိန်အထိ အရှေ့ဘက် သားတို့၏ကုန်ရောင်းသင်္ဘောများ ရောက်ခဲ့ကြောင်း အထောက် အထားများ ကို တွေ့ရှိရလေသည်။ စပိန်တွင် ၁၅၀၀ ဘီစီလောက်၌ ကြေးခေတ် ယဉ်ကျေးမှုကောင်းစွာ ထွန်းကားလာလျက် တောင်ပိုင်းပြင်သစ်နှင့် ဒင်န်ျူ မြစ်ဝှမ်း၏ အထက်ပိုင်းများသို့ ပျံ့နှံ့ခဲ့သည်ဟု ယုံကြည်မှတ်သားရသည်။

## မြောက်ဘက်အီတလီသို့ ဒင်နြူမှ လူများဆင်းလာခြင်း

ဒင်န်ျူမြစ်ဝှမ်းသားတို့သည် ကြေးခေတ်ယဉ်ကျေးမှုကို ယူဆောင်ခဲ့၍ အီတလီ၏မြောက်ပိုင်း ရေအိုင်များ၏ ပတ်ဝန်းကျင်တွင် လာရောက်နေထိုင်

mgyoe.com

mgyoe.com
ကြ၏။ ပိုမြစ်ဝှမ်းတွင်လည်း တိုင်ရှည်အိမ်များဆောက်၍ ရွာတည်နေထိုင်ကြသည်။ ယင်းတို့သည် ၂၀၀၀ ဘီစီ ကျော်ကစ၍ သတ္တုကို သုံးစွဲတတ်ပြီဖြစ်ကြောင်း သက်သေအထောက်အထားများ တွေ့ရ၏။ ထိုသက်သေဖြစ်သော သတ္တုပစ္စည်းများ၏ လက်ရာကိုကြည့်ခြင်းအားဖြင့် ထိုလူများသည် မြောက်ဘက်မှ ဆင်းလာကြောင်း ထင်ရှားလှသည်။ သို့သော် သတ္တုများကို ခေါ်ဝေါ်သော နာမည်များမှာ အရှေ့တိုင်းမှ ဆင်းသက်လာကြောင်းကို ဖော်ပြ၏။ နမူနာပြောရလျှင် ကြေးကို (ကောပါး) ဟုခေါ်ရာတွင် ယင်းစကားသည် အီတလီတွင် (ကြူပရမ်) ဟုခေါ်၍ အမှန်မှာ ကြေးသတ္တုတွင်းများရှိသော ဆိုင်ပရပ်ခေါ် ကြူပရမ်ကျွန်းကိုစွဲ၍ ခေါ်ဝေါ်ခြင်းပင် ဖြစ်သည်။ ထို့အတူ (ဘရွန့်ဇ်)ခေါ် ကြေးလောဟာမှာ ဘရွန်ဒေဇီယမ်မြို့မှရသဖြင့် ယင်းအမည်မှ ဆင်းသက်လာဟန်ရှိသည်။ (ဘရွန်ဒေဇီယမ်မြို့မှာ ယခုဘရင်ဒီဇီဖြစ်၍ အီတလီတောင်ဘက်ဖျားတွင် ရှိသောကြောင့် ထိုမြို့သည် ကြေးသတ္တုကို အရှေ့ဘက်မှ အရင်ဆုံးရရှိကာ အီတလီတစ်ကျွန်းလုံးသို့ ဖြန့်ဖြူးဟန် လက္ခဏာရှိသည်)။

## အီတလီသို့ အင်ဒိုဥရောပအနွယ်ဝင်များ ရောက်လာခြင်း

ပိုမြစ်ဝှမ်းတွင် လူနေအိမ်ခြေများ ရောက်လာပြီးသည့်နောက် များမကြာမီပင် ဥရောပသို့ အင်ဒိုဥရောပအနွယ်ဝင်များ တိုးဝင်၍လာကြရာ တစ်စုသည် အီတလီသို့ဝင်ခဲ့၏။ ယင်းတို့တွင် လူမျိုးအုပ်စုများစွာရှိသော်လည်း အထင်ရှားဆုံးလူစုမှာ အီတာလစ်များ ဖြစ်လျက် ကျွန်းဆွယ် တစ်ခုလုံးပင်လျှင် နောင်အခါဝယ် ယင်းတို့ကိုစွဲ၍ အီတလီဟူသော နာမည်ကို ရလေသည်။ ဤလူစုသည် စီစီလီသို့ပင် ကူး၍ နေထိုင်ကြသည်။

## အီတလီ၏ အရိုင်းခေတ်

အီတလီသို့ ဝင်လာသော အင်ဒိုဥရောပ အနွယ်ဝင်များသည် အီတလီကျွန်းဆွယ်ကြီး၌ ဂရိစသော အရှေ့ဘက်မှ ယဉ်ကျေးမှုများကို အတုယူ၍ ကြီးပွားနေကြသည့် လူစုအနည်းငယ်မှတစ်ပါး ကျန်ဒေသများတွင် ကျောက်ခေတ်နှောင်းအထိသာ ယဉ်ကျေးသေးသည့်လူများကို တွေ့ကြရသည်။ ယင်း
mgyoe.com

mgyoe.com
တို့သည် ရွာငယ်များတွင်နေလျက် အကာအကွယ်အလို့ငှာ ခံတပ်စသည် သုံးရကောင်းမှန်း မသိသေးချေ။ လက်မှုပညာတွင်လည်း များစွာအောက်တန်းကျလျက် စာရေးခြင်းနှင့် စာပေမထွန်းကားသေးကြောင်း သိရပါသည်။

## အပြိုင်ဖြစ်သော လူစုများ

အီတာလစ် လူမျိုးတို့သည် စိုက်ပျိုးရေးနှင့် သိုးဆိတ်မွေးမြူရေးကိုသာ လုပ်ကိုင်တတ်သော တောသားများဖြစ်၍ စာပေမတတ်ကျွမ်းကြသဖြင့် ရှေ့အဖို့တွင် ကြီးပွားတိုးတက်ရာလမ်း မရှိနိုင်ဟူ၍ပင် ထင်မှတ်လောက်သည်။ သို့သော် ယင်းတို့၏မှတ်သားလောက်သော အရည်အချင်းများမှာ မလျှော့သောလုံ့လရှိခြင်းနှင့် အပင်ပန်းခံနိုင်ခြင်းတို့ ဖြစ်သည်။ ယင်းတို့ အီတလီတွင် ပြိုင်ဆိုင်ရသည့် ရန်သူများမှာ ပိုမြစ်ဝှမ်းတွင် နေသူများအပြင် အရှေ့မြေထဲပင်လယ် ကမ္ဘာမှ အီတလီသို့လာ၍နေကြသော ပစ္စည်းဥစ္စာနှင့်တကွ လက်နက်အစည်းအရုံး အုပ်ချုပ်ရေးတို့တွင် ယင်းတို့ထက် များစွာသာသောသူများ ရှိသေးသည်။ ထိုသူတို့သည် အီတလီ၏ဆိပ်ကမ်းမြို့များကို တည်ထောင်လျက် ရောင်းဝယ်ရေးဖြင့် ကြီးပွား၍ နေကြရာ ရွာငယ်များ၌သာ နေနိုင်သော အီတာလစ်များသည် ထိုသူတို့၏နိုင်ငံရေးအာဏာစက်ကို အလွယ်နှင့် တွန်းလှန်နိုင်မည်မဟုတ်ချေ။ ထိုသူတို့ကား အက်ထရပ်စကင်း၊ ဂရိနှင့် ဖိနီရှန်တို့ သုံးဦးပင် ဖြစ်ပါသည်။

## အက်ထရပ်စကင်းတို့ နေထိုင်ရာ

အက်ထရပ်စကင်းတို့သည် တိုင်ဗာမြစ်၏မြောက်ဘက်၌ အီတလီအနောက်ကမ်းခြေ တစ်လျှောက်တွင် စတင်နေထိုင်ခဲ့ကြသည်။ ယင်းတို့မှာ ယဉ်ကျေးပြီး လူမျိုးများဖြစ်၍ ဂရိဒေသများသို့ အင်ဒိုဥရောပအနွယ်ဝင် ဂရိများတိုးဝင်လာသောအခါ အိုးမဲ့အိမ်မဲ့ဖြစ်၍ အခြေပျက်၊ အနေပျက် ဖြစ်ကာ အီဂျစ်သို့ ပြောင်းရွှေ့ခဲ့ကြရာ အီဂျစ်ဘုရင် ရမ်ဆက်ဖ် ၃–က ယင်းတို့ကို တိုက်ခိုက်နှင်ထုတ်သောကြောင့် ၁၂–ရာစု ဘီစီရှေ့ပိုင်းက စ၍ အီတလီသို့ ရောက်လာခဲ့ကြ၏။ ကမ်းခြေမှ အတွင်းဘက်သို့ ဝင်ရောက်ကြသောအခါ ပိုမြစ်ဝှမ်းမှ တိုင်ရှည်အိမ်နှင့်ရွာတည်နေသူများကို လည်းကောင်း၊ အီတာလစ်
mgyoe.com

လူမျိုး လူရိုင်းတို့ကိုလည်းကောင်း တွေ့ရှိရ သော်လည်း ယင်းတို့၏ရန်ကို အလွယ်တကူပင် နှိမ်နင်းနိုင်လျက် အေဂျင်ကမ္ဘာမှ နောက်ထပ်ရောက်လာသော အမျိုးတူ လူများ၏အားဖြင့် မကြာမီပင် အီတလီမြောက်ပိုင်း တိုင်ဗာမြစ်မှ အာနပ်စ်မြစ်အထိ နေရာအားလုံးကို သိမ်းယူနေထိုင်ကြလေသည်။

## အီတလီတွင် ဦးစွာပထမ ပေါ်ထွန်းခဲ့သော အက်ထရပ်စကင်းတို့၏ ယဉ်ကျေးမှု

အက်ထရပ်စကင်းတို့၏ လက်မှုပညာများသည် ၉ ရာစုဘီစီသို့ ရောက်သောအခါ စတင်တိုးတက်လာကြောင်း တွေ့ရ၏။ ဟစ်တစ်ဒေသမှ အနောက်သို့ ပြေးခဲ့ရသူများ ဖြစ်သဖြင့် ယင်းတို့၏အနုပညာလက်ရာများတွင် အရှေ့တိုင်းပုံစံကို သိသိသာသာ မြင်နိုင်ပါသေးသည်။ စင်စစ် ထိုသူများပင် အီတလီသို့ အရှေ့တိုင်းယဉ်ကျေးမှုကို ပထမဦးဆုံး ဆောင်ကြဉ်းခဲ့သူများဖြစ်သည်။ နမူနာပြရလျှင် အက်ထရပ်စကင်းတို့ သူရဲစီးမြင်းရထားကို သုံးခြင်း၊ အဆောက်အအုံတွင် ကုန်းပေါက်ဖောက်ခြင်း၊ ဘုရားများကို ယဇ်ပူဇော်ခြင်းနှင့် ယဇ်ကောင်ဖြစ်သော သိုး၏အသည်းကိုကြည့်၍ ဗေဒင်ဟောခြင်းစသည်တို့မှာ အရှေ့တိုင်းက သယ်ယူခဲ့သောပစ္စည်းနှင့် အယူအဆများပင်ဖြစ်သည်။ ထို့ပြင် ပြုလုပ်သမျှ လက်မှုပညာ လက်ရာများမှာလည်း အရှေ့တိုင်းပုံစံများအတိုင်းဖြစ်၍ အီဂျစ်နှင့်အဆာရီယာလက်ရာများကို ကူးယူထားခြင်းပင် ဖြစ်ပါသည်။ နောက်ခပ်ကျကျ ရောက်လာသော အက်ထရပ်စကင်းများက ဖိနီရှန်များထံမှ စာရေးနည်းအက္ခရာများကို ယူခဲ့ကြသဖြင့် အီတလီတွင် စာပေရောင်ခြည် ပေါ်ထွန်းပြန်သည်။ အရှေ့တိုင်း၏နည်းအတိုင်း သတ္တုပစ္စည်းများကို လုပ်ရာ၌ ထူးခြားကောင်းမွန်လှသောကြောင့် ယင်းတို့၏ ကြေးလောဟာ အသုံးအဆောင်ပစ္စည်းများသည် ခေတ်ဟောင်းကမ္ဘာက အကောင်းဆုံးလက်ရာ များဖြစ်သည်ဟု အသိအမှတ် ပြုကြရသည်။ ထို့အတူ ရွှေပန်းထိမ်လက်ရာတွင်လည်း ဗိုလ်စွဲလျက် ၆၀၀ ဘီစီတွင် ဆေးခြယ်၍ထားသည့် အက်တစ်ခ် အိုးများမပေါ်မီက အက်ထရပ်စကင်း အိုးခွက်များသည် အနောက်တိုင်းများ၌ အကောင်းဆုံးဖြစ်သည်။

mgyoe.com

mgyoe.com

## အက်ထရပ်စကင်းကုန်သည် အထက်တန်းစားများ

အက်ထရပ်စကင်း အထက်တန်းစားများသည် ပင်လယ်တွင်းကူးသန်းသွားလာခြင်းဘဝကို မစွန့်လွှတ်ကြောင်း တွေ့ရသည်။ ထို့ပြင် ယင်းအထက်တန်းစားများပင် ရောင်းဝယ်ရေးနှင့် လက်မှုပညာကို စီမံအုပ်ချုပ်ခဲ့ကြသည်။ ထို့ကြောင့်လည်း အီတလီ၊ ကော်စီကား၊ ဆာဒီနီးယားနှင့် စီစီလီတို့ဝိုင်းလျက်ရှိသောပင်လယ်ကို အက်ထရပ်စကင်းတို့၏ပင်လယ်ဟု အဓိပ္ပာယ်ရသည့် တာရီနီယန်ပင်လယ်ဟု ခေါ်ကြသည်။ မြေထဲပင်လယ်အနှံ့ပင် အက်ထရပ်စကင်းတို့ ကူးသန်းသွားလာ၍ ရောင်းဝယ်ကြ၏။ ထို့အတူ မြောက်ဘက်အဲ့လ်ပ်တောင်များကို တောင်ကြားလမ်းများမှ ဖြတ်ကျော်၍လည်း အရောင်းအဝယ်လုပ်ကြသည်။ ယင်းတို့သည် မြို့ရိုး ကျုံးစသည်တို့ဖြင့် ကာကွယ်၍ထားသောမြို့များ၌ နေကြကာ မြို့တစ်မြို့လျှင် အုပ်ချုပ်ရေးမှူး ကုန်သည်ကြီးတစ်ဦးရှိ၍ ထိုအရှင်နှင့် အမျိုးအဆွေတို့သည် ထိုမြို့၏အမှုကိစ္စအားလုံးကို စီမံအုပ်ချုပ်ကြလေသည်။

ဤမြို့မျိုး တစ်ဆယ့်နှစ်မြို့ရှိ၍ ယင်းမြို့များကို ပြည်ထောင်စုသဖွယ်စုပေါင်းထားသည် မှန်သော်လည်း ထိုပြည်ထောင်စုကို စည်းလုံးညီညွတ်သောနိုင်ငံကြီးတစ်ခုဟု မယူဆနိုင်ချေ။ အက်ထရပ်စကင်းများသည် တဖြည်းဖြည်း အီတလီအနှံ့မှ နယ်ချဲ့ရန် ကြိုးစားကြသဖြင့် အီတလီကျွန်းဆွယ်တစ်ခုလုံးပင် ယင်းတို့လက်အောက်သို့ ကျရောက်တော့မည်ကဲ့သို့ ထင်မှတ်ရလေသည်။

## ကာသေ့ချ်တွင် ကြီးပွားလာသော ဖိနီရှန်များ

သို့သော် အနောက်မြေထဲပင်လယ်ကမ္ဘာကို လွှမ်းမိုးနိုင်မည့် အရည်အသွေးရှိသူများအနက် အနောက်သို့ စွန့်စားခဲ့သော ဂရိနှင့် ဖိနီရှန်များလည်းရှိပေသေးသည်။ ဖိနီရှန်များသည် အီတလီ၏ တောင်ဘက်ဖျားနှင့် ဆက်စပ်မတတ်ရှိသော အာဖရိကတိုက်၏ မြောက်ဘက်ကမ်းခြေတွင် ၁၀၀၀ ဘီစီကျော်ကတည်းက လာရောက်နေထိုင်ကြကာ အနောက်မြေထဲ ပင်လယ်ကမ္ဘာတွင် ရောင်းဝယ်ရေး အလွန်စည်ကားသော ကာသေ့ချ်မြို့ကို တည်ထောင်ကြ၏။ ပြီးမှ မြောက်အာဖရိက ကမ်းခြေတစ်လျှောက်တွင်လည်းကောင်း၊ စပိန်

mgyoe.com

mgyoe.com
တွင်လည်းကောင်း၊ စိစိလီကျွန်းတွင်လည်းကောင်း ကာသေ့ချ်မြို့သားတို့ နယ်ချဲ့လာကြလေသည်။

## အနောက်သို့လာ၍ တိုင်းသစ်ပြည်သစ်တည်သော ဂရိများ

ဂရိတို့သည် သူကောင်းခေတ်၌ အနောက်မြေထဲပင်လယ်ကမ္ဘာသို့ နယ်ချဲ့လာခဲ့ကြပုံကို တွေ့ခဲ့ကြရပြီ။ ၈ ရာစုဘီစီတွင် ဤဂရိပြည်သစ်တည်သူများသည် စိစိလီနှင့် တောင်ပိုင်းအီတလီတွင်လည်းကောင်း၊ စပိန်အရှေ့ကမ်းခြေတွင်လည်းကောင်း အခြေတကျနေထိုင်မိကြလေသည်။ ယင်းတို့တည်ထောင်သည့် ပြည်သစ်များအနက် စိစိလီကျွန်း၏အရှေ့ဘက်ကမ်းရှိ ဆာရကွတ်မြို့သည် အကြီးကျယ်ဆုံးဖြစ်၏။

## အနောက်ဘက် ဂရိများရန်သူတို့ကို အောင်နိုင်ခြင်း

အက်ထရပ်စကင်း၊ ကာသေ့ချ်မြို့သားနှင့် ဂရိသုံးဦးတို့ကို အီတာလစ်များနှင့်နှိုင်းစာသော် ယင်းသုံးဦးက များစွာအင်အားကြီးမားလှသဖြင့် အီတာလစ်များကို အမှတ်မျှပင်မထားကြဘဲ ယင်းတို့ သုံးဦးသားတို့သာလျှင် အချင်းချင်းရန်စပြုလျက် အနောက်တိုင်းတွင် ဗိုလ်စွဲရန်ကြိုးစားလျက် ရှိကြ၏။ ဂရိပင်မနိုင်ငံများကို ပါရှတို့တိုက်ခိုက်ကြစဉ် ကာသေ့ချ်ဖိနိရှန်များသည် ပါရှတို့နှင့်ပူးပေါင်း၍ အီတလီနှင့် စိစိလီရှိဂရိများကို ရန်မူခဲ့ရာ ၄၈၀ ဘီစီတွင် ဆာရာကွတ်မှ ဂရိတို့က ကာသေ့ချ်မြို့သားများကို အောင်လိုက်နိုင်ကြောင်း တွေ့ခဲ့ရပေပြီ။ ထိုသို့ အောင်ပွဲရပြီးသည့် နောက်နှစ်များမကြာမီပင် ဆာရာကွတ်မှ ဂရိများသည် တောင်ဘက်သို့ ကျူးကျော်လာသော အက်ထရပ်စကင်းရေတပ်ကို နှိမ်နင်းနိုင်ခဲ့လေသည်။ ဤသို့ဖြင့် အီတလီ၏ဂရိတို့သည် အနောက်မြေထဲပင်လယ်ကမ္ဘာတွင် နိုင်ငံရေး အာဏာကြီးမားလျက် ထင်ရှား၍ လာခဲ့ပါသည်။

## ဒီအိုနစ်ရှီယပ်စ်၏ ဆာရာကွတ် လက်နက်နိုင်ငံတော်

ဆာရာကွတ်၏ တိုင်းရင်ဖြစ်သူ ဒီအိုနစ်ရှီယပ်စ်သည် ၄၀၀ ဘီစီကျော်၌ စိစိလီနှင့် တောင်ပိုင်းအီတလီကို ပေါင်း၍ အနောက်ဘက်ဂရိနိုင်ငံတော်ကို
mgyoe.com

mgyoe.com
ထူထောင်ခဲ့၏။ သို့သော် ယင်းကိုဆက်ခံသူများသည် အရည်အချင်း ညံ့ဖျင်းသူများသာ ဖြစ်သောကြောင့် အုပ်ချုပ်ရေးတွင် မနိုင်မနင်းဖြစ်ကာ ပညာရှိ ပလေတိုကို ခေါ်ယူလျက် ယင်း၏နိုင်ငံရေးဝါဒများကို လက်တွေ့လုပ်စေသော်လည်း ပြိုပျက်ခြင်းအန္တရာယ်ကို မတားနိုင်သဖြင့် ဆာရာကွတ် လက်နက်နိုင်ငံတော် (၃၅၇–၃၅၄ ဘီစီ) ပျက်စီးရလေသည်။

## ဂရိတို့အနောက်မြေထဲပင်လယ်ကမ္ဘာသို့ ယဉ်ကျေးမှု သယ်ဆောင်လာခဲ့ခြင်း

ဂရိပင်မတွင် စည်းလုံးသော နိုင်ငံကြီးတစ်ခု ဖြစ်အောင် မထူထောင်နိုင်ခဲ့ကြသလိုပင် အနောက်ဘက်ဂရိများလည်း နိုင်ငံကြီးတစ်ခု ထူထောင်ရာ၌ မအောင်မြင်ခဲ့ကြသော်လည်း အရှေ့ဘက်မှ ယဉ်ကျေးမှုကို အနောက်ဘက်သို့ အောင်မြင်စွာသယ်ဆောင်လာနိုင်ခဲ့၍ အနောက်တွင် ထိုယဉ်ကျေးမှုကို ကောင်းစွာ ပျံ့နှံ့စေလေသည်။ အနောက်ဘက်ဂရိတို့၏ယဉ်ကျေးမှုသည် ဂရိပင်မနိုင်ငံများ၏ ယဉ်ကျေးမှုအတိုင်းပင် တိုးတက်ခဲ့၏။ ဂရိတို့သည် ကာသေ့ချ်မြို့သားနှင့် အက်ထရပ်စကင်းတို့ နှစ်ဦးစလုံးကို အောင်နိုင်သော အချိန်လောက်မှာပင် ဆာရာကွတ်စသော အနောက်ဂရိမြို့များ၌ ခမ်းနားကြီးကျယ်သော အဆောက်အအုံများကို စတင်တည်ဆောက်လေသည်။ ဂရိတို့၏ဟယ်လင်ခေတ်ယဉ်ကျေးမှု အချိန်သို့ရောက်သောအခါ ဆာရာကွတ်၌ အာကိမိဒက်စ်ကဲ့သို့သော ထူးခြားသည့်ပညာရှင်များ ပေါ်ပေါက်ခဲ့၏။

## (ခ) ခေတ်ဦးရောမ

## လက်တင်လူမျိုးစုနှင့် အယ်လဗာလောင်းဂါမြို့

အီတလီ၏ အလယ်လောက်တွင် အနောက်ဘက်ကမ်းခြေသို့ စီးဆင်းသော တိုင်ဗာမြစ်၏လက်ဝဲဘက်ကမ်းတွင် လက်တင်စုခေါ်သော အီတာလစ်လူမျိုးစုတစ်စု နေစမှတ်ပြုသည်။ အဆိုပါ လက်တီယမ် ခေါ် လက်တင်လူမျိုးစုသည် ရွာငယ်ကလေးများ၌သာနေ၍ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးကို ပြုလုပ်ကြ၏။ ယင်းတို့နေရာအရပ်မှာ မြေသြဇာညံ့ခြင်းကြောင့်
mgyoe.com

mgyoe.com

အလုပ်ကို အပင်ပန်းခံ၍လုပ်နိုင်မှ စားလောက်ရုံရသဖြင့် ဖွဲခတ်၍ အလုပ်ကြမ်းကိုလည်း လုပ်နိုင်ခြင်းအလေ့အထကို ရရှိခဲ့ကြ၏။ တစ်နှစ်လျှင် တစ်ကြိမ်ကျ အယ်လဗန်တောင်ထွတ်တွင်မြေအုတ်ဖြင့် ဆောက်လုပ်ထားသော ဘုရားဂျူပီတာ၏ကျောင်းတော်တွင် လက်တင်လူမျိုးစု အားလုံးစုဝေး၍ပွဲတော်ကျင်းပမြဲဖြစ်သည်။ ထိုတောင်နှင့်ကပ်လျက် အယ်လဗာလောင်းဂါးခေါ် မြို့ငယ်တစ်ခုရှိလေရာ ထိုမြို့ငယ်ပင်လျှင် ထိုလူမျိုးစု၏ဗဟိုမြို့ ဖြစ်လာ၍ အပရန်များပေါ်ပေါက်လျှင် ထိုမြို့တွင်းမှစု၍ ပူးပေါင်းတော်လှန်လေ့ရှိကြသည်။ တိုင်ဗာမြစ်၏လက်ယာဘက်တွင် အက်ထရပ်စကင်းများ ကြီးပွားထွန်းကားနေကြပုံကို မြင်သဖြင့် ကြောက်ရွံ့ခြင်းဖြစ်လျက် မိမိတို့ဘက်သို့ ကျူးကျော်မလာနိုင်စေရန် ကာကွယ်ရေးကို ကြိုတင်၍ စီမံထားကြလေသည်။

## ရောမပေါ်ထွန်းလာခြင်း

အဆိုပါ လက်တင်တောနေ လယ်သမားများသည် အသုံးအဆောင်လက်နက် စသည့်ပစ္စည်းများကို လိုသောအခါ၌ တိုင်ဗာမြစ်ဝမှတစ်ဆယ့်နှစ်မိုင်မျှကွာသော လက်ဝဲဘက်ကမ်း၏ မြစ်ဆိပ်တစ်နေရာသို့ လာကြလျက် မိမိတို့တွင် ပါလာသော ကောက်ပဲသီးနှံနှင့် ကျွဲနွားသိုးဆိတ်တို့ကို လိုရာအသုံးအဆောင်များနှင့် အက်ထရပ်စကင်း ကုန်သည်များထံမှ လဲလှယ်၍ယူကြသည်။ ထိုနေရာ၌ မြစ်ကျဉ်းသဖြင့် မြစ်ကိုဖြတ်လျက် တံတားရှိသည့်အပြင် ပလာတိုင်းတောင်ကုန်းရှိသဖြင့် ကာကွယ်ရေးအတွက် ခံတပ်ကောင်းရှိသောကြောင့် လက်တင်တို့က လူမျိုးခြားတို့နှင့် ဆက်သွယ်ရန် ထိုနေရာကို ရွေးချယ်ထားခြင်း ဖြစ်ပါသည်။ ထိုဈေးခံတပ်နေရာသည် ကြာသော် ရောင်းဝယ်ရေး ဖြစ်ထွန်းစည်ကားလျက် ရောမအမည်နှင့်ရွာ ဖြစ်လာပါသည်။

## ၇၅၀ ဘီစီလောက်တွင် ရောမကို အက်ထရပ်စကင်းတို့က သိမ်းယူခြင်း

ပြည်ပရန်ကို ကြောက်သဖြင့် သတိနှင့် ကာကွယ်ရေးကို ပြင်ဆင်ထားကြသည်မှန်သော်လည်း ၇၅၀ ဘီစီလောက်တွင် အက်ထရပ်စကင်းများ

mgyoe.com

mgyoe.com

သည် လက်တင်လူမျိုးစုကို စတင်တိုက်ခိုက်ပါသည်။ ရောမကို သိမ်းယူလျက် မြို့ကြီးဖြစ်အောင် တည်ဆောက်ကြသည်။ ထို့အတူပင် အယ်လဗာလောင်းဂါးမြို့ကြီးကိုလည်း သိမ်းယူသဖြင့် လက်တင်လူမျိုးစုသည် လက်အောက်ခံဖြစ်ခဲ့ရ၏။ အက်ထရပ်စကင်းများ၏ လက်အောက်၌ ရောမသည် အနှစ် နှစ်ရာငါးဆယ်မျှပင်ကြာခဲ့သည်။ ရောမကိုပင် မင်းနေပြည်ပြုလျက် အက်ထရပ်စကင်း ဘုရင်များအုပ်ချုပ်သော်လည်း လက်တင်လူမျိုးစုသည် လက်တင်ဘာသာကိုပင် ဆက်လက်ပြောဆိုလျက် အမျိုးမပျက်အောင် ထိန်းသိမ်းကာ နေနိုင်ခဲ့ကြ၏။ သို့သော်လည်း ရောမတွင် အက်ထရပ်စကင်းတို့၏ ယဉ်ကျေးမှုထွန်းကားလာကာ လက်တင်လူမျိုးစုအတွက် အကျိုးခံစားခွင့်များစွာ ရှိခဲ့ပါသည်။ နမူနာပြောရလျှင် ရောမဈေးသည် မြေနိမ့်ဖြစ်သဖြင့် ရေအိုင်တတ်သောကြောင့် ငှက်ဖျား ရောဂါ စတင်ဖြစ်ပွားလေ့ရှိရာ အက်ထရပ်စကင်းများက ရေညစ်များကို မြစ်သို့ထုတ်နိုင်ရန် ပေါင်းကူးအမိုးဖြင့် ကျောက်ရေမြောင်းကို ဆောက်လုပ်ခဲ့၏။ ထိုရေမြောင်းသည် ယနေ့တိုင်အောင်ပင် ကျန်ရှိနေပေသေးသည်။ တိုင်ဗာမြစ်နှင့်ဈေးအကြားတွင် ကက်ပီတော်လ်ခေါ် တောင်ကုန်းတစ်ခုရှိရာ ထိုကုန်းတွင် အက်ထရပ်စကင်းများက နိုင်ငံတော်၏ ဘုရားဂျူပီတာအတွက် ကျောင်းတော်ကြီးတစ်ဆောင်ကို ခမ်းနားစွာ ဆောက်လုပ်ထားခဲ့၏။ ထို့ကြောင့် ရောမ၏ခေတ်ဦးအခါက အဆောက်အအုံ ပုံသဏ္ဌာန်များမှာ အက်ထရပ်စကင်းတို့၏ ပုံစံမျိုးများသာဖြစ်လျက် ကုန်းပေါက်များကို အသုံးအစွဲများသဖြင့် ဂရိအဆောက်အအုံများနှင့် များစွာပင်ကွာခြားလှပေသည်။ ထိုအက်ထရပ်စကင်းလက်ရာတို့၏ အမွေအနှစ်ကို ရောမပြည်သားတို့ ဆက်ခံရရှိလိုက်လေသည်။

## အက်ထရပ်စကင်း ယဉ်ကျေးမှုတွင် ဂရိယဉ်ကျေးမှု ရောစွက်လာပုံ

အက်ထရပ်စကင်းများသည် ရှေးမိုင်ဆိနီယန် ခေတ်ကပင်လျှင် ရေကြောင်းခရီးကို ကျွမ်းကျင်သူများ ဖြစ်သောကြောင့် ဂရိသင်္ဘောဆိပ်များနှင့် အမြဲကူးလူးဆက်ဆံလျက် ရှိခဲ့သည်။ ထို့ကြောင့် လှပသောဂရိအိုးခွက်များ အီတလီသို့ ရောက်လာလျက် အက်ထရပ်စကင်းတို့သည် ဂရိဆေးရေးပညာ

mgyoe.com

mgyoe.com


ကိုအတုယူကာ ဂူသင်္ချိုင်းများတွင် မိမိတို့နေ့စဉ် ဝတ်စားနေထိုင်ပုံများကို ရေးဆွဲခဲ့ကြ၏။ ထို့ကြောင့် အက်ထရပ်စကင်း ယဉ်ကျေးမှုကား မူလအရှေ့တိုင်းယဉ်ကျေးမှုတွင် ရောစွက်ထားသော တိုးတက်သည့် ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်၍ ၆၀၀ ဘီစီ၏ နောက်ပိုင်း၌ ရောမတွင် ကောင်းစွာထွန်းကားခဲ့လေသည်။

## ရောမမှ အက်ထရပ်စကင်း မင်းဆက်ကို နှင်ထုတ်ခဲ့ခြင်း ၅၀၀ ဘီစီ

ဤသို့ဖြင့် ရောမကို အက်ထရပ်စကင်းမင်းများ အစဉ်တစိုက်အုပ် ချုပ်၍ လာခဲ့ရာ ထိုမင်းတို့ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် အက်ထရပ်စကင်းသူကောင်းတို့ကပင်လျှင် ခေါင်းဆောင်ပြု၍ ဘုရင်အုပ်ချုပ်ရေးကို ၅၀၀ ဘီစီခန့်တွင် ဖျက်သိမ်းလိုက်ကြဟန်တူ၏။ နန်းကျဘုရင်နှင့် နောက်ပါအများပင် ယင်းတို့၏ဆွေတော်မျိုးတော်များရှိသော ဆီရီသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ အက်ထရပ်စကင်း မင်းဆက်ပြုတ်သော်လည်း ယင်းတို့ အနှစ် နှစ်ရာငါးဆယ်မျှ လွှမ်းမိုးခဲ့သဖြင့် ယင်းတို့၏အယူအဆ၊ အသုံးအနှုန်းများစွာပင် ရောမ၌ ကျန်ရစ်ခဲ့၏။ အက်ထရပ်စကင်းလူမျိုးများစွာပင် ရောမနှင့် လက်တီယမ်နယ်များ၌ ဆက်လက်နေထိုင်ကြလျက် နောင်အခါ ရောမပြည်ကြီးများစွာထွန်းကား၍ လာသော အခါ၌ တန်ခိုးကြီးလာသော ပုဂ္ဂိုလ်များစွာပင် အက်ထရပ်စကင်း အနွယ်ဝင်များဖြစ်ကြောင်းတွေ့ရ၍ ထိုသို့အနွယ်ဝင်ဖြစ်သည်ကိုပင် ဂုဏ်ယူကြသည်။ အက်ထရပ်စကင်းများသည် ရောမကို လက်လွှတ်ခဲ့ရသော်လည်း ယင်းတို့၏လူမျိုးစုသည် အင်အားကြီးမားသော လူမျိုးစုအဖြစ်ဖြင့်ပင် ဆက်လက်နေထိုင်နိုင်ခဲ့ကြသေး၏။ သို့သော် ယင်းတို့တွင်ရန်သူများ ပတ်လည်ဝိုင်းလျက် ရှိနေသည်။ မြောက်ဘက်တွင် ဂေါလ်လူမျိုးတို့ ထိပါးလာ၏။ တောင်နှင့် အလယ်ပိုင်းဒေသများကို ဆမ်နိုက်လူမျိုးများနှင့် ရောမသားတို့က တဖြည်းဖြည်းသိမ်းယူခြင်းကို ခံခဲ့ရသည်။ ဆီရီအရပ်တွင် လှပခမ်းနားသော ယင်းတို့၏ဂူသင်္ချိုင်းများကို ယနေ့တိုင် တွေ့ရှိနိုင်သေး၍ ယင်းတို့ရေးထုခဲ့သော ကျောက်စာများကိုလည်း တွေ့နိုင်ပေသေးသည်။ သို့သော် ထိုကျောက်စာများကို ယခုတိုင် မဖတ်တတ်ကြသေးချေ။

mgyoe.com

mgyoe.com


## (ဂ) ခေတ်ဦးသမ္မတနိုင်ငံ၊ တိုးတက်မှုနှင့် အုပ်ချုပ်ရေး

### ဂရိအက္ခရာကို ယူငင်သုံးစွဲခြင်း

အက်ထရပ်စကင်းများ ရောမကို အုပ်ချုပ်လျက် ရှိစဉ်မှာပင် ဂရိတို့သည် အရောင်းအဝယ်ပြုရန် ရောမသို့ပေါက်ရောက်လာခြင်းကြောင့် ဂရိ ယဉ်ကျေးမှု၏ အရှိန်အဝါလည်း ရောမတွင် ထင်ရှားခဲ့ကြောင်းကို မှတ်သားရသည်။ အက်ထရပ်စကင်း မင်းဆက်မပြုတ်မီကပင် ရောမကုန်သည်တို့သည် ဂရိကုန်သည်များ၏အရောင်းအဝယ် မှတ်တမ်းမှတ်ချက်များကို တွေ့ပါများသဖြင့် ဂရိဘာသာနှင့်တကွ စာပေကိုပါ အသင့်အတင့် နားလည်ခွင့်ရကြ၏။ များမကြာမီပင် ဂရိအက္ခရာများကို ယူ၍ ရောမ ကုန်သည်များက မိမိတို့၏ဘာသာစကားကို စာဖြင့်ရေးသားစုပြုကာ ဂရိအက္ခရာများကို လိုသလို အသင့်အတင့် ပြုပြင်ထားသည့် လက်တင်အက္ခရာများ ပေါ်ပေါက်လာပါသည်။ ဤသည်လျှင် အနောက်ဥရောပ တစ်ဝန်းလုံး၌ အရှေ့တိုင်းအက္ခရာ ပျံ့နှံ့စေရန် မူလအဆင့်ပင် ဖြစ်တော့သည်။

### သင်္ဘောတည်ခြင်း၊ ပိုက်ဆံနှင့် အချိန်အတွယ်များ

မူလတွင် ရောမသင်္ဘောဟူ၍ တိုင်ဗာမြစ်ကမ်းတွင် မတွေ့စဖူးသော်လည်း ဂရိများထံမှ သင်္ဘောတည်နည်းကို ရောမကုန်သည်တို့ ဆည်းပူးမိကြသဖြင့် ရောမသင်္ဘောများ တစ်စတစ်စပေါ်လာပြန်သည်။ ရောင်းဝယ်ရေးတွင် ယခင်က ကောက်ပဲသီးနှံနှင့် ကျွဲ–နွား–သိုး–ဆိတ်တို့ကို အခြေခံထား၍ လဲလှယ်ခဲ့သော်လည်း ထိုနည်းသည် လက်တွေ့တွင် များစွာခက်ခဲလှသောကြောင့် ဂရိပိုက်ဆံများကိုပင် ယူငင်သုံးစွဲစပြုလာကြ၏။ ရောမတို့သည် ကိုယ်ပိုင်ဒင်္ဂါးများကို ၃၅၀ ဘီစီလောက်တွင်မှ သွန်းလုပ်သုံးစွဲကြသည်။ ဂရိနှင့် ဆက်သွယ်မှုများသောကြောင့် အက်တစ်ဒရက်ချ်မာနှင့် အဖိုးတူဒင်္ဂါးများကို သွန်းလုပ်ခဲ့ကြ၏။ ဤနည်းအတိုင်းပင် အလျားအနံအတိုင်းအတာများကိုလည်းကောင်း၊ အလေးအပေါ် အချိန်အတွယ်များကို လည်းကောင်း အရှေ့တိုင်းနည်းများကိုပင် ယူငင်သုံးစွဲကြပြန်သည်။

mgyoe.com

mgyoe.com


## ဂရိဝေါဟာရများကို ယူငင်သုံးစွဲကြခြင်း

ဂရိဘာသာစကားကိုလည်း ရောမတွင် အသင့်အတင့် သုံးစွဲကြပြန်သဖြင့် လက်တင်ဘာသာတွင် ဂရိဘာသာစကားများ ရောပြွမ်းပါဝင်လာပြန်သည်။ အထူးသဖြင့် ဂရိပြည်ထွက်အဝတ်အထည်နှင့် အိုးခွက် အသုံးအဆောင်များကို ရောမတို့သည် ဂရိအမည်များအတိုင်း တိုက်ရိုက်သော်လည်းကောင်း၊ အသင့်အတင့်ပြုပြင်၍သော်လည်းကောင်း ခေါ်ဝေါ်ကြသည်။

## သာသနာယုံကြည်မှုတွင် ဂရိစက်ရိပ်ဝင်လာပြန်ခြင်း

ထို့အတူပင် အထင်အရှား လက်ဆုပ်လက်ကိုင်ပြ၍မရသော ဂရိအယူအဆများနှင့် ဘုရားများလည်း ရောမသို့ ရွေ့လျောရောက်ရှိလာပြန်သည်။ ရောမတို့သည် မိမိတို့၏မူလဘုရားများမှာ ဂရိဘုရားများနှင့် အမျိုးတူသို့မဟုတ် ထိုဘုရားများမှ ဆင်းသက်လာကြသည်ဟု ယုံကြည်ကြပြန်သည်။ ယင်းတို့တွင် ဂျူပီတာသည် ကောင်းကင်ဘုရားနှင့် ဘုရားချုပ်ဖြစ်ကာ မားစ်သည် စစ်ဘုရား၊ ဗီးနပ်စ်သည် အချစ်ဘုရားမ၊ ဂျူနိုသည် အမျိုးသမီးများ မွေးဖွားခြင်းနှင့်လက်ထပ်ခြင်းကို စောင့်ရှောက်သော ဘုရားမ၊ ဘက်စတာသည် အိမ်တွင်းမီးဖိုရှင်မ၊ ဆေရက်ဖ်သည် မြေကို ဩဇာဓာတ်ပေးသော ဘုရား၊ မာကျူရီသည် ဘုရားအပေါင်း၏တမန်တော်ဖြစ်၍ ရောင်းဝယ်ရေးကို စောင့်ရှောက်သည် စသည်ဖြင့် ယုံကြည်ကြသည်။ ထိုဘုရားများ၏လူ့ဘဝတွင် ထင်ရှားသော စွန့်စားဆောင်ရွက်ပုံများကို နိပါတ်ပြု၍ ပြောဆိုလေ့ရှိကြကာ ရောမတို့သည် မိမိတို့၏ဘုရားမဗီးနပ်စ်သည် ဂရိဘုရားမ အက်ဖရိုင်ဒိုင်တီ (ဆီမိုက်ဘုရား မအစ်စတာ) ဖြစ်၍ မာကျူရီသည် ဟာမက်ဖ်ဖြစ်လျက် ဆေရက်ဖ်သည် ဒီမီတာဖြစ်သည် စသည်ဖြင့် ယုံကြည်ကြသည်။

## ဗေဒင်ဟောခြင်း

ဂရိဘုရားကို ယုံကြည်သဖြင့် ဂရိဘုရားကျောင်းတွင် ဗေဒင်မေးခြင်းသည်လည်း ရောမသို့ ပျံ့နှံ့ခဲ့ပြန်သည်။ ထို့အတူ အက်ထရပ်စကင်းတို့၏ ယဇ်ကောင်၏ အဆုတ်ကိုကြည့်၍ ဗေဒင်ဟောနည်းကိုလည်း ရောမများရလိုက်၏။

mgyoe.com

mgyoe.com

## ရောမတို့၏ သာသနာရေးသဘောထား

သို့သော် ရောမတို့တွင် ဂရိများကဲ့သို့ ဆန်းကြယ်သော အတွေးအခေါ်များ မထွန်းကားခဲ့ချေ။ ထို့ကြောင့် ဂရိနိပါတ်များကဲ့သို့ ထူးဆန်းအံ့သြဖွယ်ကောင်းသော အတ္ထုပ္ပတ္တိများလည်း မပေါ်ခဲ့သည့်ပြင် ယုဒရစ်ပစ်ဒစ်ကဲ့သို့ ထိုဘုရားတို့တွင် သံသယရှိပုံမျိုးလည်း မပေါ်ပေါက်ခဲ့ချေ။ ရောမတို့သည် ဘုရားများကို ဝတ်မပျက်တမ်း ပူဇော်ပသရမည်ဟုသာ နားလည်ကြ၏။ ထို့ကြောင့် ရောမတို့သည် ကန်တော့ပွဲပေးခြင်း၊ သားကောင်ဖြင့် ယဇ်ပူဇော်ခြင်း စသည်တို့ကိုသာလုပ်၍ သာသနာယုံကြည်မှုတွင် မည်သည့်ဘက်ကမျှ အသစ်ကြံစည်တိုးချဲ့ခြင်း မရှိချေ။ ရောမတို့သည် စင်စစ်အားဖြင့် နိုင်ငံရေးနှင့် တရားဥပဒေဆိုင်ရာ နည်းစနစ်များတွင် ကြီးမားအံ့သြဖွယ်ကောင်းအောင် တိုးတက်ခဲ့သလောက် သာသနာယုံကြည်မှု၊ အနုပညာစာပေနှင့် လောကဓာတ်ပညာအသစ် တွေ့ရှိတီထွင်ခြင်းများတွင် မစွမ်းလှချေ။

## ရောမတို့၏လက်တွေ့သဘော ကျွမ်းကျင်ပုံ

ရောမများသည် အတွေးဉာဏ်ထက် လက်တွေ့သဘောတွင် ပိုမိုစိတ်ဝင်စားကြသဖြင့် ပေါ်ပေါက်လာသမျှ ပြဿနာများကို ကျော်လွှန်ရန်သာလျှင် ဆန္ဒရှိလျက် မျှော်ခေါ်တွေးတော၍ စိတ်ကူးယဉ်ခြင်းမရှိချေ။ ထို့ကြောင့် နိုင်ငံတော်၏အုပ်ချုပ်ရေးတွင် တကယ်တမ်း အရည်အချင်း ပြည့်ဝ၍ အတွေ့အကြုံများသူတို့ကိုသာ ဆောင်ရွက်စေသဖြင့် အေသင်မှာကဲ့သို့ တတ်သိနားလည်ခြင်းမရှိသော လူထု၏ဝင်ရောက်စီမံခြင်းကြောင့် နိုင်ငံရေး ခြေလှမ်းများ အလွဲလွဲအမှားမှားဖြစ်ပုံမျိုးကို ရောမတွင် ဘယ်နံ့ရောအခါမှ မတွေ့ရချေ။ ဤဘက် ဤဌာနတွင်ကား ရောမတို့သည် ဂရိများထက်သာသဖြင့် နိုင်ငံရေးစနစ်ကောင်းသော ရောမနိုင်ငံတော် ပေါ်ထွန်းလာပုံကို တွေ့ကြရတော့မည်။

## သမ္မတနိုင်ငံထူထောင်ခြင်း

အက်ထရပ်စကင် မင်းဆက်ကို ဖြုတ်ပြီးသည်၏နောက်၌ နိုင်ငံရေးကို သူကောင်းဖြစ်သော ပက်ထရီရှန်တို့ စီမံခြယ်လှယ်ကြလေသည်။ သို့သော်

mgyoe.com

mgyoe.com

ဘုရင်စနစ်ကို ပြန်လည်မထူထောင်တော့ဘဲ လူထုနှင့်ညှိနှိုင်း၍ ပက်ထရီရှန် နှစ်ယောက်ကို နိုင်ငံတော်၏ခေါင်းဆောင်နှစ်ဦးအဖြစ်ဖြင့် ရွေးကောက်တင် မြှောက်ခဲ့သည်။ ကောင်ဆယ်ခေါ် ထိုခေါင်းဆောင်နှစ်ဦးသည် တန်ခိုး အာဏာအတူရကြ၍ ထိုရာထူး၌ တစ်နှစ်သာလျှင် အမှုထမ်းရသည်။ ရွေး ကောက်ပွဲတွင် ပက်ထရီရှန်များသာလျှင် လွှမ်းမိုးခြယ်လှယ်သော်လည်း လူထု ၏ဆန္ဒ တစ်စိတ်တစ်ဒေသကို ဖော်ပြခွင့်ရသောကြောင့် ရောမနိုင်ငံသစ်ကို သမ္မတနှစ်ဦး တင်မြှောက်သည့် သမ္မတနိုင်ငံဟူ၍ပင် ခေါ်ဆိုလောက်သည်။ ကောင်ဆယ်ရာထူးကို ပက်ထရီရှန်များသာလျှင် ဝင်ရောက်အရွေးခံနိုင်သဖြင့် ယင်းအုပ်ချုပ်ရေးမျိုးသည် တစ်ဖက်စီးနင်းနိုင်တတ်သောကြောင့် ပလက်ဘ် ခေါ် လူထုသည် ထိုမတရားအုပ်စီးခြင်းများကို တွန်းလှန်ရန် နည်းလမ်းများ ကြံဆပြန်သည်။

## လူထုခေါင်းဆောင် ထရီဗွန်း

ပက်ထရီရှန်များသည် စစ်မကြာခဏ တိုက်ခိုက်ကြသဖြင့် စစ်သားအလို့ ငှာ တောနေလယ်သမား ဆင်းရဲသားလူတန်းစား၏အကူအညီကိုမရလျှင် မဖြစ်ချေ။ ထို့ကြောင့် လူထုအားလည်း အုပ်ချုပ်ရေးတွင် ပါဝင်စီမံခွင့်ကို ပေးသည့်အနေဖြင့် ယင်းတို့၏လူထုအဖွဲ့ကြီးမှ ထရီဗွန်းခေါ် အရာရှိတစ်မျိုး ကို ရွေးကောက်တင်မြှောက်ခွင့်ပြုခဲ့၏။ ထရီဗွန်းများသည် ကောင်ဆယ်များ မှစ၍ အားလုံးသောအစိုးရအရာရှိများ၏အပြုအမူတစ်စုံတစ်ရာကို မနှစ်သက် ခဲ့လျှင် တစ်ချက်လွှတ်အမိန့်နှင့် ဖျက်သိမ်းနိုင်ခွင့်ရှိ၏။ နိုင်ငံသားတစ်ဦး တစ်ယောက်သည် ကောင်ဆယ်တစ်ဦးက နှိပ်စက်ကြောင်း ထရီဗွန်းကို တိုင် တန်းနိုင်၍ ထရီဗွန်းများက ကောင်ဆယ်တို့၏အမိန့်ကို ရုပ်သိမ်းပေးလေ့ရှိ ကာ သေစေဟူသော အပြစ်ဒဏ်ကိုပင်လျှင် ပလပ်၍ ပေးလေ့ရှိ၏။ ဤသို့ လျှင် ယင်းတို့က မတရားဟူ၍ အထင်ရောက်သော ဥပဒေတိုင်းကို ဖျက် သိမ်းနိုင်သဖြင့် ထရီဗွန်းများသည် များစွာပင် တန်ခိုးကြီးခဲ့၏။ နောင်အခါ ဝယ် အစိုးရကိစ္စ များပြားလာသည်နှင့်အမျှ ထရီဗွန်းအရေအတွက်လည်း တိုးပွားခဲ့သည်။

mgyoe.com

mgyoe.com

## ကောင်ဆယ်တို့သည် ပြည်သူ့တာဝန်အားလုံးကို ကျေပွန်အောင် မဆောင်ရွက်နိုင်ခြင်း

အစပထမတွင် အစိုးရလုပ်ငန်းအားလုံးကိုပင် ကောင်ဆယ်များ စီမံပေးမည်ဟု ထင်မှတ်ရသော်လည်း နိုင်ငံတော်ကျယ်ပြန့်လာသောအခါ ကောင်ဆယ်နှစ်ဦးတည်းနှင့် ကိစ္စအဝဝကို စေ့စပ်အောင်မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရလေသည်။ ကောင်ဆယ်များသည် စစ်သေနာပတိချုပ်များဖြစ်ကြလျက် ပြည်သူ့ဘဏ္ဍာတော်ကို ထိန်းသိမ်းသုံးစွဲနိုင်၍ ဥပဒေဆိုင်ရာ အမှုအခင်းအားလုံးကို ဆုံးဖြတ်နိုင်သော တရားသူကြီးများဖြစ်ကြ၏။ ဤတာဝန်အားလုံးကို အရှည်အကြာပူးတွဲ၍ ကျေနပ်ဖွယ်မဆောင်ရွက်နိုင်ကြချေ။ နမူနာပြောရလျှင် စစ်ဖြစ်သဖြင့် စစ်သေနာပတိအဖြစ်ကိုယူကာ စစ်မြေပြင်တွင် နေရသောအခါများ၌ တရားဌာနကို အုပ်ချုပ်ခြင်းနှင့် ဘဏ္ဍာတော်ကို ထိန်းသိမ်းခြင်းတာဝန်များ ပျက်ပြားရလေသည်။

## အစိုးရဌာနများ တိုးပွားလာခြင်း

ထို့ကြောင့် ဌာနသစ်များခွဲထုတ်၍ အရာရှိသစ်များကို ခန့်ထားရသည်။ ဘဏ္ဍာတော်ကိုထိန်းရန် **ကွက်စတားခေါ်** ငွေတိုက်စိုးများကို ခန့်ထားရသည်။ **ဆင်ဆာခေါ်** အရာရှိနှစ်ဦးကမူ လူဦးရေစာရင်းနှင့် တွဲဖက်လျက် မည်သူကို မည်မျှ အခွန်ကောက်ရမည်ဟူသောစာရင်းကို လုပ်ရသည်။ ထို့ပြင် ယင်းတို့ကပင်လျှင် လူထုတွင် မည်သူမည်ဝါတို့သည် မဲပေးခွင့်ရှိမည်ဟူ၍လည်း ဆုံးဖြတ်ရလျက် လူအများ၏နေ့စဉ်နေထိုင် သုံးစွဲကြပုံများကို စောင့်ကြည့်အကဲခတ်ကာ မလျော်သည်များကိုတွေ့ပါက ပိတ်ပင်တားမြစ်ရလေသည်။ တရားဥပဒေနှင့်ဆိုင်သော အမှုကိစ္စများကိုဆုံးဖြတ်ရန် ကောင်ဆယ်၏လက်ထောက်အဖြစ်ဖြင့် **ပရီတာခေါ်** တရားသူကြီးများကို ခန့်ထားရပြန်သည်။ ထို့ပြင် တစ်ပြည်လုံးနှင့်ဆိုင်သော ဘေးဆိုးအန္တရာယ်ဆိုးများ ကျရောက်ချိန်တွင် အထူးညီညွတ်သော စည်းရုံးမှုကိုလိုအပ်သဖြင့် လူတစ်ဦးတည်းကို အချိန်တိုပိုင်း၍ အာဏာရှင် **ဒစ်တေးတား** ခန့်ထားကြပြန်၏။ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် တရားမှုခင်းများအပြင် နေ့စဉ်ကိစ္စမဟုတ်သော အခြားအရေးကြီးသည့် ကိစ္စများလည်း ပေါ်လာတက်သည်။ နမူနာပြရလျှင်

mgyoe.com

mgyoe.com

စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းစာချုပ် ချုပ်ခြင်း၊ ဥပဒေအသစ်လုပ်ခြင်းစသော ကိစ္စမျိုးတို့ပင်ဖြစ်သည်။ ထိုကိစ္စ အားလုံးတွင် ကောင်ဆယ်များတွင် များစွာ စီမံခြယ်လှယ်ခွင့်အာဏာရကြ သည်မှန်သော်လည်း ယင်းတို့ကို အုပ်ထိန်းရန် ပက်ထရီရှန်များသာပါသော ဆီးနိပ် ခေါ်သက်ကြီးအဖွဲ့ရှိ၍ ထိုအဖွဲ့မှ ဤလတ်တလောကိစ္စများအတွက် အကြံဉာဏ်များပေးလေ့ရှိသည်။ အမှန် အားဖြင့် ဆီးနိပ်အဖွဲ့ဝင်ဖြစ်ရန်သော် လည်းကောင်း၊ ကောင်ဆယ်ဖြစ်ရန် သော် လည်းကောင်း၊ အခြားအစိုးရအရာရှိကြီး ဖြစ်ရန်သော်လည်းကောင်း ပက်ထရီရှန်အမျိုးသားဖြစ်ရန်လိုသဖြင့် ပက်ထရီရှန်များသည် ပလက်ဘ်ခေါ် သာမန်အမျိုးသားတို့ထက် များစွာတန်ခိုးသာလျက် ရှိချေသည်။

## ပက်ထရီရှန်နှင့် ပလက်ဘ်တို့ အားပြိုင်ပွဲ

ထရီဗွန်းများသည် နိုင်ငံသားတစ်ဦးတစ်ယောက်အား မတရားနှိပ်စက်၍ မသင့်ပါဘဲလျက် သေဒဏ်အပြစ်ပေးခြင်းမျိုးကို ကာကွယ်နိုင်သည်မှန်သော် လည်း ၎င်းတို့ရသော အခွင့်အရေးမျိုးကို ပြည်သူအများရရှိအောင် မတတ်နိုင် ကြချေ။ အောက်တန်းစားပလက်ဘ်များသည် အစိုးရအရာရှိများ မဖြစ်နိုင် သည်သာမက ပက်ထရီရှန်တို့၏သမီးကိုပင် လက်ထပ်၍မယူနိုင်ချေ။ ထို့ ကြောင့် လူထုသည် အထက်တန်းစားလူနည်းစုကို အာခံသော အားစမ်းပွဲများ ပေါ်ခဲ့ရ၏။ တစ်ဦးကိုတစ်ဦး အပြုတ်တိုက်ရန် ပြင်ဆင်ကြတော့သည်။ ဤတိုက်ပွဲမျိုးကို ဂရိတို့၏အေသင်မြို့တော်၌ ဆင်နွှဲခဲ့ကြပုံကို တွေ့ခဲ့ကြရဖူး ပေပြီ။ သို့သော် တိုက်ပွဲ၏အဆုံး၌ လူထုသည် နိုင်ငံရေးအာဏာကို ရလာ သောအခါ ထိုအာဏာကိုပင် လူထုက အလွဲသုံးစားလုပ်ပြန်သည်ကို ဂရိ၌ တွေ့ခဲ့ရသော်လည်း ရောမတွင် ထိုကဲ့သို့ ချွတ်ချော်တိမ်းပါးခြင်းမျိုးကို မတွေ့ ကြရချေ။ သွေးထွက်သံယိုမှုမရှိသော်လည်း သမ္မတနိုင်ငံ၏ပထမအနှစ် နှစ်ရာအတွင်းမှာပင် လူထုဆန္ဒလည်း အုပ်ချုပ်ရေးတွင် ထိရောက်စွာ ပါဝင် နိုင်ခဲ့ပေသည်။

mgyoe.com

mgyoe.com

## ဓမ္မသတ်ကျမ်းဟောင်းကို စာဖြင့်ရေးသားခြင်း ဥပဒေသစ် ပြုလုပ်ခွင့်ပြုသနာ

လူထုတစ်ရပ်လုံးက မိမိတို့တွင် ပေါ်ပေါက်သမျှ အမှုအခင်းများကို မည်သည့်ထုံးများဖြင့် တရားစီရင်၍ပေးသည်ကို အတိအကျသိရှိနိုင်ရန် ဓမ္မသတ်ကျမ်းကို စာဖြင့်ရေးသားထားရန် တောင်းဆိုကြသဖြင့် သမ္မတနိုင်ငံ ထူထောင်ပြီး၍ အနှစ်ငါးဆယ်မျှအကြာတွင် (၄၅၀ ဘီစီ) ရောမ၏ ပထမ ဦးဆုံးဓမ္မသတ်ကျမ်းကို သတ္တုပြား တစ်ဆယ့်နှစ်ပြားပေါ်တွင် စာဖြင့် ရေးသားခဲ့သည်။ ဤအချိန်လောက်မှာပင် နောင်အခါလိုအပ်သဖြင့် ဥပဒေသစ်များကို တိုးချဲ့ပြုလုပ်ခဲ့သော် လူထုကိုလည်း ပါဝင်စဉ်းစားခွင့်ပေးရန် ဥပဒေသစ်လုပ်နိုင်သည့် အာဏာရှိသော အဆမ်ဗလီခေါ် လူထုအဖွဲ့ကြီးကို စည်းဝေးခွင့်တောင်းကြသည်။

## လူမျိုးစုံများပါဝင်သည့် ခေတ်ဦးရောမလူထုအဖွဲ့ကြီး ကောမိရှုဆင်ကြူရီယာတား

သမ္မတနိုင်ငံ တည်ထောင်ပြီးစအခါလောက်က အစပြု၍ စစ်များ မကြာခဏတိုက်ရသဖြင့် လူထုသည် စစ်သားများအဖြစ်ဖြင့် စစ်တလင်း၌ တစည်းတလုံးတည်း တွေ့ရဖန်များသောအခါ လူတစ်ရာလျှင် ဆင်ကြူရီ ဟုခေါ်သော အဖွဲ့တစ်ဖွဲ့ဖွဲ့၍ ဆင်ကြူရီအများကိုပေါင်းကာ **ကောမိရှုဆင်ကြူရီယာတား**ဟုခေါ် လူထုအဖွဲ့ကြီးတစ်ခု ပေါ်လာပြန်သည်။ စစ်လက်နက်အသုံးအဆောင်များ တန်ဖိုးကြီးမြင့်သဖြင့် အထက်တန်းစားများကို လက်နက်ကောင်းသုံးစွဲနိုင်သဖြင့် အောက်တန်းစားများ အထက်က ဗိုလ်အဖြစ်ဖြင့် အုပ်ချုပ်ခွင့်ပေးခဲ့ရသည်။ နောင်အခါဝယ် ထိုရာစုအဖွဲ့ချုပ်ကပင်လျှင် ကောင်ဆယ်များကို ရွေးချယ်ကြလျက် လူမျိုးစုအဖွဲ့ကို လွှမ်းမိုး၍ သွားခဲ့၏။

## အုပ်စုအဖွဲ့ကြီး

ထို့ကြောင့် အထက်တန်းစား ပက်ထရီရှန်များ လုံးဝမပါသည့် လူထုအဖွဲ့တစ်ခုပေါ်၍လာရပြန်သည်။ ယင်းအဖွဲ့ကို **ကွန်ဆီလီယမ်**ဟုခေါ်လျက် ဒေသဆိုင်ရာ အုပ်စုခွဲများအားလုံး ပါဝင်သည်။ ရောမပြည်သားတို့

mgyoe.com

mgyoe.com

သည် မဲပေးရာ၌ တစ်ဦးချင်းပေးမည့်အစား အုပ်စုလိုက်မဲပေးခြင်းကို ပို၍ လိုလားကြ၏။ ဤအုပ်စုအဖွဲ့ကို နာမည်အပြည့်အစုံအားဖြင့် **ကွန်ဆီလီယမ်ပလေဗစ်ထရီဗျူတာမ်** ဟုခေါ်၍ နောင်အခါတွင် ဖျန်ဖြေလျက် ယင်းအဖွဲ့ကို ပက်ထရီရှန်များ၏အဖွဲ့နှင့် စုပေါင်းရောနှောလိုက်ကြပြန်သည်။ ထိုညီညွတ်ရေးအဖွဲ့ကြီးကို **ကောမိရှထရီဗျူတာပေါ့ပြူလီ** ဟုခေါ်သည်။

## လူထုတွင် အခွင့်အရေးများ တိုးတက်လာခြင်း

မူလက ဥပဒေသစ်များပြုလုပ်ရန် ဆီးနိပ်အဖွဲ့၏လုပ်ဝတာဝန်ဖြစ်သော်လည်း တဖြည်းဖြည်း ဆီးနိပ်တွင် ထိုတန်ခိုးပပျောက်ခဲ့၍ အုပ်စုအဖွဲ့နှင့် ရာစုအဖွဲ့များကသာလျှင် ဥပဒေသစ်များကို ပြုလုပ်ကြလေသည်။ ထို့ပြင် ရာစုအဖွဲ့တွင် ယခင်က အထက်တန်းစားများ လွှမ်းမိုးခွင့်ရသော်လည်း နောင်အခါဝယ် အောက်တန်းစားများသာလျှင် အစစစိမ်လာကြပါသည်။ ထို့ကြောင့် ဥပဒေသစ်များလုပ်ရာဝယ် လူထုလည်း ပါဝင်ခွင့်ရှိသဖြင့် လူတန်းစားအချင်းချင်း နိုပ်စက်မှုများ နည်းပါးခဲ့လေသည်။ ထိုမျှသာမက အောက်တန်းစားများလည်း အစိုးရအရာရှိများအဖြစ်ဖြင့် ခန့်ထားခြင်း ခံရပြန်လျက် အောက်တန်းစားအများပင်လျှင် ငွေတိုက်စိုး၊ တရားသူကြီး၊ ဆင်ဆာ၊ ကောင်ဆယ်စသဖြင့်ဖြစ်လာကြ၍ ဆီးနိပ်တွင်ပင် ပါဝင်လာကြ၏။

## သူကောင်းမျိုးသစ်

ဤသို့ လူထုတွင် အာဏာများတိုးတက်လာခြင်းကြောင့် ပေါင်းသင်းဆက်ဆံရေးနှင့်တကွ အုပ်ချုပ်ရေးအစီအစဉ်များတွင် ပြုပြင်တိုးတက်ရေးများ ပေါ်ခဲ့သည်။ ရောမနိုင်ငံသားတို့သည် အစိုးရအရာရှိနှင့်ဥပဒေကို များစွာ လေးစားကြ၏။ အုပ်ချုပ်ရေးမှူးဖြစ်သော ကောင်ဆယ်တစ်ဦးလျှင် လစ်တာခေါ် ကိုယ်ရံတော် သက်တော်စောင့် တစ်ဆယ့်နှစ်ယောက်ရှိရာ ထိုအမှုထမ်းမျိုးသည် အလယ်၌ ပုဆိန်ထည့်၍ ကြိမ်ချောင်းများကို စည်း၍ထားသော **ဖက်ဆစ်** ခေါ် တုတ်စည်းတစ်ခုကို ကိုင်ဆောင်လေ့ရှိ၏။ ယင်းအထိမ်းအမှတ်ကို ကိုင်ဆောင်ခြင်း၏အဓိပ္ပာယ်မှာ ကောင်ဆယ်ခေါ် အရာရှိကြီး၌ ဆိုးသွမ်းသူများအား ကြိမ်ဖြင့်ဒဏ်ခတ်ခြင်း သို့မဟုတ် ပုဆိန်ဖြင့် သေဒဏ်

mgyoe.com

mgyoe.com
ပေးခြင်းများကိုပြုနိုင်သော အချုပ်အခြာအာဏာရှိသည်ဟူ၍ ဖော်ပြရန်ပင် ဖြစ်၏။ အခြားတရားသူကြီးများ၌လည်း ယင်းပိုင်သော အာဏာကိုလိုက်၍ လစ်တာ တစ်ဦးနှစ်ဦးစသည်ဖြင့် အရန်ပါရှိလေသည်။ ကောင်ဆယ်နှင့် အခြား အရာရှိကြီးများသည် ခရမ်းရောင်အနားကွပ်ရှိသည့် ဝတ်ရုံအဖြူကြီးများကို ဝတ်ကြရ၏။ ယင်းတို့မှလွဲ၍ အခြားသူများ ဤအဝတ်မျိုးကို ဝတ်ခွင့်မရချေ။ အောက်တန်းစားထဲမှ တရားသူကြီးအဖြစ် အရွေးခံရသူများသည် နှစ်စေ့ သဖြင့် ရာထူးမှထွက်ခဲ့ရသော်လည်း ဤဝတ်ရုံကို ပွဲနေ့များ၌ ထုတ်၍ ဝတ် လေ့ရှိ၏။ ထိုပုဂ္ဂိုလ်မျိုးကို များစွာလေးစားကြလျက် များသောအားဖြင့် ကောင်ဆယ်ရွေးလျှင် ထိုပုဂ္ဂိုလ်မျိုးကို ရွေးကောက်တင်မြှောက်လေ့ရှိကြ သည်။ ထို့ကြောင့် နိုင်ငံ၏ဝန်ကို ထမ်းဖူးသော မူလအောက်တန်းပုဂ္ဂိုလ်နှင့် ယင်း၏အစဉ်အဆက်တို့သည် တဖြည်းဖြည်း သူကောင်းမျိုးအဝင်အပါဖြစ် လာကြလျက် ထိုသူမျိုးကို သူကောင်းမျိုးသစ်ဟု ခေါ်ရပေမည်။

## သူကောင်းမျိုးသစ်သည် ဆီးနိပ်ကို ကြိုးကိုင်ခွင့်ရခြင်း

ယခင်က ကောင်ဆယ်များ၏သဘောကျအတိုင်း ဆီးနိပ်အဖွဲ့ဝင်လူကြီး များကို ပက်ထရီရှန်အတန်းအစားမှသာ ရွေးကောက်ခန့်ထားလေ့ရှိခဲ့သော် လည်း ယခုအခါ တရားသူကြီးလုပ်ဖူးသောသူများကိုလည်း ခန့်ထားခွင့် ဥပဒေ ပေါ်၍လာပြန်သောကြောင့် ယခင်က အောက်တန်းစားများသာဖြစ် သော တရားသူကြီးဟောင်းများလည်း ဆီးနိပ်အဖွဲ့ဝင်များဖြစ်၍ လာကြပြန် ၏။ ကျွမ်းကျင်လိမ္မာသူများဖြစ်ခြင်းကြောင့် များမကြာမီပင် ဆီးနိပ်ကို ကြိုး ကိုင်နိုင်ကြပါသည်။

## ကောင်ဆယ်ပါ ဆီးနိပ်သြဇာခံဖြစ်၍လာခြင်း

ထိုအပြောင်းအလဲများကြောင့် ဆီးနိပ်အဖွဲ့ဝင် ၃၀၀ သည် ရောမတွင် အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်းကိစ္စတို့၌ အရေးအပါဆုံး ပုဂ္ဂိုလ်များဖြစ်၍ လာခဲ့ပေသည်။ ယင်းတို့ကို ကောင်ဆယ်က တွေ့ဆုံဆွေးနွေးလိုသည့်အခါ တိုင်း၌ ဈေးနှင့်ကပ်လျက်ရှိသော အစည်းအဝေးခန်းမတွင် လာရောက်စုဝေးရ သည်။ အစည်းအဝေးတွင် ကောင်ဆယ်က သဘာပတိလုပ်၍ စင်မြင့်ပေါ်
mgyoe.com

mgyoe.com

တွင် ထိုင်ရ၏။ သို့သော် အောက်မှာဝိုင်း၍ ထိုင်နေသူများအနက် ကောင်ဆယ်ဖြစ်ခဲ့ဖူးကြ၍ သဘာပတိထက်ပင် ပညာအမြော်အမြင်ကြီးလျက် အတွေ့အကြုံများသူတို့လည်း ပါချေမည်။ ထို့ပြင် သဘာပတိမှာ ကောင်ဆယ်အဖြစ်နှင့် တစ်နှစ်တာမျှသာ နိုင်ငံ၏ဝန်ကို ထမ်းရမည်ဖြစ်သော်လည်း ဆီးနိပ်အဖွဲ့ဝင်များမှာ ရာသက်ပန်အဖွဲ့ဝင်များဖြစ်ကြလျက် နိုင်ငံဝန်ကို နှစ်ပေါင်းများစွာပင် ထမ်းဆောင်ခဲ့ဖူးသူများဖြစ်ပေသည်။ ထို့ကြောင့် ဥပဒေသဘောအရ ကောင်ဆယ်သည် ဆီးနိပ်အဖွဲ့ဝင်များထက် တန်ခိုးကြီးသော နိုင်ငံခေါင်းဆောင်နှစ်ဦးတွင် တစ်ဦးဖြစ်သော်လည်း ဆီးနိပ်၏စကားကို ပယ်ရှားဝံ့သည့်သတ္တိပင် မရှိတော့သကဲ့သို့ ဖြစ်လာသည်။ မိမိလုပ်လိုသော အကြံအစည်နှင့်ဥပဒေကို ပြောပြရမည့်အစား ဆီးနိပ်အဖွဲ့ဝင်များ တစ်ဦးစီ ပြောပြချက်ကို နားထောင်နေရလျက် ယင်းတို့အလိုကျကိုသာ လုပ်ခွင့်ပြုလိုက်ရသည်ကများလေ၏။ အမှန်အားဖြင့် ကောင်ဆယ်သည် ဆီးနိပ်က ညွှန်ကြားသမျှကိုသာ လိုက်နာအုပ်ချုပ်ရသော ပုဂ္ဂိုလ်ဖြစ်မှန်းမသိဖြစ်၍ လာတော့၏။

## ဥပဒေသစ်ပြုလုပ်ရေးတွင်လည်း ဆီးနိပ်၏ အာဏာစက် ချဲ့၍ လာခြင်း

တရားဥပဒေသစ်များကို ပြုလုပ်ရာ၌လည်း ဆီးနိပ်သည် အလားတူပင် တန်ခိုးအာဏာကြီးခဲ့၏။ ဥပဒေသစ်ကို လူထုအဖွဲ့များကသာလျှင် အတည်ပြဋ္ဌာန်းခွင့်ရှိသော်လည်း ထိုဥပဒေအသစ်ကိုကြံဆရန်မှာ ယင်းတို့၏ အခွင့်အရေးမဟုတ်ချေ။ အုပ်စုအဖွဲ့၏သဘာပတိဖြစ်သည့် ထရီဗွန်းကဲ့သို့သော တရားသူကြီးတစ်ဦးက အဆိုတင်သွင်းသောအခါမှသာလျှင် အုပ်စုအဖွဲ့က သင့်မသင့်ကို ဆုံးဖြတ်ရသည်။ ထိုတရားသူကြီးကလည်း မိမိတင်သွင်းလိုသည့်ဥပဒေကို ဆီးနိပ်အဖွဲ့ဝင်များနှင့် တိုင်ပင်လေ့ရှိ၏။ ထို့ပြင် ဥပဒေဟောင်းတစ်ခုကို ထရီဗွန်းများက ရုပ်စဲပစ်နိုင်သောအာဏာရှိသဖြင့် ဆီးနိပ်အဖွဲ့ဝင်တို့က ရုပ်စဲလိုသည့် ဥပဒေဟောင်းရှိလျှင်လည်း ထရီဗွန်းတို့နှင့် လာ၍တိုင်ပင်လေ့ရှိသည်။ ဤသို့ အပြန်အလှန်တိုင်ပင်ခြင်းတွင် လွယ်ကူစေရန် ဆီးနိပ်၌ ထရီဗွန်းများကို အဖွဲ့ဝင်များအဖြစ်ဖြင့် ခန့်ထားလိုက်ခြင်းကြောင့် ဥပဒေသစ်ပြုလုပ်ရေးတွင် ဆီးနိပ်သည် သွယ်ဝိုက်သောအားဖြင့်

mgyoe.com

mgyoe.com
များစွာအရေးပါ၍ လာပါသည်။ စင်စစ်အားဖြင့် ဆီးနိပ်က လိုလားပါမှ ဥပဒေတစ်ခုသည် အတည်ဖြစ်နိုင်ပါတော့သည်။

## ဆီးနိပ်ပင်လျှင် နိုင်ငံတော်၏ခေါင်းဆောင်အဖွဲ့ကြီး ဖြစ်လာ၏

ရောမနိုင်ငံသား အမြောက်အမြားပင်လျှင် ရောမနှင့်များစွာဝေးကွာသော အရပ်များ၌ နေကြရသဖြင့် အစည်းအဝေးပွဲကြီးတွင်တက်၍ဆွေးနွေးကာ မဲပေးခွင့်ရှိသည်မှန်သော်လည်း မြို့တော်ကြီးသို့ အခါခပ်သိမ်းလာရောက်၍ ပြည်ရေးပြည်ရာများကို ဆွေးနွေးကာ မဲပေးမနေနိုင်ချေ။ ရောမတွင်ရှိတတ်သမျှသော နိုင်ငံသားလူနည်းစုမှာလည်း ဆီးနိပ်အဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများကို ပုဂ္ဂိုလ်စွဲအားဖြင့် ကြည်ညိုရင်းရှိလျက် ယင်းတို့၏ပညာဉာဏ်ကြီးပုံနှင့်မျိုးချစ်စိတ်ထက်သန်ပုံကို သံသယမရှိယုံကြည်ပြီး ဖြစ်သောကြောင့် မိမိတို့နားမလည်နိုင်အောင် ခက်ခဲနက်နဲသောပြဿနာအရပ်ရပ်ကို ဆီးနိပ်က ယူငင်ဆောင်ရွက်သည်မှာ သင့်မြတ်လှသည်ဟု ယုံကြည်လျက် ထောက်ခံရန် ဝန်မလေးကြချေ။ ထို့ကြောင့် ပြည်သူ့ကိစ္စအဝဝတွင် ဆီးနိပ်သည် ကြိုးကိုင်ဖြစ်ခဲ့၏။ ရောမသည် သမ္မတနိုင်ငံဖြစ်သော်လည်း အမှန်သဘောအားဖြင့် အထက်တန်းစားလူနည်းစုက အုပ်ချုပ်သော နိုင်ငံတော်ဖြစ်လျက် ယင်းတို့ပညာဉာဏ်ကြီးရင့်၍ အုပ်ချုပ်ရေးတွင် လိမ္မာပါးနပ်ခြင်းကြောင့် ရောမနိုင်ငံတော်ကြီးပွားတိုးတက်ခဲ့ရပါသည်။

## (ဃ) ရောမသမ္မတနိုင်ငံ၏ နယ်ချဲ့ခြင်းနှင့် အီတလီအလုံးကို သိမ်းယူခြင်း

### ရောမနှင့် လက်တင်အဖွဲ့

အက်ထရပ်စကင်မင်းဆက်ကို ဖြုတ်ခဲ့စဉ်က ရောမသည် ရှေ့အဖို့ မုချကြီးပွားမည်ဟု မသိနိုင်သေးသော နိုင်ငံငယ်ကလေးမျှသာ ဖြစ်လေသည်။ ရောမသမ္မတနိုင်ငံမှာ မြို့တော်နှင့်တကွ ပတ်ဝန်းကျင်မိုင်အနည်းငယ်မျှသာ ပါဝင်၏။ တိုင်ဗာမြစ်၏တစ်ဖက်တွင် ရန်သူအက်ထရပ်စကင်များ ရှိနေသေးသဖြင့် ရောမကခေါင်းဆောင်၍ လက်တင်လူမျိုးစုအားလုံး ပါဝင်သော
mgyoe.com

လက်တင်အဖွဲ့ဖွဲ့၍ ကာကွယ်ရေးပြင်ဆင်ထားကြရသည်။ ထိုအဖွဲ့ဝင်များသည် ရောမ၏လက်အောက်ခံများမဟုတ်သော်လည်း အရေးကြုံသောအခါတိုင်း၌ ရောမ၏ခေါင်းဆောင်များ အလွန်တော်ကြောင်း လက်တွေ့သိလာကြသဖြင့် ယင်းတို့ ခေါင်းဆောင်ခြင်းကို မငြင်းနိုင်သောအခြေသို့ ရောက်ခဲ့သည်။ သို့သော်လည်း ထိုအဖွဲ့မှ ရှေ့သို့တစ်ဆင့်တက်၍ စည်းလုံးညီညွတ်သောနိုင်ငံကြီးတစ်ခု မဖြစ်ခဲ့ချေ။ ရောမသည် လက်တင်လူမျိုးအားလုံးကို ရောမနိုင်ငံသား အခွင့်အရေးပေးထားသဖြင့် လက်တင်အမျိုးသားတိုင်း ရောမအတွက် သက်စွန့်ကြိုးပမ်းတိုက်ခိုက်ရန် အသင့်ရှိခြင်းတစ်ခုသာလျှင် ထူးခြားလေသည်။

## အက်ထရပ်စကင်နှင့်အီတာလစ်ရန်သူများ

ပထမတွင် ရောမသည် လွတ်လပ်သောနိုင်ငံငယ်အဖြစ်ဖြင့် ဆက်လက်တည်မြဲနေနိုင်အောင်ပင် များစွာကြိုးစားရ၏။ ရန်သူဝိုင်းနေသဖြင့်လည်း ရောမနိုင်ငံသားတို့တွင် မပြတ်သောလုံ့လဝီရိယဖြင့် ကြိုးစားလိုစိတ်ကို ရရှိခဲ့သည်။ ဤအတောအတွင်း၌ ရောမနိုင်ငံသားတို့ကို ကျေးဇူးပြုမည့် ကိစ္စတစ်ရပ်ပေါ်ခဲ့၏။ ယင်းကား ရောမနိုင်ငံ လွတ်လပ်ပြီးနောက် အနှစ်အစိတ်အတွင်းဖြစ်သော ၄၇၄ ဘီစီတွင် ရောမ၏အဓိကရန်သူဖြစ်သည့် အက်ထရပ်စကင် ရေတပ်ကို ဆာရာကွတ်မြို့သားတို့က ကောင်းစွာ နှိမ်နင်းဖျက်ဆီးလိုက်ခြင်းပင် ဖြစ်၏။ ထို့ပြင် အက်ထရပ်စကင်များကို မြောက်ဘက်မှလည်း ဂေါလ်လူမျိုးများက ဝင်ရောက်နှောင့်ယှက်သဖြင့် အက်ထရပ်စကင်အင်အား များစွာပျက်ပြားခဲ့ရကား ရောမကိုပင် ကောင်းစွာ ရန်မပြုနိုင်သောအခြေဆိုက်ခဲ့၏။ ထိုကြောင့်လည်း ရောမနှင့်ဆယ်မိုင်မျှသာ ဝေးကွာသောအက်ထရပ်စကင်တို့၏ တောင်ပိုင်းခံတပ်မြို့ဖြစ်သော ဗေကို ဆယ်နှစ်မျှအချိန်ယူ၍ လုပ်ကြံလျက် နောက်ဆုံး ၃၉၆ ဘီစီတွင် ထိုခံတပ်ကို သိမ်းယူနိုင်ခဲ့ကြ၏။ ဤအချိန်များတွင် အီတာလစ်လူမျိုးများပင် ဖြစ်သော်လည်း လက်တင်အမျိုးမဟုတ်သော လူမျိုးများစွာကပင် အရှေ့နှင့်တောင်ဘက်များမှ လက်တင်တို့ကိုလာရောက်တိုက်ခိုက်လေ့ရှိရာ ရောမကိုပင် သိမ်းယူရန် အားထုတ်ဖူးလေသည်။ ရောမသည် ယင်းတို့ကိုတွန်းလှန်၍ တိုင်ဗာ၏ တောင်

mgyee.com

mgyoe.com

ဘက်ကမ်း ခြေတစ်လျှောက်တွင် နှစ်ဖက်ဝင်ဆံ့သော ကြားနိုင်ငံကလေးများကို ထူထောင်ခဲ့ကြ၏။ ရောမနိုင်ငံသားသည် မိမိတို့ပိုင်နက်အားလုံးကို ၄၀၀ ဘီစီခန့်တွင် သိမ်းယူနိုင်ခဲ့လေသည်။

## စိုက်ပျိုးရေး နယ်ချဲ့ဝါဒ

နယ်သစ်များကို ရရှိတိုင်း ရောမနိုင်ငံသားတို့သည် မိမိတို့၏နိုင်ငံသားများကို ထိုဒေသများတွင် သွားရောက်နေထိုင်ရန် အားပေးလျက် ထိုဒေသများမှ လူများကိုလည်း ရောမနိုင်ငံသား အခွင့်အရေးများကို ပေးအပ်လေ့ရှိ၏။ ရောမနိုင်ငံသား လယ်သမားများစွာပင် ဤဝါဒကြောင့် နယ်သစ်များတွင် သွားရောက်လယ်တည်ကြ၏။ ထိုသူများမှာလည်း နိုင်ငံရေးတွင် ပါဝင်ဆွေးနွေးခွင့်နှင့် လက်နက်ကိုင်ဆောင်ခွင့် ရရှိထားသဖြင့် ရောမမြို့တော်အတွက် အရေးကြုံလျှင် ချက်ချင်းစစ်မှုထမ်းကြရန် ဝန်မလေးကြချေ။ ဤအချက်တွင် ရောမနှင့် ဂရိတို့များစွာ ကွာခြားကြောင်း တွေ့ရ၏။ ဂရိတို့သည် နိုင်ငံသားအခွင့်အရေးကို တိုင်းတစ်ပါးသားတို့အား ဘယ်အခါမျှ မပေးကြချေ။ ရောမနိုင်ငံသားတို့ကမူ နိုင်ငံသားအခွင့်အရေးကို မိမိတို့၏ဘက်တော်သား မှန်သရွေ့ကို ရက်ရောစွာပေးလိုက်သဖြင့် ထိုရက်ရောမှုကြောင့်ပင်လျှင် ရောမသမ္မတနိုင်ငံငယ်သည် အနှစ်နှစ်ရာအတွင်းမှာပင် အီတလီကျွန်းဆွယ်တစ်ခုလုံးကို စိုးမိုးနိုင်ခဲ့လေသည်။

## ရောမကို ဂေါလ်တို့ သိမ်းယူခြင်း

ရောမနိုင်ငံသားတို့ နယ်ချဲ့စဉ်မှာပင် အရိုင်းများဖြစ်သော ဂေါလ်တို့သည် ရောမမြို့တော်ကို နှောင့်ယှက်လာကြ၏။ အက်ထရပ်စကင်ပြည်နယ်များကို လုယက်ဖျက်ဆီးလျက် ရောမမြို့တော်ဘက်သို့ ချီတက်လာကြရာ ယင်းတို့၏ ရန်ကို ပိတ်ပင်တွန်းလှန်ရန် လွှတ်လိုက်သော ရောမစစ်တပ်အရေး ရှုံးနိမ့်သဖြင့် ၃၉၀ ဘီစီခန့်တွင် ဂေါလ်လူရိုင်းများသည် ရောမမြို့တွင်းသို့ အရောက်ချီတက်လာနိုင်ခဲ့ကြ၏။ ယင်းတို့သည် မြို့တော်ကို လုယက်ဖျက်ဆီး၍ မီးတိုက်ခဲ့ကြသည်။ ကက်ပီတောလ်တောင်ရှိ ခံတပ်တစ်ခုသာလျှင် မပြိုမပျက် ကြံ့ကြံ့ခံနိုင်ခဲ့၏။ ထိုခံတပ်ကိုပင် ညဉ့်အခါ

mgyoe.com

mgyoe.com
တိတ်တဆိတ် ရန်သူများတက်၍လာရာ ဘုရားကျောင်းတစ်ခုမှ ဘေးမဲ့မွေးထားသော ဘဲငန်းများက အော်ကြသဖြင့် ရန်သူလာမှန်းသိကြကာ အသင့်ပင် ခုခံနိုင်သောကြောင့် ထိုခံတပ်ကို ရန်သူတို့ ဖျက်ဆီးခြင်းဘေးမှ ကင်းလွတ်ခဲ့ရသည်ဟု ပြောစမှတ်ပြုကြသည်။ ထိုခံတပ်ကို အရှည်အကြာဝန်းဝိုင်းသော်လည်း မရနိုင်သဖြင့် ငြိမ်းငွေ့ကာ ဂေါလ်တို့သည် ခံတပ်တွင်းမှပေးသော ရွှေများကို လက်ခံ၍ စစ်ပြေငြိမ်းကာ မြောက်အရပ်သို့ပြန်လျက် ပိုမြစ်ဝှမ်းတွင်ပင် အခြေတကျနေထိုင်ကြ၏။ သို့သော် ထိုလူရိုင်းတို့၏ရန်သည် ရောမနိုင်ငံအတွက် လုံးဝအေးငြိမ်းခဲ့လေပြီဟု မမှတ်ယူအပ်ချေ။

## လက်တင်အဖွဲ့ ပျက်စီးခြင်း ၃၃၈ ဘီစီ

ရောမမြို့တော်ကို ပြန်လည်ထူထောင်ကြသောအခါ မြို့တော်ကို တံတိုင်းရံမည်ဟု ဦးစွာပထမ စီမံခဲ့ကြ၏။ ထို့ကြောင့် မြို့တော်သည် ယခင်ကထက်ပင် ပိုခိုင်ခံ့လာပါသည်။ ဂေါလ်တို့ချေမှုန်းသဖြင့် အားနည်းနေသော အက်ထရပ်စကင်တို့၏တောင်ပိုင်းနယ်များနှင့်တကွ ကမ်ပနီယန်လွင်ပြင်ဒေသတို့ကိုပင် ရောမနိုင်ငံသားတို့က သိမ်းယူခဲ့ကြသည်။ ဤသို့ ရောမနိုင်ငံသားတို့နယ်ချဲ့ခြင်းကြောင့် လက်တင်လူမျိုးစု အားလုံးကပင် ရောမနိုင်ငံသားတို့အပေါ်၌ ယုံမှားသံသယဖြစ်ခဲ့ကြ၏။ ထို့ကြောင့် ရောမနှင့် အဆက်ဖြတ်ရန်ကြိုးစားကြရာ နှစ်နှစ်တာမျှ စစ်ဖြစ်ကြလျက် နောက်ဆုံးတွင် (၃၃၈ ဘီစီ) လက်တင်လူမျိုးစုတို့ အရှုံးကြီးရှုံးကာ လက်တင်အဖွဲ့ပျက်၍ လက်တင်လူမျိုးစုတို့သည် ရောမ၏လက်အောက်ခံများ ဖြစ်လာခဲ့ရသည်။ ယခု တစ်ကြိမ်မူ လက်အောက်ခံ လက်တင်လူမျိုးတို့အား ရောမနိုင်ငံသားတို့က ယခင်ကကဲ့သို့ နိုင်ငံသားအခွင့်အရေးများကို ကျပ်ပြည့်တင်းပြည့်မပေးတော့ချေ။ ယင်း ၃၃၈ဘီစီတွင်ပင် ဂရိပင်မနိုင်ငံများကို မက်ဆီဒိုးနီးယားမှ ဘုရင်ဖိလစ်က အောင်နိုင်သဖြင့် အဆိုပါနှစ်ကို ထူးခြားစွာ မှတ်သားလောက်ပေသည်။ သို့သော် ဂရိတို့သည် လူတော်တစ်ဦးတစ်ယောက်၏အစွမ်းဖြင့် တစည်းတလုံးတည်း ဖြစ်လာကြရသောကြောင့် ထိုပုဂ္ဂိုလ်သေဆုံးခဲ့လျှင် စည်းလုံးခြင်းလည်း ပျက်ပြယ်၍ သွားနိုင်စရာအကြောင်း ရှိလေသည်။ ရောမ တို့ လွှမ်းမိုးပုံမှာကား တစ်ဦးတစ်ယောက်တည်း၏ခေါင်းဆောင်မှုမဟုတ်ဘဲ ပညာရှိ
mgyoe.com

mgyoe.com

ခေါင်းဆောင် များစွာပါဝင်သော ဆီးနိပ်အဖွဲ့၏ခေါင်းဆောင်မှု ဖြစ်ခြင်းကြောင့် တည်တံ့ခိုင်မြဲလျက် နှစ်ပေါင်းခြောက်ဆယ့်ငါးနှစ်မျှ (၃၃၈–၂၇၅ ဘီစီ)အတွင်းဝယ် အီတလီကျွန်းဆွယ်တစ်ခုလုံးကို ရောမနိုင်ငံသားတို့ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ဆမ်နစ်ရန်သူသစ်များ

အီတာလစ်အနွယ်ဝင် ဆမ်နစ်များမှာလည်း ရောမ၏အတွင်းဘက်၌ အီတလီ၏ အလယ်ကြောတွင် မင်းမူလျက်ရှိကြ၏။ တောင်ဘက်မှ ဂရိနိုင်ငံနှင့် ဆက်သွယ်ခွင့်ရခဲ့သောကြောင့် ယင်းတို့သည် အသင့်အတင့် ယဉ်ကျေးသူများဖြစ်ကာ ယင်းတို့၏ စစ်တပ်ကြီးမှာလည်း အလွန်ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် အားကြီးလှသည်။ သို့သော် ယင်းတို့တွင် ရောမမှာကဲ့သို့ ခေါင်းဆောင်ကောင်း မရှိချေ။ ယင်းတို့သည် တောင်ဘက် အစွန်ဆုံးရှိ အက်ထရပ်စကင် ကင်းမြို့ဖြစ်သော ကပ်ပူအ,ကို သိမ်းယူခဲ့ပြီးနောက် ရောမကို ရန်မူလာကြသည်။ ထို့ကြောင့် ရောမနိုင်ငံသားများသည် ဂေါလ်တို့၏ရန်ကို တွန်းလှန်ခဲ့ပြီးနောက် အနှစ် ၄၀ အတွင်းဝယ် ဤဆမ်နစ် တို့၏ရန်ကို တွန်းလှန်ကြရပြန်သည်။ ရောမနှင့် ဆမ်နစ်တို့ ၃၂၅ ဘီစီတွင် စတင်စစ်ဖြစ်ရာ ၂၉၀ ဘီစီတိုင်အောင် ကြာမြင့်စွာ တိုက်ခိုက်ခဲ့ကြ၏။ ထိုတိုက်ပွဲများတွင် ရောမနိုင်ငံသားတို့ အကြီးအကျယ်ရှုံးသည့်ပွဲများလည်း ပါလေသည်။

## ဆမ်နစ်စစ် (၃၂၅–၂၉၀ ဘီစီ) ဆင်တီနမ်စစ်ပွဲ (၂၉၅ ဘီစီ)

သို့သော် အမြော်အမြင်ကြီးသော ရောမဆီးနိပ်အဖွဲ့သည် စစ်ကိုသာလျှင် လုံးပန်းမနေချေ။ အက်ပင်နိုင်တောင်များ၏ အရှေ့ဘက်နှင့် ကမ်ပန်နီယန်လွင်ပြင်တို့၌ စိုက်ပျိုးရေးနယ်ကို တိုးချဲ့ခဲ့ကြ၏။ ထို့ကြောင့် ဆမ်နစ်တို့ကို ထိုနယ်သစ်များ၏အရှေ့နှင့် အနောက်ဘက်မှ ညှပ်၍ တိုက်ခိုက်နိုင်ခဲ့လေသည်။ ဆမ်နစ်များသည် ရောမ၏ရန်သူအားလုံးကို သွေးဆောင်စုပေါင်း၍ ရောမကို တိုက်ရန်အားထုတ်ကြရာ အက်ထရပ် စကင်နှင့် ဂေါလ်တို့လည်း စစ်ပွဲတွင် ပါဝင်၍ လာကြပြန်၏။ ရောမတပ်များသည် ရန်သူတပ်ပေါင်းစုံကို ဆင်တီနမ်၌ ၂၉၅ ဘီစီတွင် အကြီး အကျယ် ရင်ဆိုင်တိုက်ခိုက်ကြရသည်။

mgyoe.com

mgyoe.com

ဤစစ်ပွဲကြီးသည် လာမည့်နှစ်ပေါင်း နှစ်ထောင်အတွင်းဝယ် အီတလီ၏ ကံကြမ္မာကို ဖန်တီးခဲ့သည်ဟု ဆိုလောက်ပေသည်။ ဤစစ်ပွဲကို နိုင်လိုက်ခြင်းဖြင့် ရောမသည် အီတလီ၌ ပြိုင်ဘက်ကင်းသော မင်းနေပြည်ဘဝသို့ ရောက်ခဲ့ရ၏။

## အလယ်ပိုင်း အီတလီတွင် အထက်အာနပ်စ်မြစ်အထိ ရောမဗိုလ်ဆွဲခြင်း

အင်တီနမ်စစ်ပွဲပြီးသည်မှစ၍ အက်ထရပ်စကင်တို့၏ အင်အားမှာ များစွာပင် ပျက်ပြား ဆုတ်ယုတ်ခဲ့လေသည်။ ယင်းတို့၏ မြို့များလည်း ရောမလက်အောက်သို့ တစ်မြို့ပြီးတစ်မြို့ ရောက်ခဲ့ရ၏။ အရိုင်းဖြစ်သော ဂေါလ်တို့ကိုလည်း အပြင်းအထန်တွန်းလှန်နှင်ထုတ်လိုက်သဖြင့် ဂေါလ်များသည် ဘော်လ်ကန်ကျွန်းဆွယ်ဘက်သို့ တိုးဝင်သွားကြလေသည်။ သို့သော် ပိုမြစ်ဝှမ်းတွင် နေသားတကျနေထိုင်မိကြသော ဂေါလ်တို့ကမူ ထိုဒေသတွင်ပင် ဆက်လက်နေထိုင်ခဲ့ကြ၏။ ထို့ကြောင့် နိုင်ငံတော်မှာမြောက်အရပ်၌ အာနပ်စ်မြစ်တွင်ဆုံး၍ တောင်ဘက်တွင် ဂရိမြို့နိုင်ငံများအထိ ရောက်လေသည်။ ဤမျှကျယ်ပြန့်သော နိုင်ငံတော်ကို ဆင်တီနမ်စစ်ပွဲပြီးသည့်နောက် ငါးနှစ်အတွင်းဝယ် ထူထောင်ခဲ့ကြ၏။ ရောမသည် အီတလီ၏ အလယ်ပိုင်းတွင် ပြိုင်ဘက်ကင်းသော မင်းဘဝသို့ ရခဲ့ပေပြီ။

## အနောက်ဘက် ဂရိများပူးပေါင်း၍ ရောမကို ချေမှုန်းရန် ကြိုးစားခြင်း

အီတလီတွင် အီတာလစ်လူမျိုးစုမှအပ အပြိုင်ဖြစ်ကြသော အက်ထရပ်စကင်၊ ဂရိနှင့် ကာသေ့ချ်မြို့တော်မှ ဖိနိရှန်သုံးဦးတို့တွင် အက်ထရပ်စကင်များ ပျက်စီးခဲ့လေပြီ။ ယင်းတို့နေရာတွင် ရောမတို့ စာရင်းဝင်ခဲ့ပြီဖြစ်သဖြင့် ယခုအခါဝယ် အနောက်ဘက်ကမ္ဘာအတွက် အပြိုင်သုံးဦးမှာ ဂရိ၊ ကာသေ့ချ်မြို့တော်သားများနှင့် ရောမနိုင်ငံသားတို့ပင် ဖြစ်တော့သည်။ ဂရိပင်မနိုင်ငံများ၌ကား အယ်လီဇန်ဒါ၏ အမွေဆက်ခံသူများ ဝေစုမတည့်သဖြင့် အပြန်အလှန်အကြိတ်အနယ် တိုက်ခိုက်နေကြဆဲဖြစ်၏။ အီတလီ၏ တောင်စွန်းနှင့်

mgyoe.com

mgyoe.com

စီစီလီတစ်ပိုက်တွင်နေကြသော အနောက်ဘက် ဂရိများမှာလည်း အချင်းချင်း မသင့်သဖြင့် ညီညွတ်ခြင်း မရှိချေ။ ယင်းတို့သည် အီတာလစ်လူမျိုးအချို့နှင့် ခိုက်ရန်ဖြစ်ဖူးသဖြင့် မြို့နိုင်ငံအချို့ပင် ပျက်စီးခဲ့ရသည်။ ယခု ရောမ၏ ရန် ပေါ်ပေါက်လာသောအခါ၌မူကား အားလုံးစုပေါင်း၍ တွန်းလှန်ကြရန် စိုင်း ပြင်းကြသည့်ပြင် ပြည်ပအကူအညီများကိုလည်း တောင်းခံကြရတော့၏။

## ဧပီရပ်စ်ဘုရင်ပါရပ်စ်သည် အနောက်ဘက် ဂရိလက်နက်နိုင်ငံတော် ထူထောင်ရန် ကြံရွယ်ခြင်း

တောင်ပိုင်းအီတလီ၏ဂရိမြို့များတွင် ခေါင်းဆောင်မြို့သည် တရင်တမ် ဖြစ်၏။ ဂရိပင်မနိုင်ငံများမှ အကူအညီကောင်းစွာ ရနိုင်ပုံမပေါ်သဖြင့် ဧပီရပ်စ်ဘုရင် ပါရပ်စ်အား လာရောက်ကူညီရန် တရင်တမ်က တောင်းပန် ခဲ့လေသည်။ ပါရပ်စ်သည် မက်ဆီဒိုးနီးယားဘုရင် ဖိလစ်အသုံးပြုခဲ့သော အက်ပါမီနွန်ဒက်စ်၏စစ်ဆင်နည်းကို ကောင်းစွာတတ်ကျွမ်းသူဖြစ်၏။ ယင်းတွင် ထိုခေတ်အခါက အကျော်ကြားဆုံးဖြစ်သည့် သက်ဆယ်လီယန် မြင်းတပ်ရှိသည့်အပြင် အရှေ့တိုင်းအတုယူလျက် ဆင်တပ်တစ်တပ်လည်း ဖွဲ့စည်းပြီးရှိ၏။ ယင်းတပ်များကို ကောင်းစွာလေ့ကျင့်ထားသော ဂရိကြေးစား ခြေလျင်တပ်နှင့် တွဲဖက်၍ ပါရပ်စ်ကိုယ်တိုင် ကွပ်ကဲခေါင်းဆောင်၏။ ပါရပ်စ်ကိုယ်တိုင်ကလည်း စစ်ရေးတွင် ကျွမ်းကျင်သော စစ်သားကောင်းဖြစ် သဖြင့် ယင်း၏ရန်မှာ မသေးလှချေ။ ပါရပ်စ်၏ ရည်ရွယ်ချက်မှာ အီတလီနှင့် စီစီလီရှိ ဂရိအားလုံးကို ပူးပေါင်း၍ နိုင်ငံကြီးတစ်ခုတည်ထောင်ရန်ပင် ဖြစ် ၏။ ဤအကြံအစည်မျိုးကို ရောမနှင့်ကာသေ့ချ်က ဘယ်နည်းနှင့်မျှ မကြိုက် နိုင်ချေ။

## ရောမနှင့် ကာသေ့ချ်ပေါင်း၍ ပါရပ်စ်ကို နှိမ်နင်းခြင်း

ဟေရကာလီယာအရပ်၌ ရောမနိုင်ငံသားတို့ကို ပါရပ်စ်က ၂၈၀ ဘီစီ တွင် ကောင်းစွာ အနိုင်ရလိုက်၏။ စီစီလီကျွန်းဝက်တွင်ရှိနေသော ကာသေ့ချ် မြို့တော်သားများကိုလည်း ပါရပ်စ်အောင်နိုင်ခဲ့သည်။ အနောက်ဘက် အစွန်း ဆုံးရှိ လီလီဗေယမ်ကို ရေတပ်မရှိသောကြောင့်သာ မသိမ်းနိုင်ဘဲ ကျန်ရစ်၏။

mgyoe.com

mgyoe.com


ထို့ကြောင့် ပါရပ်စ်၏စီမံကိန်းအောင်မြင်လုဆဲဆဲသို့ ရောက်ခဲ့သည်။ သို့သော် ပါရပ်စ်၏ရန်ကို ပူးပေါင်းဖြိုဖျက်ရန် ရောမနှင့်ကာသေ့ချ်တို့ သဘောတူညီညွတ်ကြသဖြင့် ရောမဆီးနိပ်သည် ပါရပ်စ်ကို အားသွန်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့၏။ ထိုအချိန်၌ ဂရိတို့တွင် ယခုလို အရေးကြီးသည့်အခါမျိုး၌ ထုံးစံအတိုင်း စိတ်ဝမ်းကွဲလာကြပြန်၏။ ထို့ကြောင့် ရောမတို့၏တိုက်စစ်ကို ကောင်းစွာမဖြိုနိုင်သဖြင့် ပါရပ်စ်သည် စိတ်ပျက်ကာ တပ်ခေါက်၍ ပီရပ်စ်သို့ ပြန်လေသည်။

## ရောမနှင့်ကာသေ့ချ်

ဂရိမြို့များလည်း ခိုကိုးရာမဲ့လျက် ရောမကိုပင် အရှင်သခင်ပြုကြရတော့၏။ ဤသို့ဖြင့် ၅၀၀ မှ ၂၇၅ ဘီစီအတွင်းဝယ် တိုင်ဗာမြစ်ပေါ်ရှိ သမ္မတနိုင်ငံငယ်ကလေးသည် ပိုမြစ်ဝှမ်းကို ချန်လှပ်၍ အီတလီကျွန်းဆွယ်တစ်ခုလုံး၏အရှင်သခင်ဖြစ်ခဲ့ရလေပြီ။ ထို့ကြောင့် အနောက်ဘက်ကမ္ဘာတွင် ပြိုင်ဆိုင်ရန် ရောမနှင့်ကာသေ့ချ်တို့နှစ်ဦးသာလျှင် ကျန်ရစ်ခဲ့တော့သည်။ ရောမနှင့် ကာသေ့ချ်တို့ပြိုင်ဆိုင်မှုမှာလည်း စင်စစ်အားဖြင့် ဆီမိုက်အနွယ်ဝင်များနှင့် အင်ဒိုဥရောပအနွယ်ဝင်များ၏ ရန်ပွဲအဆက်ပင် ဖြစ်ပေသည်။ ထိုရန်ပွဲကို ဆက်လက်မလေ့လာမီ ရောမ၏ယဉ်ကျေးမှုကို အခြေခံသဘောအားဖြင့် လေ့လာသင့်သေး၏။

❐

mgyoe.com

mgyoe.com

# အခန်း (၄)
# ရောမသမ္မတနိုင်ငံနှင့် ကာသေ့ချ်

## က။ ခေတ်ဦးရောမသမ္မတ၏ လက်အောက် အီတလီအခြေအနေ

### ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေးရသည့် မဟာမိတ်များ

ရောမသည် အီတလီကျွန်းဆွယ်တစ်ခုလုံးကို လက်ရုံးအားဖြင့် အောင်နိုင်၍ ထားသည်မှန်သော်လည်း ထိုလက်နက်နိုင်ငံတော်၏ အုပ်ချုပ်ရေးကိုမူ ရောမမှ တိုက်ရိုက်အုပ်စီး ကြိုးကိုင်ခြင်းမပြုချေ။ နမူနာပြရလျှင် ယခုခေတ် ပြည်ထောင်စုနိုင်ငံကြီးတွင် ပြည်ထောင်ငယ်များစွာ တွဲဖက်ပါဝင်နေသကဲ့သို့ပင်ဖြစ်သည်။ မြို့တစ်မြို့ကို ရောမပြည်သားတို့ သိမ်းယူပြီးသောအခါတိုင်းတွင် ထိုမြို့သားတို့အား နိုင်ငံသားအခွင့်အရေးတစ်မျိုးကိုတီထွင်၍ ပေးခဲ့လေသည်။ ထိုအခွင့်အရေးများအရ ရောင်းဝယ်ရေးနှင့် အသက်အိုးအိမ်များကို ရောမနိုင်ငံသားတို့က ကာကွယ်ပေးလျက် တရားရုံးတော်များတွင် ရောမနိုင်ငံသားတို့နှင့်တန်းတူ အခွင့်အရေးကိုရရှိကာ ရောမနိုင်ငံသားတို့နှင့်လည်း လက်ထပ်ထိမ်းမြားနိုင်ခွင့်ပြုသည်။ သို့သော် ရောမတွင် မဲပေးနိုင်ခွင့်ကိုကား ယင်းမြို့သားတို့မရနိုင်ချေ။ ရောမနှင့် ဝေးကွာလှ

mgyoe.com

mgyoe.com

သော အရပ်သားများအဖို့ မဲပေးခွင့်မရသည်မှာ မထောင်းတာဟု ဆိုရချေမည်။ အဘယ့်ကြောင့်ဆိုသော် မဲပေးလိုတိုင်း ရောမသို့ လာရမည်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ရောမနိုင်ငံသားအခွင့်အရေးတွင် မဲပေးနိုင်ခွင့်တစ်ခုတည်းသာ ချန်လှပ်ထားသော နိုင်ငံသားအခွင့်အရေးကို ရောမလက်အောက်ခံတို့ရကြသည်ကိုပင် အထူးနှစ်သက်ဝမ်းသာကြလေသည်။ ထိုအခွင့်အရေးကို ရရှိသောမြို့များနှင့် လူမျိုးအုပ်စုများကို ရောမနိုင်ငံသားတို့က မဟာမိတ်များ ဟုခေါ်ကြ၏။ ရောင်းဝယ်ရေးတွင် တန်းတူအခွင့်အရေးရလျက် ရောမမှစောင့်ရှောက်ပေးသဖြင့် လက်အောက်ခံမဟာမိတ်များသည် ကျေးဇူးတုံ့ပြန်သည့်သဘောဖြင့် ယင်းတို့၏စစ်အင်အားကို ရောမက သုံးချင်သလို သုံးခွင့်ပြုခဲ့ကြ၏။ ရောမကပင်လျှင် ယင်းတို့၏နိုင်ငံခြားဆက်သွယ်ရေးကို ကြိုးကိုင်၏။ ထို့ကြောင့် စစ်တပ်နှင့်နိုင်ငံခြားဆက်သွယ်ရေးမှအပ ကျန်အားလုံးသောပြည်တွင်း ရေးများကို မိမိတို့ဘာသာစီမံအုပ်ချုပ်ခွင့်ရခဲ့သည်။ သို့သော် မြို့တစ်မြို့ကိုပေးသော အခွင့်အရေးနှင့် အခြားမြို့တစ်မြို့ကို ပေးသောအခွင့်အရေးတို့ အသေးစိတ်အားဖြင့် အနည်းငယ်ကွဲလွဲလေရာ အကယ်၍ မြို့များက ရောမနိုင်ငံသားတို့အပေါ်တွင် မကျေမနပ်ဖြစ်ခဲ့သော် တစ်မြို့နှင့်တစ်မြို့ မကျေနပ်ပုံချင်းတူညီကြမည် မဟုတ်သောကြောင့် ယင်းတို့အားလုံးစုပေါင်း၍ ရောမကိုတော်လှန်လိမ့်မည်ဟု စိုးရိမ်ရန် မလိုတော့ချေ။

## ရောမနိုင်ငံသား အခွင့်အရေးအပြည့် ရရှိသူများ

သို့သော် ရောမနိုင်ငံသားများစွာပင် ပြည်နယ်အသစ်များတွင် စိုက်ပျိုးထွန်ယက်ရန် သွားရောက်နေထိုင်ကြလျက်ရှိခြင်းကြောင့် အီတလီ၏ခြောက်ပုံတစ်ပုံသည် ရောမနိုင်ငံသားအခွင့်အရေးကို အပြည့်အစုံခံယူနိုင်သောသူများ နေထိုင်လျက်ရှိကြောင်းကို တွေ့ရသည်။ ယင်းတို့အနေများသောဒေသမှာ အက်ပင်နိုင်တောင်နှင့် အနောက်ဘက်ပင်လယ်ကမ်းခြေအတွင်း မြောက်ဘက်တွင် ဆီရီမှ တောင်ဘက်တွင် ကပ်ပွာအ နှင့် ကူမီ အထိပင်ဖြစ်သည်။ အရှေ့ဘက်ကမ်းခြေ၏အရေးပါသောနေရာများတွင်လည်း ယင်းတို့ကို တွေ့နိုင်ပေ၏။ အဘယ့်ကြောင့်ဆိုသော် မဟာမိတ်များ၏အရပ်တို့တွင် ရောမ

mgyoe.com

mgyoe.com
နိုင်ငံသားအစစ်များကို သွားရောက်နေထိုင်စေခြင်းမှာ ရောမ၏ဝါဒပင် ဖြစ်သည်။ ဤအမြော်အမြင်ရှိသောဝါဒကြောင့်လည်း အီတလီအားလုံးကို ရောမကနေ၍ လွှမ်းမိုးအုပ်ချုပ်ရန် လွယ်ကူခဲ့၏။

## ဘာသာစကားကွဲပြားခြင်း

ထိုသို့စည်းရုံးခဲ့သော ရောမလက်နက်နိုင်ငံတော်မှာ ယခုခေတ်အခေါ်အားဖြင့် အီတလီဟု ခေါ်ရမည်ဖြစ်သော်လည်း ယခုခေတ်ကဲ့သို့ အမျိုးသားနိုင်ငံကြီးမဟုတ်ချေ။ ရောမနိုင်ငံတော်အတွင်းဝယ် လူမျိုးများစွာ ပါဝင်လျက် ဘာသာစကားမျိုးစုံကိုပြောကြသည်။ ပိုမြစ်ဝှမ်းရှိ ဂေါလ်များကို ချန်၍ ကျန်အီတလီတစ်ခုလုံးတွင် မြောက်ဘက်၌ အက်ထရုပ်စကင်များ ရှိ၏။ အလယ်တွင် လက်တင်၊ ဆမ်နစ် စသောအုပ်စုကွဲသည့် အီတာလစ်လူမျိုးတို့ နေကြသည်။ အုပ်စုကွဲတစ်ခုလျှင် ဘာသာစကားတစ်မျိုး ဖြစ်သောကြောင့် တစ်စုနှင့်တစ်စု ရင်းနှီးစွာဆက်ဆံခြင်းမရှိချေ။ တောင်ဘက်တွင် ဂရိများရှိ၏။ ထို့ကြောင့် ဂရိမှာကဲ့သို့ ဘာသာစကားတစ်မျိုးတည်းသုံးစွဲခြင်းမျိုးကို အီတလီ၌ မတွေ့နိုင်ချေ။

## ဓလေ့ထုံးစံကွဲပြားခြင်း

အီတလီတွင် ဘာသာစကားအကွဲကွဲရှိသလိုပင် ဓလေ့ထုံးစံများလည်း အကွဲကွဲရှိလေသည်။ ဤအချက်တွင်လည်း ဂရိနှင့်မတူချေ။ ဂရိတွင် ဟိုမာ၏သီချင်းကြီးများကို ဂရိအမျိုးသားတိုင်းက အရေးထားကြသဖြင့် အနေခြား၍ နိုင်ငံရေးကွဲပြားသော်လည်း ငါတို့ကား တစ်မျိုးသားတည်းဖြစ်သည်ဟု ထိုမော်ကွန်းများက အစဉ်သတိပေးလျက်ရှိရကား အချင်းချင်း ရိုင်းပင်းလိုစိတ်ပေါ်ကာ အလွယ်တကူဆက်ဆံနိုင်ကြလေသည်။ သို့သော် အီတလီတွင်ကား ရောမနိုင်ငံသားတို့၏ ကျွမ်းကျင်မှုကြောင့်သာလျှင် အီတလီသည် ပြည်ထောင်စုနိုင်ငံကြီးတစ်ခုဖြစ်၍လာရသော်လည်း လူမျိုးများစွာတို့တွင် ရောမတစ်ခုတည်းကိုသာ အသားပေးမည့်မျိုးချစ်စိတ်မျိုး မရှိနိုင်ကြောင်း ထင်ရှားလှသည်။

mgyoe.com

mgyoe.com

## အီတလီတွင် လက်တင်ဘာသာစကားကိုပြောလျက် ဂရိယဉ်ကျေးမှု ထွန်းကားခြင်း

ဘာသာစကားသည် နောင်အခါ၀ယ် အုပ်ချုပ်သောနိုင်ငံကို လိုက်၍ လက်တင်ဖြစ်လာခဲ့၏။ ထိုနိုင်ငံကို ရောမနိုင်ငံတော်ဟု နိုင်ငံရေးအရ ခေါ်ရသော်လည်း ပထဝီသဘောအရ အီတလီသာဖြစ်၍ ဘာသာစကားအရ လက်တင်ဖြစ်လေသည်။ ယခုခေတ်တွင် ယင်းနှင့်ဆင်တူသော နမူနာမှာ ယူအက်စ်အေဟု နိုင်ငံရေးအရခေါ်၍ ပထဝီသဘောအရ အမေရိကန်ဖြစ်ကာ ဘာသာစကားအရ အင်္ဂလိပ်ဖြစ်သော အမေရိကန်သမ္မတပြည်ထောင်စု ဖြစ်၏။ ယဉ်ကျေးမှုအရမူ ရောမနိုင်ငံသည် ဂရိယဉ်ကျေးမှု၏စက်ရိပ်အောက်တွင်ရှိလေသည်။ ရောမနိုင်ငံသားတို့သည် တောင်ဘက်မှ ဂရိမြို့များကို သိမ်းယူသောအခါများတွင် ထိုဂရိတို့ဆောက်လုပ်ထားသော တရင်တမ်နှင့် ပက်စတမ်မြို့များရှိ ခမ်းနားတင့်တယ်သော အဆောက်အအုံများကို တွေ့လျှင် များစွာအံ့ဩလျက် အတုယူလိုစိတ်များ ပေါ်ခဲ့၏။ ဂရိပြဇာတ်များနှင့် ဇာတ်ရုံအခင်းအကျင်းများကို မြင်ခဲ့ကြရ၍ ပြေးပွဲပြိုင်ပွဲနှင့် ကစားခုန်စားခြင်းများကိုလည်း နည်းယူစရာ မြင်တွေ့ကြည့်ရှုမှတ်သားခဲ့ကြရသည်။

## ဂရိယဉ်ကျေးမှုစက်ရိပ်

ဂရိယဉ်ကျေးမှုအထက်တန်းကျပုံကို ရောမနိုင်ငံသားတို့ တွေ့ကြရသောအခါတွင် နိုင်ငံရေးအရ မိမိတို့က သာသည်မှန်သော်လည်း ယဉ်ကျေးမှုတွင် ဂရိတို့ကို ဆရာတင်ရန် ဝန်မလေးကြချေ။ ငွေကြေးတတ်နိုင်သည့် ရောမနိုင်ငံသား အထက်တန်းစားများသည် ဂရိပန်းချီပန်းပုတို့ကို ငှားရမ်း၍ အသုံးအဆောင်များကို လုပ်ခိုင်းလေ့ရှိ၏။ အဆောက်အအုံများကိုလည်း ဂရိပုံစံအတိုင်း ဆောက်ကြရသည်။ သို့သော် ထူးခြားသောအချက်တစ်ခုမှာ ရောမယဉ်ကျေးမှုတွင် အက်ထရပ်စကင်များသည် မူလဆရာများဖြစ်သောကြောင့် ဂရိတို့၏အယူအဆ၊ နည်းဓလေ့ စသည်တို့များစွာ စွက်ဖက်သုံးစွဲလာသော်လည်း မူလ အက်ထရပ်စကင်အငွေ့အသက်များ မပျက်ပြယ်ဘဲ နောက်ဆုံးခေတ်အထိ အနည်းနှင့်အများ ကြွင်းကျန်၍နေကြောင်းကို တွေ့ရပေသည်။

mgyoe.com

mgyoe.com

## ဂရိပိုက်ဆံနှင့် ရောင်းဝယ်ရေးဓလေ့များ၊ ကြေးရတတ်ကုန်သည်လူတန်းစား

ဂရိအလေ့အလာကို ယူငင်ပုံကို အရောင်းအဝယ်ပြုရာ၌ အထင်ရှားဆုံး သိသာနိုင်ပါသည်။ တောင်ပိုင်းဂရိကုန်သည်များသည် နိုင်ငံသားအခွင့်အရေး ရရှိထားပြီးဖြစ်သဖြင့် ရောမတွင် ယခုအခါ စိတ်ချလက်ချလာရောက် ရောင်းဝယ်နိုင်ကြသဖြင့် ဆက်ဆံမှုပိုမိုများပြားကာ ဂရိရောင်းဝယ်မှု အသုံးအစွဲ ဓလေ့များ ရောမတွင် ခေတ်စားခဲ့ရ၏။ ဂရိငွေဒင်္ဂါးများကို ယူငင်သုံးစွဲလျက် ၂၆၈ ဘီစီတွင် ထိုငွေဒင်္ဂါးများဖြင့် မလုံလောက်သောကြောင့် ရောမသည် ပထမဆုံးအကြိမ် ငွေဒင်္ဂါးများကို သွန်းလုပ်ဖြန့်ဖြူးခဲ့သည်။ ရောင်းဝယ်ရေး တိုးတက်လာသဖြင့် ကြေးရတတ် ကုန်သည်လူတန်းစား ပေါ်ထွန်းကြီးပွားခဲ့ပြန်၏။ သို့သော် ရောမသည် အေသင်ကဲ့သို့ လက်မှုပညာများစွာ ထွန်းကား၍ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသော ဗဟိုဋ္ဌာနကြီးတစ်ခု မဖြစ်လာခဲ့ချေ။

## (ခ) ရောမနှင့် ကာသေ့ချ် စီးပွားရေးနယ်လုခြင်း

### ရောမက ရောင်းဝယ်ရေးနယ်ချဲ့ခြင်း

ရောမ၏ စိုက်ပျိုးရေးနယ်ချဲ့ခြင်းကြောင့် အီတလီကျွန်းဆွယ်တစ်ခုလုံး ကို ရောမနိုင်ငံသားတို့ လွှမ်းမိုးနိုင်ခဲ့၏။ ယခု ရောင်းဝယ်ရေးနယ်ချဲ့ခြင်းဖြင့် မြေထဲပင်လယ်ကမ္ဘာကို လွှမ်းမိုးရန် အစီအစဉ်ပြုပြန်လေသည်။ ရောမ သင်္ဘောများ ကျက်စားသည့် တာရီနီယန်ပင်လယ်မှ ထွက်လျှင်ထွက်ချင်း ဖိနီရှန်တို့၏ ကာသေ့ချ်မြို့တော်ကို တွေ့ရပေမည်။ ကာသေ့ချ်မြို့သားတို့မှာ လည်း ရောင်းဝယ်ရေးဖြင့် များစွာကြီးပွား၍လာသူများပင်ဖြစ်သည်။ ထို့ကြောင့် ရောမနှင့် ကာသေ့ချ်တို့သည် တစ်ဦး၏ပျက်စီးခြင်းကို တစ်ဦးလိုလားသော ရန်ဘက်များဖြစ်လာခဲ့ရ၏။

### ကာသေ့ချ်ပေါ်လာပုံ

ကာသေ့ချ်မြို့သားတို့မှာ အစဉ်အလာအားဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကျော်ကပင်လျှင် ဘက်ဘီလွန်နီးယား၌ ကြီးပွားခဲ့သော သဲကန္တာရ

mgyoe.com

mgyoe.com

တွင် ဝန်တင်လားစသည်တို့ဖြင့် လှည့်လည်သည့် ဆီမိုက်တို့မှ ဆင်းသက်၍ လာသူများပင် ဖြစ်သည်။ ယင်းတို့၏ မူလအမျိုးဖြစ်သော ဖိနိရှန်တို့သည် ကျောက်ခေတ်အဆင့်တွင်ရှိနေသေးသော အီတလီသို့ သတ္တုပစ္စည်းလက်နက် ကိရိယာများကို ရောင်းချရန် လာရောက်သူများပင်ဖြစ်၏။ ရောမသည် ရွာသိမ်ရွာငယ်မျှသာ ရှိစဉ်က ထိုဖိနိရှန်ကုန်သည်များသည် အနောက်မြေထဲပင်လယ်ကို နှံ့စပ်အောင် သွားလာဖူးကြလျက် အာဖရိက၏မြောက်စွန်းရှိ ယခုအခေါ် ကြူနစ်အရပ်သည် သွားလာရေးတွင် အလယ်ကျ၍ ရောင်းဝယ်မှု အချက်အချာ ဖြစ်နိုင်ကြောင်းကို နားလည်သဖြင့် မြို့တည်လျက် ကာသေ့ချ်ဟု သမုတ်ခဲ့လေသည်။

## ကာသေ့ချ်၏ နယ်ချဲ့ခြင်း

ဤသို့ တည်နေရာ၏ အချိုးကျခြင်းကြောင့် ကာသေ့ချ်သည် ရောင်းဝယ်ရေးတွင် အခြားပြိုင်ဘက်များထက် များစွာသာ၍ လာပါသည်။ တစ်စတစ်စအားဖြင့် ကာသေ့ချ်မြို့သားတို့သည် အာဖရိက၏မြောက်ဘက် ကမ်းတစ်လျှောက်လုံးကို သိမ်းယူပြီးသောအခါ တောင်အရပ်တွင် ဆာဟာရသဲ ကန္တာရ ရှိနေသောကြောင့် ဆက်လက်နယ်မချဲ့နိုင်ရကား ယင်းတို့အတွက် မြေထဲပင်လယ်၏ မြောက်ဘက်ကမ်းသို့ကူး၍ နယ်ချဲ့ရန်သာ ကျန်တော့၏။ ထို့ကြောင့် ကာသေ့ချ်မြို့သားတို့သည် ပထမဦးဆုံး စပိန်တောင်ပိုင်းကို သိမ်းယူကာ ထိုအရပ်ရှိ ငွေတွင်းများကို တူးဖော်ခြင်းနှင့် ဂျီဘရော်တာ ရေလက်ကြားမှတစ်ဆင့် ဗြိတိသျှကျွန်းထွက်သံဖြူကို တင်သွင်းရောင်းချနိုင်ခဲ့သည်။ အာဖရိက၏ အနောက်ဘက်ကမ်းခြေဖြစ်သော အတ္တလန်တစ်ကမ်းခြေတွင်လည်း ကာသေ့ချ်မြို့သားများ ရောင်းဝယ်ရေးအတွက် သွားရောက်နေထိုင်ခဲ့ကြ၏။

## မြေထဲပင်လယ်တွင် နယ်ချဲ့ခြင်း

ကာသေ့ချ်မြို့သားတို့ စတင်နယ်ချဲ့လာသောအခါများ၌ ဂရိများကလည်း အနောက်သို့ နယ်ချဲ့လာခိုက်နှင့် ကြုံသောကြောင့် အပြိုင်အဆိုင် ဖြစ်ကြရပြန်သည်။ စီစီလီကျွန်းကို ဂရိနှင့်ကာသေ့ချ်မြို့သားတို့သည် တစ်

mgyoe.com

mgyoe.com

ယောက်တစ်ဝက်ယူ၍ နယ်သစ်များတည်ကြသည်။ ဆာဒီနီယား၊ ကော်စီကားနှင့် ဘာလေယာရစ်ကျွန်းများတွင်လည်း ကာသေ့ချ်မြို့သားများ နယ်သစ်တည်လျက် နေကြပြန်သည်။ ယင်းတို့သည် ဂျီဘရော်တာရေလက်ကြားမှစ၍ ယင်းတို့ပိုင် ကျွန်းများတစ်ဝိုက်တွင် အခြားမြို့သား ကုန်သည်သင်္ဘောများ မလာရောက်ရန် တင်းကျပ်စွာ ပိတ်ပင်ခဲ့သည်။ ကျူးကျော်လာသည့် သင်္ဘောများကိုနှစ်မြှုပ်၍ ပစ်လေ့ရှိသည်။ စစ်အင်အားတွင်မူ ကာသေ့ချ်သည် ရောမနှင့်မတူချေ။ ရောင်းဝယ်လျက် အမြတ်အစွန်းများစွာရ၍ ချမ်းသာလာသော ကာသေ့ချ်မြို့သားများသည် ငွေကြေးများစွာ အကုန်အကျခံလျက် ကြေးစားစစ်သားများကို ငှားရမ်း၍ ကာကွယ်ရေးအတွက် စစ်တပ်ကြီးတစ်တပ် ဖွဲ့စည်းခဲ့၏။ ရောမတွင်ရှိသော နိုင်ငံသား လယ်သမားစစ်သားမျိုး ကာသေ့ချ်တွင်မရှိချေ။ ကာသေ့ချ်၏ ပတ်ဝန်းကျင်တွင် မြေသြဇာကြွယ်ဝသော မြေယာများ ရှိသော်လည်း ကုန်သည်မင်းသားများက လယ်ယာတွင် ကျေးကျွန်များကိုသာ လုပ်စေသဖြင့် ကာသေ့ချ်တွင် လယ်သမားလူတန်းစား မပေါ်ခဲ့ဖူးချေ။

## ကာသေ့ချ်နိုင်ငံတော်

ယင်းအချက်သည်ပင်လျှင် ကာသေ့ချ်နိုင်ငံတော်၏ကြီးစွာသော ချို့ယွင်းချက်တစ်ရပ်ပင် ဖြစ်ပေသည်။ မြို့တော်ကိုအုပ်ချုပ်သူများသည် နိုင်ငံခြားသားများသာ ပါဝင်သော ယင်းတို့၏ စစ်တပ်ကိုယုံကြည်စိတ် မထားနိုင်သည့်အပြင် ကာသေ့ချ်မြို့သားစစ်ဗိုလ်များကိုပင် မယုံကြည်ကြချေ။ စစ်ဗိုလ်များသည် စစ်တပ်၏အကူအညီဖြင့် ဘုရင်လုပ်ကြမည်ကို စိုးရိမ်သောကြောင့် အုပ်ချုပ်ရေးအဖွဲ့သည် စစ်ဗိုလ်များကို အမြဲမလိုမုန်းထားစိတ်ရှိရာ ထိုအချက်သည်ပင်လျှင် နိုင်ငံတော်၏အားနည်းရာ အကြောင်းရင်းကြီးတစ်ခုဖြစ်လေသည်။ နိုင်ငံတော်ကိုအုပ်ချုပ်ရန် တရားသူကြီးနှစ်ဦးကို ရွေးကောက်တင်မြှောက်၍ ထားသော်လည်း စင်စစ်အား ဖြင့် နိုင်ငံတော်ကို အုပ်ချုပ်သူများမှာ ချမ်းသာလှသောကုန်သည် သူကောင်းမျိုးတစ်စုသာလျှင် ဖြစ်၏။ ယင်းတို့၏အုပ်ချုပ်ရေးမှာ လူနည်းစု၏အလိုကျ အုပ်ချုပ်ခြင်း ဖြစ်သောကြောင့် ဂရိဝေါဟာရအားဖြင့် ဩလီဂါခီဟုခေါ်ပေမည်။ သို့သော်

mgyoe.com

mgyoe.com
ထိုအုပ်ချုပ်သူလူနည်းစုသည် အလွန်အမြော်အမြင်ကြီးရှိ၍ လုံ့လဝီရိယ ရှိသောသူများသာဖြစ်သဖြင့် ကာသေ့ချ်သည် အေသင်မြို့ထက်ပင် တန်ခိုး ကြီးမားသော နိုင်ငံကြီးဖြစ်ခဲ့သည်။

## ကာသေ့ချ်ယဉ်ကျေးမှု

သို့သော် ယဉ်ကျေးမှုတွင် ကာသေ့ချ်သည် အရှေ့တိုင်း၏လက်ငုတ် အတိုင်းပင်ဖြစ်လျက် ဂရိတို့ကဲ့သို့ တိုးတက်ကြီးပွားခြင်းမရှိချေ။ ယင်း တို့၏ လက်မှုပညာပစ္စည်းများကို အကဲခတ်ရခြင်းအားဖြင့် ယင်းတို့သည် ရှေး လက်ရာများဖြင့်သာ တင်းတိမ်လျက် ဂရိတို့၏တိုးတက်သောနည်းနာများကို မသုံးစွဲကြောင်း ထင်ရှားသည်။ ကာသေ့ချ်ကုန်သည်များသည် စိစိလီကျွန်း တွင်သာ ဂရိအလေ့ကိုလိုက်၍ ငွေဒင်္ဂါးပိုက်ဆံကို လက်ခံသုံးစွဲသော်လည်း အခြားအရပ်များ၌မူ ရှေးရိုးအတိုင်း ရွှေငွေများကိုအတောင့်လိုက်ထား၍ လို သမျှသာ ဖြတ်တောက်ချိန်တွယ်ကာ သုံးစွဲကြလေသည်။ သို့သော် နောက်ဆုံး ၌ မသုံးလျှင်မဖြစ်သည့်အခြေသို့ရောက်ကာ နိုင်ငံတော်၏တံဆိပ်နှင့် တန်ဖိုး ကို ခတ်နှိပ်သော သားရေလက်မှတ်များကို ယခုခေတ်ငွေစက္ကူသဘောဖြင့် ထုတ်လုပ်သုံးစွဲခဲ့ကြ၏။ စာပေတွင် နိုင်ငံသစ်များကို စွန့်စားရှာဖွေသူ ကာသေ့ချ်မြို့သား ဟန်နိုက အာဖရိကဘက်မှ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေ ဒေသများ၏အကြောင်းကို ရေးသား၍ထားသောမှတ်တမ်းနှင့် နိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သော မာဂိုရေးခဲ့သည့် စိုက်ပျိုးရေးနည်းပြကျမ်းတို့ ရှိခဲ့သည်။ မာဂို၏စာအုပ်ကို ရောမဆီးနိတ်၏ဆုံးဖြတ်ချက်အရ လက်တင် ဘာသာသို့ ပြန်ကာ အီတလီတွင် စိုက်ပျိုးရေးလက်စွဲစာအုပ်အဖြစ်ဖြင့် သုံးစွဲ ကြ၏။

## ကာသေ့ချ်မြို့တော်

အဆောက်အအုံများနှင့် အိမ်သုံးပစ္စည်းများတွင်ကား ကာသေ့ချ်မြို့သား တို့သည် ဂရိတို့နှင့် ရင်ပေါင်တန်းလိုက်နိုင်သည်။ ကာသေ့ချ်မြို့တော်သည် ကျယ်ပြန့်၍ များစွာခမ်းနားတင့်တယ်ပေသည်။ ဧရိယာတွင် ရောမထက် သုံးဆမျှကြီးလျက် သဘော်ဆိပ်၊ ဈေးနှင့် လက်မှုပညာအလုပ်ရုံများဖြင့်
mgyoe.com

mgyoe.com
တင့်တယ်လှ၏။ ဆင်းရဲသားအလုပ်သမားတို့၏အိမ်များနှင့် လွတ်ရာတွင် သာယာလှသည့်ပန်းဥယျာဉ်များအလယ်၌ ကြွယ်ဝသော ကုန်သည်ကြီးများ၏ အိမ်ကြီးအိမ်ကောင်းများကို တွေ့ရပေသည်။ မြို့တော်ကြီးတစ်ခုလုံးကို ဝိုင်း၍ မြို့ရိုးကြီးရှိသဖြင့် မြို့တော်ကိုလုပ်ကြံရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ မြို့တော်၏အပြင်၌ လှပသောစွန်ပလွံပင်များ အကြားဝယ် အထက်တန်းစားပုဂ္ဂိုလ်ကြီးများ ပျော်ပါးရန်အိမ်များ ရှိလေသည်။

## ရောမနှင့် ကာသေ့ချ်တို့၏ ခေတ်ဦးရောင်းဝယ်ရေးစာချုပ်များ

လက်တင် စစ် (၃၃၈ ဘီစီ) ဖြစ်ခဲ့သော အချိန်ကာလလောက်က ရောမကုန်သည်များသည် ရောင်းဝယ်ရေးတွင် အနည်းအပါးမျှသာ ပါဝင်နိုင်ခဲ့သေးသဖြင့် ယင်းကုန်သည်များ၏အကျိုးငှာ ဆီးနိပ်သည် ကာသေ့ချ်နှင့် သဘောတူစာချုပ်ပြုလျက် နယ်နိမိတ်သတ်မှတ်ကာ တစ်ဖက်မှသင်္ဘောသည် တစ်ဖက်သို့ မဝင်လာရန် ကတိပြုခဲ့ကြသည်။ ဆမ်နစ်စစ်ဖြစ်နေစဉ် (၃၀၆–ဘီစီ) ကာလအတွင်း၌ စီစီလီဆိပ်ကမ်းများသို့ ရောမသင်္ဘောများ မလာရန်နှင့် အီတလီဆိပ်ကမ်းများသို့ ကာသေ့ချ်သင်္ဘောများ မလာရန် ဒုတိယစာချုပ်ကို ချုပ်ဆိုပြန်၏။ အီတလီနေ ဂရိအားလုံးကို ရောမနိုင်ငံသားများက အောင်နိုင်သောအခါတွင် စီစီလီနေ ဂရိများကိုလည်း ကာသေ့ချ်မြို့သားတို့က ရန်ပြုခြင်းကိုခံရလျက် ရေးကကဲ့သို့မညီညွတ်တော့သဖြင့် ဂရိများသည် ရန်သူတို့ကို မတွန်းလှန်နိုင်ကြတော့ချေ။ စီစီလီတွင် ကာသေ့ချ်မြို့သားများ လွှမ်းမိုးလျက် ရောင်းဝယ်ရေး ထွန်းကားနေသည်ကို ရောမနိုင်ငံသားတို့ မြင်တွေ့ကြားသိကြရသောအခါတွင် စီစီလီသို့ ကျူးကျော်၍ မလာပါဟု ကတိပေးမိဖူးသည်ကိုပင် နောင်တရ၍လာကြသည်။ အီတလီကျွန်းဆွယ်တစ်ခုလုံးကို သိမ်းယူပြီးသည့်နောက် အနောက်မြေထဲပင်လယ်ကမ္ဘာတွင် ရောမနိုင်ငံသားတို့၏ရန်သူဟူ၍ ကာသေ့ချ်တစ်ဦးတည်းသာလျှင် ကျန်ရှိပေတော့သည်။ စီစီလီတွင် ကာသေ့ချ်မြို့သားတို့ကလည်း အောင်မြင်စွာနယ်ချဲ့လျက်ရှိနေသဖြင့် မကြာမီ စီစီလီနှင့်အီတလီ၏အကြားရှိ မက်စီနာရေလက်ကြားကို ကာသေ့ချ်မြို့သားတို့ သိမ်းပိုက်သွားမည်ကိုပင် စိုးရိမ်ရသည်။ ထိုရေလက်ကြားကို ရောမတို့လက်လွတ်ပါမူ အီတလီ၏ အနောက်

mgyoe.com

mgyoe.com


ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းတို့သည် လှေသဘော်ဖြင့် ကူးလူးဆက်ဆံခြင်းပင် ပြုနိုင်ကြတော့မည်မဟုတ်ချေ။ ထို့ကြောင့် ထိုအန္တရာယ်ကို ကြိုတင်ကာကွယ်ရန် ရောမဆီးနိပ်သည် စတင်စဉ်းစားစပြုခဲ့၏။

## ရောမ၏စစ်အင်အား

ရောမရေတပ်ကား ပြောပလောက်အောင် ကြီးမားလှသည် မဟုတ်ချေ။ ရောမစစ်တပ်မှာလည်း ပါရပ်စ်လို စစ်ဗိုလ်မှူးကြီးခေါင်းဆောင်သည့် စစ်တပ်မျိုးကို အထူးကြိုးစား၍ တွန်းလှန်ခဲ့ရ၏။ သို့သော် ထိုစဉ်အခါက ရောမစစ်တပ်တွင် လယ်ပိုင်ရှင်လူတန်းစားသာ ပါဝင်သောကြောင့် အရေအတွက်အားဖြင့် မများလှချေ။ ယခုမူ ကြေးရတတ် လူတန်းစားသစ်လည်း စစ်တပ်တွင် ပါဝင်လာနိုင်သဖြင့် စစ်သားအရေအတွက်များပြား၍ လာပါသည်။ ထို့ပြင် စစ်မှုထမ်းတို့အား လစာရိက္ခာထောက်ပံ့ခြင်းစနစ်ကို စတင်သုံးစွဲပြန်သဖြင့် ရက်ရှည်လများ စစ်မှုထမ်းနိုင်ကြသည်။ ထို့ကြောင့် ရောမနိုင်ငံသားစစ်တပ်သည် တပ်သားအင်အား သုံးသိန်းကျော်ရှိ၏။ ရောမ၏မဟာမိတ်ပြည်နယ်များမှ စစ်သားစုစုပေါင်းလည်း ဤမျှသာရှိသဖြင့် ရောမစစ်အင်အားမှာ ထိုခေတ်တွင် မြေထဲပင်လယ်ကမ္ဘာ၌ အကြီးမားဆုံးဖြစ်သည်ဟု ဆိုရပေမည်။

## စစ်လက်နက်နှင့် စစ်ဆင်နည်းများတွင် နည်းကောင်း နည်းသစ်များ ပေါ်လာခြင်း

ရှေးဂရိစစ်လက်နက်နှင့် စစ်ဆင်နည်းတို့ထက် သာလွန်ကောင်းမွန်သောအဆင့်သို့ ရောမတို့သည် တက်လှမ်းနိုင်ခဲ့ကြပေပြီ။ လှံလျင်ကို ရောမတို့သည် စစ်စ၍ တိုက်စအချိန်တွင်သာသုံး၏။ ဆိုလိုသည်မှာ ရန်သူနှင့် စစ်ဦးချင်း ဆိုင်သည်နှင့်တစ်ပြိုင်နက် ရန်သူတပ်တွင်းသို့ လှံလျင်ကို လက်လွှတ်ပစ်သွင်းလိုက်ကြသည်။ ထို့ကြောင့် ရင်ဆိုင်အကြိတ်အနယ် တိုက်သောအခါတွင် ရောမနိုင်ငံသားစစ်သားတို့သည် အသုံးခက်သော လှံရှည်ကြီးများနှင့် မတိုက်ခိုက်ကြဘဲ ဓားတိုများဖြင့်သာ ထိုးခုတ်သတ်ဖြတ်ကြ၏။ ထို့အတူ စစ်ဆင်နည်းတွင်လည်း ရောမစစ်သားတို့သည် နည်းသစ်ထွင်ပြန်သည်။

mgyoe.com

mgyoe.com

ရှေးဂရိများခေတ်က စစ်ဦးကို ကြီးမားသော တပ်ဖွဲ့ကြီးအဖြစ်ဖြင့် စုပေါင်း၍ ထားနည်းကို ပြုပြင်လျက် သွက်လက် လျင်မြန်၍အချီအတက်လွယ်ကူစေရန် တပ်စုငယ်များ ခွဲ၍ထားလေသည်။ တပ်စုငယ်တစ်ခုလျှင် တပ်သား ၁၂၀ရှိ၍ ထိုတပ်စုငယ်များကို သုံးတန်း ပြု၍ ရှေ့တန်းတွင် ငယ်ရွယ်နုပျို၍ ခွန်အားဖြင့် ပြည့်စုံသောစစ်သားများကို နေစေလျက် သက်ကြီးများက နောက်တန်းများတွင် နေရသည်။ တပ်စုငယ်တစ်ခုနှင့်တစ်ခုအကြားမှ ရန်သူများ ယိုထွက်၍ မလာနိုင်အောင် နောက် တန်းသည် ရှေ့တန်း၏အကြားကိုပိတ်၍ စီရသည်။ နောက်ဆုံးအတန်း၌ တပ်စုဝက်များသာ ထား၏။ ရှေ့တန်းတွင် အပျက်အစီးရှိလျှင် နောက်တန်းမှ တက်၍ ဖြည့်ရ၏။

## လီဂျင်နှင့် ဆင်ကြူရီယွန်များ

စစ်ဆေးကြည့်ရှုခြင်းနှင့် ရိက္ခာပေး၍ ကျွေးမွေးလွယ်ကူစေရန် တပ်သား ၄၅၀ လျှင် တစ်ဖွဲ့ဖွဲ့၍ထား၏။ ထိုအဖွဲ့ကို လီဂျင်ဟုခေါ်လျက် ထိုလီဂျင်၏ လူ ၄၅၀၀ ကား ၃၀၀ မြင်းသည် လက်နက်ငယ်ကိုင်စစ်သည် ၁၂၀၀၊ လက်နက်ကြီးကိုင်စစ်သည် ၃၀၀၀ ဖြစ်၏။ စစ်သည် ၁၂၀ ပါ တပ်စု၏ တစ်ဝက်ဖြစ်သော လူခြောက်ဆယ်အဖွဲ့ကိုပင် လူ ၁၀၀ မပြည့်သော်လည်း ဆင်ကြူရီဟုခေါ်၍ ယင်းအဖွဲ့၏ဗိုလ်ကို ဆင်ကြူရီယွန်ဟု ခေါ်၏။

## ဗိုလ်ချုပ်တို့၏ညံ့ခြင်း

ထိုသို့ ပြုပြင်ခဲ့သည်မှန်သော်လည်း ရောမနိုင်ငံသားတို့သည် စစ်မှုတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်ကိုသာလျှင် စစ်သေနာပတိခန့်သင့်ကြောင်း သတိမပြုမိကြချေ။ ထို့ကြောင့် ရောမစစ်တပ်များကိုခေါင်းဆောင်ရန် ကောင်ဆယ်ခေါ် အုပ်ချုပ်ရေးမှူးကိုသာလျှင် ခန့်ထားလေ့ရှိကြရာ ထိုကောင်ဆယ်တို့တွင် အချို့သည် စစ်ဗဟုသုတ လုံးဝပင်မရှိရှာချေ။ ထို့ပြင် ကောင်ဆယ်တစ်ဦး၏ ရာထူးသက်တမ်းသည် တိုတောင်းလှသဖြင့် စစ်ချီတက်ဆဲတွင် ဗိုလ်ချုပ်ဖြစ်သောကောင်ဆယ်သည် ရာထူးသက်တမ်းစေ့သဖြင့် ဗိုလ်ချုပ်အဖြစ်မှ ဖယ်၍ပေးရတတ်လေသည်။ ဆမ်နစ်တို့နှင့်စစ်ဖြစ်စဉ်က ယင်းအခက်အခဲမျိုးပေါ်ပေါက်ဖူးသဖြင့် စစ်ထွက်ဆဲဖြစ်သော ကောင်ဆယ်တစ်ဦး၏သက်တမ်းကို

mgyoe.com

တိုးမြှင့်၍ပေးခဲ့ရသည်။ ဤသို့ သက်တမ်းတိုးမြှင့်ပေးခြင်းခံရသော ကောင်ဆယ်ကို ပရိုကောင်ဆယ်ဟုခေါ်၏။ သို့သော် ယခုတိုင်အောင်ပင် ရောမနိုင်ငံသားတို့၌ စစ်မှုရေးရာကိုသာ လေ့လာထူးချွန်သည့် ဇင်နိုဖင်ကဲ့သို့သော ဗိုလ်ချုပ်မျိုး မပေါ်ဖူးသေးချေ။ သို့သော် တပ်သားများကို လစာရိက္ခာပေးခြင်း စနစ်ပေါ်ခဲ့သဖြင့် စစ်မှုရေးရာကို ထာဝစဉ်လေ့လာ၍ ထူးချွန်အောင် ကြိုးစားမည့်သူများ မကြာမီ ပေါ်လာပါတော့သည်။

## ရောမနိုင်ငံသားတို့၏ စစ်စည်းကမ်းနှင့် ကတုတ်ခံ၍ စခန်းချခြင်းစနစ်

စစ်တပ်၏ စည်းကမ်းကို ရိုသေလေးစားမှုတွင်ကား ခေတ်ဟောင်းတွင် ရောမနိုင်ငံသားတို့ကို မီသူမရှိချေ။ အမိန့်ကိုလွန်ဆန်၍ ရန်သူနှင့် တစ်ယောက်ချင်းတိုက်ကာ ရန်သူကိုသတ်နိုင်ခဲ့သော သားဖြစ်သူ စစ်သားကို စစ်ဗိုလ်ဖြစ်သော ဖခင်က အမိန့်ကိုလွန်ကျူးသဖြင့် တပ်ဖွဲ့၏ရှေ့မှောက်တွင်ပင် ထိုစစ်သားကိုသတ်၍ပစ်ရမည်ဟု အမိန့်ပေးခဲ့ဖူးလေသည်။ ဗိုလ်မှူးဖြစ်သော ကောင်ဆယ်သည် အာဏာရှင်က စစ်ရပ်စဲရန် အမိန့်ရပြီးမှ စစ်ကို ဆက်၍တိုက်ကာ ရန်သူကိုချေမှုန်းနိုင်သော်လည်း အထက်အမိန့်ကို မနာယူသောကြောင့် သေဒဏ်ပေးခြင်းခံရသောအခါ မိတ်ဆွေအများက ဝိုင်းဝန်းကူညီသဖြင့်သာ အသက်ဘေးမှ လွတ်ရဖူးလေသည်။ ဤသို့ စည်းစနစ်ကျနလှသော ရောမစစ်တပ်သည် ချီတက်သွားရာ၌ စခန်းချတိုင်းချတိုင်း ယင်းတို့၏စခန်းကို သစ်တိုင်ဝိုင်း၍ မြေကတုတ်ခံလေ့ရှိ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၅)

# အနောက်မြေထဲပင်လယ်ကမ္ဘာကို ရောမတို့ သိမ်းယူခြင်း

## က။ ကာသေ့ချ်နှင့် ရန်ဖက်ခြင်း။ စီစီလီသို့မဟုတ် ပထမ ပြူနစ်စစ်

### မက်စီနာတွင် ၂၆၄ ဘီစီ၌ စီစီလီစစ်စခြင်း

ကာသေ့ချ် နှင့် စစ်ဖြစ်ရမည်ဆိုလျှင် ရောမတို့ ကောန်မှုချနိုင်မည်ဟု မပြောသာသဖြင့် ရောမနိုင်ငံသားတို့သည် စိတ်မရဲလှသော်လည်း မတိုက်လျှင် မဖြစ်တော့ဟု ဆုံးဖြတ်ကြသည်။ စီစီလီတွင် ဆာရာကွတ် မြို့သားတို့က မက်ဆီနာမြို့ကို ဝိုင်း၍ထားသောအခါ မက်ဆီနာမြို့တွင်းမှ အဖွဲ့တစ်ဖွဲ့က ရောမနိုင်ငံသားတို့အား လာရောက်ကူညီပါရန် တောင်းပန်သကဲ့ သို့ပင် အခြားတစ်ဖွဲ့က ကာသေ့ချ်မြို့သားတို့အား ဖိတ်ခေါ်ခဲ့လေသည်။ ထိုအခါ ကာသေ့ချ်မြို့သားတို့သည် မြန်မြန်ထက်ထက် စစ်ကူပို့ကာ မက်ဆီနာကို သိမ်း၍ မက်ဆီနာရေလက်ကြားကို အုပ်စီးလိုက်တော့သည်။ ရောမနိုင်ငံသားတို့မှာ အီတလီမြေကိုခွာ၍ ယခင်ကစစ်မပြုဖူးသောကြောင့် များစွာအချိန်ယူ၍ စဉ်းစားကြသော်လည်း ကာသေ့ချ်မြို့သားတို့ (၂၆၄ ဘီစီက) အောင်

mgyoe.com

mgyoe.com

မြင်ပုံကို တွေ့ရသောအခါတွင် စီစီလီသို့ မဆိုင်းမတွပင် စစ်တပ်များ ပို့လိုက်၏။ ကာသေ့ချ်မြို့သားတို့နှင့်အတိအလင်း ရန်ဖက်ခြင်းကား ထိုအခါမှပင် စပါတော့သည်။ ဆာရာကွတ်စ်မြို့သားတို့နှင့် မဟာမိတ်ပြုလျက် ရောမနိုင်ငံသားတို့သည် စီစီလီသို့ တက်ခဲ့၏။ သို့သော် ထိုကျွန်း အနောက်ဘက်သို့ ပေါက်အောင် မထိုးဖောက်နိုင်ကြချေ။ အဘယ်ကြောင့်ဆိုသော် ရောမတွင် အားကိုးလောက်သည့် ရေတပ်မရှိသောကြောင့်ဖြစ်၏။ ထို့ကြောင့် ရောမနိုင်ငံသားတို့သည် ရေတပ်တစ်ခုဖွဲ့စည်းရန် စိုင်းပြင်းကြလေသည်။ စစ်ဖြစ်သည်မှစ၍ ငါးနှစ်ကြာသောအခါတွင် ရောမရေတပ်အသင့်ဖြစ်၍ လာပါတော့သည်။ ခတ်တက်ငါးတန်းဆွဲတိုက်သင်္ဘောကြီးတစ်ရာနှင့် အခြားသင်္ဘော ငယ်နှစ်ဆယ်ပါသည့် ရောမရေတပ်သည် ပထမဆုံးအကြိမ် စစ်ထွက်ခဲ့ရသည်။

## ရောမ အောင်ပွဲနှင့် အရှုံး

ရေကြောင်း စစ်ပွဲအတွေ့အကြုံဟူ၍ မရှိဖူးသေးသော်လည်း နှစ်ကြိမ်နှစ်ခါအနိုင်ရသဖြင့် ရောမတို့အရေးသာလျက် စစ်ပွဲမကြာမီပင် ပြီးစီးတော့မည်ဟု ထင်မှတ်ကြရလေသည်။ သို့သော် စီစီလီကျွန်းပေါ်တွင် ရောမကုန်သည်များ မှန်းထားသလောက် မအောင်မြင်နိုင်သေးသဖြင့် ရေတပ်အကူအညီနှင့် အာဖရိကကမ်းခြေသို့ တက်ခဲ့၍ ကာသေ့ချ်ကို တိုက်ရိုက်ရန်ပြုရန် ဆုံးဖြတ်လိုက်၏။ ယင်းဆုံးဖြတ်ချက်ကြောင့် စီစီလီမှ ရောမတပ်များစွာကိုပြန်၍ ခေါ်ယူရာ ကျန်ရစ်ခဲ့သော တပ်များ မရှုမလှရှုံးနိမ့်ပြိုပျက်ရလေသည်။ ပင်လယ်တွင်း၌လည်း မုန်တိုင်းကြောင့် ရောမရေတပ်ပျက်စီးရလျက် အကြွင်းအကျန်များကို ကာသေ့ချ်ရေတပ်က ဖျက်ဆီးပစ်ခြင်းကို ခံရပြန်၏။ ထို့ကြောင့် ရောမနိုင်ငံသားတို့၏အောင်ပွဲမှာ အကြာအရှည်မခံတော့ချေ။

mgyoe.com

mgyoe.com


## ရောမနိုင်ငံသားတို့၏နောက်ဆုံး ရေတပ်အောင်ပွဲ (၂၄၁ ဘီစီ)

စစ်ပွဲကို တစ်နှစ်ပြီးတစ်နှစ် ဆက်လက်တိုက်ခိုက်ခဲ့ရာ ကာသေ့ချ် ရေကြောင်းဗိုလ် ဟမိလကာဘာကာသည် အီတလီကမ်းတစ်လျှောက်တွင် မကြာခဏ အနှောင့်အယှက်ပေးလာ၏။ ရောမငွေတိုက်တွင်လည်း ငွေတော် မရှိသည့်တိုင်အောင် အင်အား ကုန်ခန်းခဲ့ချေပြီ။ သို့သော် ပြည်သူအမျာ:၏ ဝိုင်းဝန်းထောက်ပံ့ခြင်းဖြင့် ၂၄၂ ဘီစီတွင် ခက်တတ်ငါးတန်း ဆွဲတိုက် သင်္ဘောကြီးနှစ်ရာပါသည့် ရေတပ်သစ်ကို ထူထောင်ကြပြန်သည်။ ထို ရေတပ်သည် ၂၄၁ ဘီစီတွင် ကာသေ့ချ်ရေတပ်ကိုအောင်မြင်သဖြင့် စီစီလီသို့ ကာသေ့ချ်မှ နောက်ထပ်စစ်ကူမပို့နိုင်တော့ချေ။

## စစ်ပြေငြိမ်းခြင်း ၂၄၁ ဘီစီ

ထို့ကြောင့် ရောမနိုင်ငံသားတို့၏ သဘောကျအတိုင်း ကာသေ့ချ်မြို့သား တို့သည် စစ်ပြေငြိမ်းရေးစာချုပ်ကို လက်ခံကြရသည်။ ထိုစစ်ပြေငြိမ်းချက် အရ ကာသေ့ချ်သည် စီစီလီကျွန်းကြီးနှင့်တကွ ကျွန်းငယ်အရံအားလုံးကို ရောမသို့ အပ်လိုက်ရ၏။ ထို့ပြင် ဆယ်နှစ်အတွင်း စစ်လျော်ကြေး တလင့် ဒင်္ဂါးသုံးထောင်နှစ်ရာ (ဒေါ်လာသုံးသန်းခွဲ) ကို ပေးဆပ်မည်ဟူ၍လည်း ကတိပြုကြရသည်။ ဤသို့လျှင် နှစ်ဆယ့်သုံးနှစ်တိုက်ရသော ရောမကာသေ့ချ် ပထမစစ်သည် ၂၄၁ ဘီစီတွင် ရောမအနိုင်ဖြင့် ပြီးဆုံးခဲ့ရလေသည်။

## စစ်ပွဲ၏ အခြားအကျိုးအပြစ်များ

ရန်ပွဲပြီးဆုံးသွားသောအခါတွင် နှစ်ဦးနှစ်ဖက်စလုံး အင်အားကုန်ခန်းခဲ့ ပြီးဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးကို အစွမ်းကုန်ကြိုးစားကြရသည်။ သို့သော် ဤစစ်ပွဲကြောင့် နှစ်ဖက်စလုံးတွင် စစ်ပညာသစ်များတိုး၍ ရောမ သည် ရေတပ်အင်အားကောင်းသော နိုင်ငံတစ်နိုင်ငံအဆင့်သို့ တိုးတက်ခဲ့ရ သည်မှာ အမြတ်ပင်ဖြစ်သည်ဟု ယူဆရပေမည်။ ပထမဆုံးအကြိမ် အားဖြင့် အီတလီ၏အပြင်၌ ရောမပိုင်နက်ရှိ၍လာခြင်းကား ရှေ့အဖို့၌ ရောမလက်နက် နိုင်ငံတော်ကြီး ဖြစ်လာရေး၏ရှေ့တော်ပြေးပင် ဖြစ်တော့သည်။ ရှည်လျား များပြားသော စစ်ပွဲများတွင် ပါဝင်ဆင်နွှဲရတော့မည့် လမ်းစလည်း ဖြစ်ပေ၏။

mgyoe.com

mgyoe.com


## ခ။ ဟန်နီဘာစစ် (ဒုတိယပြူနစ်စစ်) နှင့် ကာသေ့ချ်ပျက်စီးခြင်း

### ကော်စီကား၊ ဆာဒီနီးယားနှင့် ပိုမြစ်ဝှမ်းများကို သိမ်းယူခြင်း

ရောမနှင့် ကာသေ့ချ်တို့ ဒုတိယအကြိမ် စစ်ထိုးကြရန် ပြင်ဆင်ကြပြန်သည်။ ရန်သူနှစ်ဦးအနက် တစ်ဦးလုံးဝ ပျက်စီးပါမှ ဤရန်ပွဲ ပြီးငြိမ်းနိုင်တော့မည်။ ဆာဒီနီးယားတွင် တပ်စွဲထားသော ကာသေ့ချ် ကြေးစားစစ်တပ်တစ်တပ် ပုန်ကန်သောအခါတွင် ရောမနိုင်ငံသားတို့က အခွင့်ကောင်းယူ၍ ဆာဒီနီးယားနှင့် ကော်စီကား နှစ်ကျွန်းစလုံးကို တက်ရောက်တိုက်ခိုက်၍ သိမ်းပိုက်လိုက်တော့သည်။ ထိုအဖြစ်အပျက်သည် ပထမစစ်ပြီးဆုံးသည့်နောက် သုံးနှစ်အကြာတွင် ဖြစ်ပေါ်ခဲ့၏။ ဤနှစ်များအတွင်းမှာပင် ပိုမြစ်ဝှမ်းမှ ဂေါလ် လူရိုင်းများသည် ရောမ ၃ယ်ပယ်များကို အကြီးအကျယ် ထိပါး၍ လာကြရာ ရောမတို့က ပြန်လည်တွန်းလှန်ရသည့်အပြင် အဲလ်ပ်တောင်ခြေသို့ ရောက်အောင်ပင် တိုးချဲ့သိမ်းယူထားရလေ၏။

### စပိန်တွင် ကာသေ့ချ်မြို့သားတို့ အောင်မြင်ပုံ ဟန်နီဘာထခြင်း

ရောမနိုင်ငံသားတို့နည်းတူ ကာသေ့ချ်မြို့သားတို့ကလည်း အင်အားစု၍ ယခင်အရှုံးများကို ထေမိရန်ကြံဆကြရာ စပိန်ကျွန်းဆွယ်တစ်ခုလုံးကို သိမ်းယူရန် စဉ်းစားမိကြလေသည်။ စပိန်တွင် ရှိနေသူများမှာ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုအဆင့်တွင်ပင် ရှိသေးသဖြင့် အလွယ်တကူနှိမ်နင်းနိုင်မည့်ပြင် ကောင်းစွာပြုပြင် သွန်သင်နိုင်ပါလျှင် စစ်သားကောင်းများဖြစ်၍ လာနိုင်စရာအကြောင်း ရှိ၏။ ကာသေ့ချ်မြို့သား ဗိုလ်ချုပ်တစ်ဦးဖြစ်သော ဟမီလ်ကာသည် စပိန်၏ ငွေတွင်းများကို တူးဖော်ယူငင်လျက် ထိုငွေနှင့် တိုင်းရင်းသားများကို စုစည်း၍ စစ်တပ်ဖွဲ့ရလျှင် ရောမကိုတိုက်ခိုက်နိုင်မည့် စစ်တပ်ကြီးတစ်ခုကို အလွယ်ဖြင့်ပင် ထူထောင်နိုင်မည်ဟု ယုံကြည်သည်။ ထိုယုံကြည်ချက်အတိုင်း ကြိုးစားဆောင်ရွက်ရာ လုပ်ငန်းမပြီးဆုံးမီ သေသဖြင့် သားဖြစ်သူ ဟန်နီဘာက ဖခင်၏အလုပ်ကို ဆက်လက်ဆောင်ရွက်လေ

mgyoe.com

mgyoe.com

သည်။ အီတလီသို့ဝင်၍ ရောမနိုင်ငံသားတို့အား ချောက်ချားစေမည့် ဟန်နီဘာသည် ထိုအခါက အသက်နှစ်ဆယ့်လေးနှစ်မျှသာ ရှိသေး၏။

## ရောမကို ရန်စရန် လမ်းစ၊ ဟန်နီဘာစစ် (၂၁၈–၂၀၂ ဘီစီ)

ရောမသည် ဂေါလ်များ၏ ရန်ကို ဖြိုခွင်းရသော တာဝန်ဖြင့် အလုပ်များလျက်ရှိသောကြောင့် ကာသေ့ချ်မြို့သားတို့ စပိန်တွင် နယ်ချဲ့လျက်ရှိသည်ကို မည်သို့မျှ စွက်ဖက်ဟန့်တားနိုင်ခြင်း မရှိခဲ့ချေ။ ကာသေ့ချ်မြို့သားတို့လည်း စပိန်၏မြောက်ဘက်အကြီးဆုံး အီဗရိုမြစ်ကို လွန်၍မလာပါဟူသော ကတိကိုသာ ရောမနိုင်ငံသားတို့ ယုံကြည်၍ နေကြရသည်။ သို့သော် ဟန်နီဘာကဲ့သို့သော လူရည်ချွန်တစ်ဦးအတွက် ထိုကတိမျိုးကို လွန်မြောက်အောင် လမ်းစရှာရန်မခက်ချေ။ ယင်းကတိကိုပင် ရောမကိုရန်စရန် အချက်တစ်ခုအဖြစ်ဖြင့် သုံးခဲ့လေသည်။ အမှန်အားဖြင့်လည်း ရှေ့တွင်တွေ့ရမည့် ဒုတိယပြူနစ်စနစ်မှာ ရောမတစ်နိုင်ငံလုံးနှင့် ဟန်နီဘာအမည်ရှိသော ပုဂ္ဂိုလ်တစ်ဦးတို့၏ ရန်ပွဲမျှသာ ဖြစ်သဖြင့် ထိုစစ်ပွဲများကို အများအားဖြင့် ဟန်နီဘာစစ်ဟု ခေါ်စမှတ်ပြုကြသည်။

## အီတလီကို မြောက်အရပ်မှ ဝင်ရောက်တိုက်ခိုက်ခြင်း၏ အကြောင်းရင်း

ရောမဆီးနိပ်သည် ဟန်နီဘာ၏ အပြုအမူများကို ရပ်စဲရန် ကာသေ့ချ်၏ ခေါင်းဆောင်များကို တောင်းဆိုဆဲမှာပင် စစ်ပညာကောင်းစွာ တတ်မြောက်ပြီးသော တပ်သားလေးသောင်းနှင့် စပိန်အရှေ့ကမ်းကို မြှောင်၍ အီတလီဘက်သို့ ဟန်နီဘာချီတက်ခဲ့လေသည်။ ဤသို့ လမ်းရှည်မှ ခြေလျင်ချီတက်ခြင်း၏ အကြောင်းများမှာ ဟန်နီဘာသည် ကာသေ့ချ်ရေတပ်ပျက်လျက်ရှိသောကြောင့် အားမကိုးသာသည့်ပြင် မြင်းတပ်တွင်ရှိသော မြင်းခြောက်ထောင်ကို ပင်လယ်မှသင်္ဘောဖြင့်သယ်ယူရန် ခက်ခဲလှသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အီတလီကို မြောက်ဘက်မှတိုးဝင်ခဲ့လျှင် ထိုဒေသများတွင်ရှိသည့်ရောမကို လက်စားချေလိုသောဂေါလ်များကလည်း မိမိဘက်မှ ကူညီကြလိမ့်မည်ဟူ၍ မျှော်လင့်၏။ ထိုဂေါလ်များကို သူ၏စစ်တပ်တွင်

mgyoe.com

mgyoe.com

ပါဝင်ခွင့်ပြုရန်လည်း ဟန်နီဘာသည် စဉ်းစားဆုံးဖြတ်ပြီးဖြစ်သည်။ ရောမ၏မဟာမိတ်နယ်အချို့သည် ရောမကို မကျေမနပ်ဖြစ်လျက်ရှိသည်ဟု သိရသောကြောင့် ရောမကိုခြားနားကြရန်သွေးဆောင်၍ ရလိမ့်မည်ဟူ၍လည်း ယုံကြည်၏။ ထို့ကြောင့် ရောမဆီးနိပ်သည် စပိန်နှင့်အာဖရိကကို သွားရောက်တိုက်ခိုက်ရန် ပြင်ဆင်ဆဲတွင် ရန်သူသည် အီတလီမြေပေါ်သို့ မြောက်အရပ်မှ တိုးဝင်လာခဲ့လေသည်။ ရုံမြစ်သို့ရောက်သောအခါ ဟန်နီဘာသည် စပိန်သို့ သွားရောက်တိုက်ခိုက်ရန် ချီတက်လာသော ရောမစစ်တပ်ကို ကျင်လည်စွာ ကွေ့ရှောင်ခဲ့လေသည်။ ဆင်တပ်၊ မြင်းတပ်များပါသဖြင့် ကျယ်ပြန့်နက်ရှိုင်း၍ ရေစီးသန်သော ရုံမြစ်ကိုဖြတ်ကူးရာ၌ များစွာကြန့်ကြာခဲ့ရ၏။ အဲလ်ပ်တောင်များကို ၂၁၈ ဘီစီ၏ ဆောင်းဦးသာသာတွင်ကျော်၍ ချီတက်ခဲ့ရာ လမ်းကြမ်းခြင်း၊ ရာသီ ဥတုအေးခြင်း၊ လူရိုင်းတို့နှောင့်ယှက်ခြင်း၊ အစာရေစာ ခေါင်းပါးခြင်းများကြောင့် ဟန်နီဘာ၏ရဲမက်များစွာ ပင်ပန်းနွမ်းနယ်ရသည်။ သို့သော် ဟန်နီဘာ၏ အကွပ်အကဲကောင်းလှသောကြောင့် တပ်မပြိုပျက်ဘဲ ပိုမြစ်ဝှမ်းသို့ရောက်လာခဲ့ကြသော်လည်း မိမိတပ်သားလေးသောင်းအနက် သုံးသောင်းလေးထောင်မျှသာ ကျန်တော့ကြောင်းတွေ့ရလေသည်။

## ရောမအင်အားနှင့်စာလျှင် ဟန်နီဘာတွင် လူသူနည်းလှခြင်း

ဤမျှသေးငယ်သော စစ်သားအရေအတွက်ဖြင့် ထိုခေတ်အခါက စစ်အင်အားအကြီးဆုံးဖြစ်သည့်ရောမကို ရန်ပြုရန် ဟန်နီဘာသည် အီတလီသို့ ဝင်ရောက်ခဲ့လေပြီ။ ရောမတွင် ကာကွယ်ရေးအတွက် လက်နက်ကိုင်စစ်သားစုစုပေါင်း ခုနှစ်သိန်းကျော်ရှိ၏။ နောက်ထပ်လည်း စစ်သားစု၍ ရနိုင်သေးသည်။ ဟန်နီဘာကား ကာသေ့ချ်မှ သင်္ဘောဖြင့် မပို့နိုင်သဖြင့် နောက်ထပ်စစ်သားသစ်ရရန် မျှော်လင့်ချက်ကင်းလျက်ရှိ၏။ သို့သော် ပွဲဦးထွက်တွင် အောင်ပွဲရပါက ဂေါလ်တို့ စိတ်ကြွလာကာ မိမိနှင့်ပူးပေါင်းလိမ့်မည်ဟု မျှော်လင့်ချက်ထားခဲ့လေသည်။

mgyoe.com

mgyoe.com

## စစ်မှုတွင် ဟန်နီဘာကို ရောမကောင်ဆယ်များမမီနိုင်

ဟန်နီဘာသည် ဂရိများနှင့်ရင်းနှီးသောကြောင့် အလွန်အဆင့်အတန်းမြင့်လျက်ရှိသော ဂရိစစ်ပညာကို လေ့ကျက်မိခဲ့၏။ အယ်လီဇန်ဒါ၏ စစ်ဆင်စစ်တိုက်ပုံကို ဟန်နီဘာသည် အတုယူဟန်ရှိသည်။ တစ်ဖက်၌ကား ဖော်ပြခဲ့သည့်အတိုင်း ရောမတပ်များကို ကောင်ဆယ်များက စီမံအုပ်ချုပ်ရာ ခဏခဏ ကောင်ဆယ်ပြောင်းလဲခြင်း၊ ကောင်ဆယ်တို့ စစ်မှုရေးရာကို နားမလည်ခြင်းများကြောင့် ရောမတပ်ကြီးမှာ အရေအတွက်များသလောက် အားမကိုးလောက်ချေ။ စစ်ပညာတွင် ဟန်နီဘာကိုမီသူ ရောမဘက်၌မရှိကြောင်း ထင်ရှားလှသည်။

## ဟန်နီဘာ၏ ပထမအောင်ပွဲသုံးရပ်

ရောမမြင်းတပ်ညံ့သည်ကို သိနှင့်သဖြင့် ဟန်နီဘာသည် မိမိ၏မြင်းတပ်ကို ကျင်လည်စွာသုံးခြင်းဖြင့် ပိုမြစ်ဝှမ်းတွင် စစ်နှစ်ပွဲကို ကောင်းစွာအောင်နိုင်ခဲ့လေသည်။ ဂေါလ်များ ဟန်နီဘာတပ်သို့စုပြုံ၍ ဝင်လာကြသော်လည်း ယင်းတို့သည် စစ်စည်းကမ်းကိုနားလည်သူများ မဟုတ်သောကြောင့် အသုံးမဝင်လှချေ။ အက်ပင်နိုင်တောင်ခြေရှိ ရောမခံတပ်ကြောင်း၏အပြင်တွင်ပင် ရှိသေးသဖြင့် အချိန်ကုန်မခံဘဲ တစ်ရှိန်ထိုးခံတပ်ကြောင်းကိုဖောက်၍ဝင်ရန် ဟန်နီဘာသည် စီမံရပြန်သည်။ အခက်အခဲမြောက်မြားစွာကို အထပ်ထပ်ကျော်နင်းလျက် ဟန်နီဘာသည် ၂၁၇ ဘီစီ နွေဦးပေါက်စတွင် အက်ပင်နိုင်တောင်ခြေခံတပ်များကို ဖြတ်ကျော်၍လာခဲ့နိုင်၏။ ဟန်နီဘာသည် အာနပ်စ်မြစ်ကိုကူး၍ ပြီးသည့်တိုင်အောင် ရောမကောင်ဆယ်ဖလမ်မီနီယပ်စ်သည် ရန်သူ ဤမျှမြန်စွာပေါ်လာလိမ့်ဦးမည်ဟု မဆင်ခြင်မိချေ။ ထို့ကြောင့် ရောမတပ်သည် တရာဆီမေနေရေအိုင်သို့အရောက်တွင် ဟန်နီဘာ၏တပ်များက ရုတ်တရက် ချောင်းမြောင်းတိုက်ခိုက်သဖြင့် ဗိုလ်ချုပ်ဖြစ်သော ကောင်ဆယ်နှင့်တကွ တပ်သား အမြောက်အမြားသေ၍ ရောမတပ်ကြီးပျက်ရသည်။ ရက်အနည်းငယ် ဆက်လက်ချီတက်ပါလျှင် ရောမမြို့ကြီးသို့ ရောက်ပေတော့မည်။ သို့သော် ဟန်နီဘာတွင် မြို့ရိုးကိုကျော်တက်တိုက်ခိုက်ရန် မြို့သိမ်းစက်ယန္တရားများမပါသဖြင့် လည်းကောင်း၊ အလွန်ခိုင်ခံ့သော ခံတပ်

mgyoe.com

mgyoe.com
မြို့ကိုတိုက်ရန် လူနည်းလှသဖြင့်လည်းကောင်း၊ သူကျွမ်းကျင်သည့် မြင်းတပ်မှာလည်း မြို့ကို ဝိုင်းဝန်းတိုက်ခိုက်ရာတွင် အသုံးမဝင်သဖြင့်လည်းကောင်း ဟန်နီဘာသည် ရောမမြို့ကို ချက်ချင်းမလုပ်ကြံနိုင်ဘဲရှိရသည်။ ထို့ကြောင့် အပြင်ပတ်ဝန်းကျင်တွင်ပင် နောက်ထပ်အောင်ပွဲများယူလျက် ရောမ၏မဟာမိတ်နယ်ပယ်များ မိမိဘက်သို့ကူးဝင်လာအောင် သွေးဆောင်ရန်သာ ရှိတော့၏ ။

## တစ်နှစ်အချိန်ယူ၍ ပြင်ဆင်ခြင်း (၂၁၇–၂၁၆ ဘီစီ)

ထို့ကြောင့် ဟန်နီဘာသည် အီတလီ၏ အရှေ့ဘက်ကမ်းခြေသို့ ချီတက်သွားကာ မြင်းတပ်အတွက် လူထပ်၍စုပြန်၏။ စားနပ်ရိက္ခာ အလုံအလောက်သိုလှောင်လျက် ဂေါလ်တပ်သားသစ်များကို စစ်လေ့ကျင့်ခန်းပေးရလေသည်။ ဤမျှအရေးကြီးသောအခါမျိုးတွင် ခန့်ထားမြဲဖြစ်သည့်အတိုင်း ရောမတွင် သက်ကြီးတစ်ဦးဖြစ်သူဖေဘီယပ်စ်ကို အာဏာရှင်ခန့်ထားကြသည်။ ဖေဘီယပ်စ်၏ဝါဒမှာ ဟန်နီဘာကို ရင်ဆိုင်စစ်မပေးဘဲ အားကုန်ခန်းအောင် အချိန်ဆွဲ၍ ညှဉ်းရန်ပင်ဖြစ်သည်။ ထိုဝါဒကို လူထုက မနှစ်သက်သဖြင့် ၂၁၆ ဘီစီတွင် တင်မြှောက်သောကောင်ဆယ်ကို နောက်ထပ်လေးဖင့်ခြင်းမရှိဘဲ ဟန်နီဘာကို ထွက်၍တိုက်ပါဟု တိုက်တွန်းကြလေသည်။ ထို့ကြောင့် စစ်သားခုနစ်သောင်းမျှရှိသော တပ်တစ်ခုကို အသစ်စုစည်းကြလျက် အီတလီ၏တောင်ဘက်သို့ ရောက်နေသော ဟန်နီဘာကို တိုက်ခိုက်ရန် ချီတက်စေလေသည်။ သို့သော် စစ်ပရိယာယ်ကောင်းလှသော ဟန်နီဘာသည် ကန်နေးသို့ချီတက်ကာ ရောမတပ်အတွက် ပို့ရန်ထားသော စားနပ်ရိက္ခာများကို သိမ်းယူလိုက်၏။ ရောမတပ်သည် ရိက္ခာလိုသဖြင့် နောက်ကြောင်းပြန်လိုက ပြန်နိုင်သည်။ သို့မဟုတ် ဖွတ်တိုး၍ ရန်ဖက်ပြိုင်ရန်သာ ရှိပါတော့သည်။

## ကန်နေးစစ်ပွဲ အစီအစဉ်

လက်နက်ကြီးစွဲကိုင်သည့် ခြေလျင်စစ်သား ငါးသောင်းငါးထောင်ရှိသဖြင့် ဟန်နီဘာ၏ သုံးသောင်းနှစ်ထောင်မျှသော ခြေလျင်တပ်ကို နိုင်
mgyoe.com

mgyoe.com

ကောင်း၏ဟု မျှော်လင့်ကြသည်။ သို့သော် မြင်းတပ်တွင် ရောမတို့၌ မြင်းခြောက်ထောင်ရှိ၍ ဟန်နီဘာတွင် တစ်သောင်းရှိကာ လက်နက်ကိုင်သည့် ခြေလျင်တပ်သားအရေအတွက် အတူတူလောက်ပင်ရှိကြသည်။ ရောမဗိုလ်ချုပ် ကောင်ဆယ်ဗာရိုသည် အရောင်းအဝယ်တွင်သာ လူရည်ချွန်ဖြစ်၏။ ရောမတပ်၌ လက်နက်ကြီးကိုင်ခြေလျင်တပ်သားများကို အလယ်ဗဟိုတွင် မျက်နှာစာကျဉ်းကျဉ်းနှင့် ထုထူထူထပ်၍ထား၏။ ယင်းသို့ မထားမူ၍ ဗဟိုစစ်ခြေကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ထားပါလျှင် ရောမ၏လူအင်အားကို ဟန်နီဘာ၏တပ်သည် ငုံ၍ဝိုင်းနိုင်မည်မဟုတ်ခြင်းကြောင့် ရောမတို့ မရှုံးနိုင်ရာ။ တပ်မကြီးနှစ်ခုစလုံးပင် မိမိတို့၏မြင်းတပ်များကို ဘယ်တောင်ပံ ညာတောင်ပံတွင် ထားကြ၏။ သို့သော် ဟန်နီဘာသည် ရောမဗဟိုတပ်မကြီးထုကြီးမားသလောက် မိမိ၏ဗဟိုတပ်ကို ထူ၍မထားချေ။ တပ်သားတစ်သောင်းနှစ်ထောင်ကို နုတ်၍ခြောက် ထောင်တပ် နှစ်တပ်ပြုကာ မြင်းတပ်နောက်မှ လုံး၍လိုက်စေသည်။

## ကန်နေးစစ်ပွဲတွင် ရောမတပ်ပျက်ခြင်း (၂၁၆ ဘီစီ)

ဟန်နီဘာ၏ အင်အားကြီးမားသော မြင်းတပ်သည် ရောမစစ်တပ်ကြီး၏ဘယ်တောင်ပံ ညာတောင်ပံဖြစ်သော ရောမမြင်းတပ်ကိုပြေးစေပြီးမှ ရောမတပ်၏ ဗဟိုတပ်ရင်းကို နောက်မှလှည့်၍ဝိုင်းလိုက်သည်။ ထို့ပြင် တစ်ဖက်ခြောက်ထောင်စီ အရံထားသောတပ်နှစ်ခုသည် လက်ဝဲလက်ယာမှ ရောမတပ်ရင်းကိုပိတ်ကာ လိုက်သောအခါတွင် ရောမစစ်သားငါးသောင်း ငါးထောင်တို့သည် လုံးဝပြေးပေါက်မရသော ထောင်ချောက်အတွင်းသို့ ဝင်မိသည့်နှယ် အဖမ်းခံကြရတော့သည်။ ရောမတပ်သားများကို တစ်နေ့တာမျှအချိန်ယူ၍ ဟန်နီဘာ၏တပ်သားများက ထိုးခုတ်သတ်ဖြတ်ကြရာ နေဝင်ချိန်တွင် ရောမတပ်ကြီးတစ်ခုလုံး ပြုန်းရလေသည်။ ဤစစ်ပွဲတွင် ကောင်ဆယ်ဟောင်းများ၊ ဆီးနိပ်အဖွဲ့ဝင်များ၊ သူကောင်းများနှင့် ရောမ၏ အတော်ဆုံးနိုင်ငံသားများစွာပင် ကျဆုံးခဲ့ရရှာသည်။ ရောမနိုင်ငံသား သူရဲကောင်းတိုင်းရွှေလက်စွပ်ကို မိမိတို့၏အဆင့်အတန်းဖော်ပြသော အထိမ်းအမှတ်အဖြစ်ဖြင့် ဝတ်လေ့ရှိကြရာ ဤစစ်ပွဲတွင် ကျဆုံးသူများလက်မှ ချွတ်ယူ၍ ကာသေ့ချ်သို့

mgyoe.com

mgyoe.com

ဟန်နီဘာသည် ရွှေလက်စွပ် တစ်ဖလားပြည့်မျှ ပို့ခဲ့ရသည်ဟု ပြောစမှတ်ပြု ကြသည်။

## ရောမ၏မဟာမိတ်များ ပုန်စားပုန်ကန်ပြုခြင်း မက်ဆီဒိုးနီးယားမှ ကူပါမည် ကတိပေးခြင်း

ဤသို့လျှင် အသက်သုံးဆယ်မျှ မပြည့်သေးသော ဆိမိုက်အနွယ်ဝင်တို့ ၏အတော်ဆုံးစစ်ဗိုလ်ဟန်နီဘာသည် အီတလီမြေကိုနင်းမိသည့် နှစ်နှစ်တာ မျှအတွင်းဝယ် ကြီးမားလှသောရန်ဘက်ကို စစ်လေးပွဲအနိုင်ရလျက် ရန်သူ တပ်မကြီးသုံးတပ်ကို ချေမှုန်းနိုင်ခဲ့လေသည်။ ရောမ၏မဟာမိတ်နယ်ပယ် များလည်း ယင်းကိုအားကိုးလျက် သူပုန်ထကြတော့သည်။ တောင်ပိုင်း အီတလီမှ ဂရိမြို့များနှင့် စီစီလီ၏ဆာရာကွတ်မြို့တို့သည် ရောမကိုစွန့်၍ ဟန်နီဘာကို ကူကြသည်။ လက်တင်နယ်သစ်အချို့သာလျှင် ရောမ၏သစ္စာ ကိုမဖျက်ဘဲ ကြံ့ကြံ့ခံကြ၏။ ရောမနိုင်ငံသားများအတွက် ပို၍အကြပ်တွေ့ စေမည့်အချက်တစ်ရပ်မှာ ဟန်နီဘာ၏စကားကမ်းလှမ်းချက်ကြောင့် မက်ဆီ ဒိုးနီးယားဘုရင်သည် ဟန်နီဘာသို့ စစ်ကူပို့ရန် သဘောတူခဲ့သည်။

## ဟန်နီဘာ၏ ခေါင်းဆောင်မှုကျွမ်းကျင်ခြင်းနှင့် ယင်း၏အခက်အခဲများ

ဤကိစ္စအားလုံးကို စီမံရာ၌ ဟန်နီဘာကို စစ်ဗိုလ်အဖြစ်နှင့်လည်း ကောင်း၊ နိုင်ငံရေးခေါင်းဆောင် အဖြစ်ဖြင့်လည်းကောင်း ချီးမွမ်းအံ့သြစရာ ပင်ဖြစ်ပေ၏။ တစ်ချိန်တည်းမှာပင် စစ်ခင်း၍တိုက်ခြင်း၊ တပ်သားသစ်များ ကို စစ်ပညာလေ့ကျင့်ပေးခြင်း၊ ရိက္ခာသစ်များစုဆောင်းခြင်း၊ မြင်းသစ်များ ရှာရခြင်း၊ ကြေးစားတပ်သားများအတွက် ငွေရပေါက်ထွင်ရခြင်းတို့ကို ကျင် လည်အောင်မြင်စွာ လုပ်နိုင်စွမ်းရှိခဲ့သည်။ ဤကိစ္စအားလုံးကို ဆောင်ရွက် ရာတွင် ဟန်နီဘာသည် မနေမနားကြိုးစားလျက် စေ့စပ်သေချာစွာ ကွပ်ကဲ လေ့ရှိသည်။ တပ်များကို အမှတ်မထင်လှည့်လည် ကြည့်ရှု၍ ရောက်ရာ အရပ်၌ပင် တပ်သားများနှင့်အတူ မြေတွင်အိပ်နေလေ့ရှိသည်ကိုလည်း မကြာ ခဏ တွေ့ကြရပေသည်။ ယင်း၏စိတ်ဝယ် တကယ်ပင် ကာသေ့ချ်အကျိုးကို

mgyoe.com

mgyoe.com
ဆောင်ရွက်လိုစိတ်ရှိ၍ မိမိ၏ကြိုးစားချက်ဖြင့် ရောမ၏ရန်သူများကို စုပေါင်းမိကာ ရောမကို ဖျက်ဆီးနိုင်လိမ့်မည်ဟု စွဲမြဲစွာယုံကြည်၍ ထားသူလည်း ဖြစ်၏။

## မက်ဆီဒိုးနီးယားက မကူညီရလေအောင် ရောမဆီးနိပ်ကပရိယာယ်ဖြင့် ကာကွယ်ခြင်း၊ သစ္စာဖောက်မဟာမိတ်များကို ပြန်လည်သိမ်းသွင်းခြင်း

သို့သော် ဟန်နီဘာသည် တစ်ဦးတည်းထူးခြားစွာ အစွမ်းထက်သူဖြစ်ရကား ကိုယ်ခွဲမရရှာချေ။ ရောမနိုင်ငံသားတို့တွင်ကား များစွာသော အရည်အချင်းထက်သည့် ဆီးနိပ်အဖွဲ့ဝင်များရှိလျက် ဆုံးဖြတ်ချက်၏ထက်သန်ခြင်း၊ အမြော်အမြင်ကြီးခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် လူအင်အားတောင့်တင်းခြင်းတို့ကြောင့် တစ်ပန်းသာပြန်လေသည်။ ဤ ရန်ပွဲများ၏အဆုံး၌ အနိုင်ရသူသည် မြေထဲပင်လယ်တစ်ခုလုံးကို မင်းမူနိုင်လိမ့်မည်ဟူ၍ အယ်လီဇန်ဒါ၏အမွေခံမင်းအဆူဆူတို့ သဘောမပေါက်ကြချေ။ ထို့ကြောင့်လည်း ယင်းတို့စုပေါင်း၍ ဟန်နီဘာကို အကြွင်းမဲ့ကူညီခြင်းမပြု၊ အကယ်၍ ပူးပေါင်းမိကြပါမူကား ရောမအပြီးတိုင် ပျက်သုဉ်းပေမည်။ သို့သော် ရောမဆီးနိပ်၏ နိုင်ငံရေးပရိယာယ်ကျွမ်းကျင်မှုကြောင့် ဂရိနိုင်ငံငယ်တို့သည် ရောမနှင့်ပူးပေါင်းကာ မက်ဆီဒိုးနီးယားကိုပုန်ကန်သဖြင့် မူလကတိအတိုင်း မက်ဆီဒိုးနီးယားသည် ဟန်နီဘာကို မကူညီနိုင်တော့ချေ။ ရောမဆီးနိပ်၏ပရိယာယ်ကောင်းမှုကြောင့်လည်း အီတလီအလယ်ပိုင်းမှ ပြည်နယ်များသည် ရောမ၏အပေါ်၌ သစ္စာမပျက်နေ ထိုင်ကြသည်။ နောက်ဆုံးပိတ် လူမမည်ကလေးများနှင့်ကျွန်များကို လက်နက်ကိုင်စွဲစေ၍ တိုက်ခိုက်ခိုင်းရသည့်အခြေသို့ တိုင်သော်လည်း စည်းကမ်းရှိသော စစ်တပ်ကြီးကို ဖွဲ့စည်းနိုင်ကြသေးသည်။ ဤတပ်များဖြင့် သစ္စာဖောက်မဟာမိတ်နယ်များကို လိုက်၍ နှိမ်နင်းခဲ့၏။ အာကီမီဒက်ဇ်ကဲ့သို့သော ပညာရှင်၏ကာကွယ်ရေးနည်းပရိယာယ်များကိုသော်မှ ကျော်လွန်၍ ဆာရာကွတ်မြို့ကို ၂၁၂ ဘီစီတွင် ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

mgyoe.com

mgyoe.com

## ကပူအမြို့ကို ရောမတို့ပြန်လည်သိမ်းယူခြင်း ရောမသို့ဟန်နီဘာ ချီတက်သော်လည်း အရာမထင်

ဟန်နီဘာ၏ ကြိုးစားကာကွယ်ပေးခြင်း ခံရသော်လည်း ကပူအမြို့လည်း ရောမနိုင်ငံသားတို့၏ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံလျက်နေရပေသည်။ နောက်ဆုံး၌ ထူးခြားလို ထူးခြားငြားဟု စိတ်ထား၍ ဟန်နီဘာသည် ရောမသို့ ချီတက်ခဲ့သည်။ ရောမနိုင်ငံသားတို့သည် ကြောက်ရွံ့မည်ဝေးစွ၊ ဟန်မပျက်မြို့တွင်းမှာပင် အခိုင်အလုံပိတ်ဆို့၍ နေကြလေသည်။ တမန်လွှတ်၍လည်း စကားမဆိုချေ။ ဟန်နီဘာသည် အီတလီကျွန်းဆွယ်ကြီး တစ်ခုလုံးကို သိမ့်သိမ့်တုန်မျှ ချောက်ချားစေနိုင်ခဲ့သော်လည်း ရဲမက်နည်းခြင်း၊ မြို့သိမ်းစက်ယန္တရားများမပါခြင်းတို့ကြောင့် ရောမမှ ၂၁၁ ဘီစီတွင် ပြန်လည်ဆုတ်ခွာခဲ့ရသည်။ ရောမသားတို့သည် နောက်ကြောင်းမှလိုက်ကာ ကပူအမြို့ကို အပြီးတိုင်သိမ်းယူ၍ မြို့သားများကို ရက်စက်စွာ သတ်ဖြတ်ဆုံးမခဲ့လေသည်။

## ဟန်နီဘာ၏စစ်ကူများ ၂၀၇ ဘီစီတွင် အဖျက်ဆီးခံရခြင်း

ယခုတိုင် စိတ်ဓာတ်အင်အား မကျဆင်းသေးသော်လည်း ဟန်နီဘာသည် ရောမ၏အင်အားကို လေးစားရကောင်းမှန်း သိစပြုတော့သည်။ အီတလီတွင် ဆယ်နှစ်နေပြီးသည်၏နောက်၌ အားကိုးလောက်သည့် စစ်ကူမရပါမူ မိမိပင်လျှင် ပျက်စီးရတော့မည်ဟုထင်မြင်၍လာခဲ့၏။ စပိန်မှ ညီဖြစ်သူ ဟက်ဇဒရူးဘာသည် စစ်တပ်တစ်ခုဖွဲ့စည်း၍ ကူညီရန် အီတလီသို့ ချီတက်ခဲ့သည်။ ဆင်တီနမ် နယ်မိတောရပ်စ်မြစ်နားတွင် ၂၀၇ ဘီစီ၌ ဟက်ဇဒရူးဘာ၏တပ်နှင့် ရောမတပ်တို့ ရင်ဆိုင်မိကြ၏။ ဟက်ဇဒရူးဘာ၏တပ်ပြို၍ ဟက်ဇဒရူးဘာကိုယ်တိုင် ကျဆုံးခဲ့သည်။ အကူတပ်၏ ပျက်စီးခြင်းသည် ဟန်နီဘာ၏ပျက်စီးခြင်းပင်ဖြစ်၍ ရောမနိုင်ငံသားတို့ ဝမ်းအသာကြီး သာခဲ့ရသည်။ ဟက်ဇဒရူးဘာ၏ခေါင်းကို ဟန်နီဘာထံသို့ အရောက်ပို့လိုက်ကြသေး၏။

mgyoe.com